# မာတိကာများ

A. FEATURES . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 2

1. ပွင့်လင်းမြင်သာမှု မေးခွန်းထုတ်ခံရတဲ့၊ လစ်လပ်သွားတဲ့ ဝန်ကြီးသုံးနေရာ၊ ဘယ်သူတွေ နေရာရမလဲ။ By Maran ........................................ 3
2. ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် ဆူးငြောင့်ခလုတ်အဖြစ် ဝေဖန်ခံရသည့် ...... ထုတ်ပြန်ကြေညာချက် By Nlum ................................................7
3. လောပန်းလောင်းနယ်မြေသို့ အလည်တစ်ခေါက် By Nlum ..................10
4. ညှပ်ခွင့်ဖြီးခွင့်မရှိသည့် ဆံထုံးပိုင်ရှင် By Maran ...............................15
5. သံယောဇဉ်ကြိုးတံတား ပွဲကိုင်ရှင် (သို့) ဆယ်လီမမ ဒေါ်ရွှယ်တောင် By Lawhkum Zau ...........................................................................18
6. စည်ပင်တူး သို့မဟုတ် ဒရမ်မာတူး By Maran ................................ 23
7. နေရပ်ပြန်ရေးလှမ်းမိုးပြီး၊ ကချင်လူထုပါဝင်မှုနည်းလာတဲ့ တကျော့ပြန်စစ်ပွဲ (၈) နှစ်ပြည့်ဆုတောင်းပွဲ By Lawhkum Zau ..................................7
8. နောင်းမီ၏ ကျေးရွာဓလေ့ By Nlum ............................................30
9. ကချင်အငွေ့အသက်တွေနဲ့ပြည့်စုံတဲ့ "အင်လုံအင်နန်" ကောက်သစ်စားပွဲတော် By Maran .................................................................... 33
10. ပြည်သူများ၏ ၂၀၂၀ မျှော်လင့်ချက် ........................................39

B. INTERVIEW . . . . . . . . . . . . . . . . . . . . . . . . . 42
C. OPINOINS . . . . . . . . . . . . . . . . . . . . . . . . . . .52
D. Public Survey Report . . . . . . . . . . . . . . . . . . . . . 78

# KACHIN WAVES

## FEATURES



November.14.15.27

December 2,9.10. 16.19

"အဆင့်ဆင့် ကွပ်ကဲပြီးတော့ညွှန်ကြားတဲ့ လုပ်ရိုးလုပ်စဉ်ကို လုပ်ခြင်းဖြစ်တယ် ဆိုတာကိုပဲ အန်ကယ်လ် ဖြေပါရစေ"ဟု



# ပွင့်လင်းမြင်သာမှု မေးခွန်းထုတ်ခံရတဲ့၊ လစ်လပ်သွားတဲ့ ဝန်ကြီးသုံးနေရာ၊ ဘယ်သူတွေ နေရာရမလဲ။

(( ))

မရန်

25 January 2019

ယခုနှစ် နှစ်ဆန်းပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ် ခရီးစဉ်အပြီး ရက်တစ်ပတ်ကျော် အတွင်း ကချင်ပြည်နယ် အစိုးရ၊ ဝန်ကြီးသုံးဦး တာဝန်မှရပ်စဲခံရသည့် သတင်း ဂယက်ထခဲ့သည်။ ၎င်းဝန်ကြီးသုံးဦး တာဝန်မှရပ်စဲခံရသည့်ကိစ္စ အများပြည်သူသိရှိအောင်ရှင်းပြခြင်း မရှိသေးသည့် အတွက်၊ အကြောင်းရင်းကို သေချာ မသိသဖြင့် ဝေဖန်မှုများလည်း ရှိနေသည်။

တာဝန်မှ ရပ်စဲခံရခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ လမ်းညွှန် ခြင်းရှိ၊ မရှိကိုတော့ အသေအချာ မသိနိုင်သေးပါ။

အဆိုပါဝန်ကြီးသုံးဦးကလည်း ၎င်းတို့အား တာဝန်မှ နုတ်ထွက်ခိုင်းခဲ့သည့် အဓိက အကြောင်းရင်းများကို သိချင်နေကြသည်ဟု ဆိုကြပါသည်။ ထို့ကြောင့် ရန်ကုန်အထိသွားပြီး NLD ရုံးချုပ်အထိသွားရောက် ကာ ဖြေရှင်းသွားမည်ဟု အဆိုပါဝန်ကြီးများက ဆို သည်။

"သယံဇာတဝန်ကြီးနဲ့ဆိုလို့ရှိရင် သမ္မတရုံးက ဖုန်းဆက်တယ်ဆိုလို့ ပေးစမ်းငါ့ကို သမ္မတရုံးက ဆို ငါသမ္မတနဲ့ပြောမယ်ဆိုတော့ ဝန်ကြီးချုပ်ရဲ့ သားနဲ့ကို ဖုန်းအလုအယက် ဖြစ်ကြသေးတယ်။ ဟိုကမပေး ဘူး။ သူကလုတယ်ဆိုတော့ ဘယ်လိုမှယုံကြည်စရာ မရှိတဲ့အခြေအနေဆိုတာ အများကြီး တွေ့လာ ရတယ် ခင်ဗျား။"ဟု ရွှေကူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမြသိန်းက ဆိုသည်။ ကချင်ပြည်နယ်က အရပ်ဘက်အဖွဲ့အစည်း (၃၁)ဖွဲ့ကလည်းအဆိုပါ ဝန်ကြီး သုံးဦးအား တာဝန်မှရပ်စဲလိုက်သည့်အကြောင်းရင်းကို သိရှိလိုကြောင်းကချင်ပြည် နယ်ဝန်ကြီးချုပ်ထံ စာပို့ထားကြသည်။

ဝန်ကြီး ဦးHလအောင်သည် ၎င်း၏တာဝန်များကို ကျွမ်းကျင်ကောင်းမွန်စွာ စီမံခန့်ခွဲဆောင်ရွက်နေသူဖြစ်ပါသဖြင့် မည့်သည့်အကြောင်းအရင်းကြောင့် ဝန်ကြီးရာထူးမှ ထုတ်ပယ်ရသည်ကို ပွင့်လင်းမြင်သာမှုရှိစွာ အများပြည်သူ သိရှိအောင် ရှင်းလင်းပြောဆိုစေလိုကြောင်း ဝန်ကြီးချုပ်ထံ တင်ပြထားကြသည်။

"ပြည်သူတွေက ကျွန်တော့်ကိုပြောတယ်ဆိုရင် ကျွန်တော်လက်ခံတယ်။ ပြည်သူတွေက လက်မခံဘူးဆိုရင် ကျွန်တော်ဘာမှ ပြောစရာ မလိုဘူး။ သူတောင်ပြောစရာမလိုဘူး။ ဒီလို ဖိအားပေးစရာလည်း မလိုဘူး။" ဟု ဦးHလအောင်က ဆိုသည်။

ကချင်ပြည်နယ် ဝန်ကြီးချုပ်က သတင်းမီဒီယာများ ကို အခုလိုပြောဆိုထားပါသည်။

"အဆင့်ဆင့် ကွပ်ကဲပြီးတော့ညွှန်ကြားတဲ့ လုပ်ရိုးလုပ်စဉ်ကို လုပ်ခြင်းဖြစ်တယ် ဆိုတာကိုပဲ အန်ကယ်လ် ဖြေပါရစေ"ဟု ဖြေကြားခဲ့ပြီး ဝန်ကြီးများကို နုတ်ထွက်ခိုင်းသည့် အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း ပြန်လည်ဖြေကြားခြင်း မရှိခဲ့ပါ။

အဆိုပါဝန်ကြီးသုံးဦးကို တာဝန်မှရပ်စဲရသည့် အကြောင်းရင်းကို သိချင်နေကြသော ပြည်သူများလည်း ရှိနေသည်။

"ဝန်ကြီး(၃)ဦးကို ထုတ်ပယ်လိုက်တာနဲ့ ပတ်သက်ပြီး ပါတီတွင်းရှုပ်ထွေးမှု ပြဿနာအချို့ကြောင့်ဖြစ်ပါလိမ့်မယ်။"ဟု ထင်ရကြောင်း တရား လွှတ်တော်ရှေ့နေ ဦးဂဲနက်စ်က ပြောပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၄(ခ)တွင် နိုင်ငံတော်သမ္မတသည် လုပ်ငန်းတာဝန် ကျေပွန်စွာ မထမ်းဆောင်နိုင်သော ဝန်ကြီးများကို ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်ပြီး၊ ညွှန်ကြားသည့် အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်ဟု ပြဋ္ဌာန်းထားသည်။

"ယခုနုတ်ထွက်၊ ရပ်စဲခြင်းခံရတဲ့ဝန်ကြီးတွေမှာ လယ်ဆည်ဝန်ကြီး ဦးမြသိန်းဟာဆို NLDပါတီရဲ့ ဆူးခင်းလမ်းကာလမှာ ယခုနိုင်ငံတော်အတိုင်ပင်ခံဖြစ်သူနဲ့အတူတူ ဖြတ်သန်းခဲ့သူပါ။ ရှိးသားတယ်။ မဟုတ်မခံသမားဖြစ်ပြီး ကချင်ပြည်နယ် NLDပါတီဥက္ကဋ္ဌတစ်ဦးလည်း ဖြစ်ပါတယ်။ အဂတိကိစ္စရပ်တွေနဲ့ ပတ်သက်ပြီးတော့လည်း တိုင်ကြားခြင်းခံရခြင်း မရှိဘူးလို့ အင်တာဗျူးတွေမှာ သူကိုယ်တိုင်ဖြေကြားသွားတာတွေ့ကြမှာပါ။"ဟု ရှေ့နေဦးဂဲနက်စ်က ဝန်ကြီးဦးမြသိန်းအပေါ် ၎င်း၏အမြင်ကို ပြောပြသည်။

လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်လည်း စကားပြောဘုကျသည်ကလွဲလျှင် အင်မတန်အလုပ် လုပ်သူတစ်ဦးဖြစ်ပြီး အကျင့်ပျက်ခြင်း၊ ငွေကြေးပြဿနာများလည်း မကြားမိကြောင်း ဦးဂဲနက်စ်က ဆိုသည်။

ကာယကံရှင် ဝန်ကြီးများကိုယ်တိုင်ကလည်း အကျင့်ပျက်အဂတိလိုက်စားမှုများ ကင်းရှင်းကြောင်း သတင်းမီဒီယာများကို ဖြေကြားခဲ့ကြသည်။

"ကျွန်တော်တို့ကတော့ ဒီမှာကြားနေတာကတော့ ဝန်ကြီးချုပ်ကို အဂတိလိုက်စားတဲ့သူတွေကို အရေးယူချင်တယ်ဆိုရင် အဲဒီလူစာရင်းကို တင်ခဲ့ဆိုတဲ့နေရာမှာ အဂတိလိုက်စားတဲ့ လူတွေကို သူကမတင်ပဲနဲ့ မဆိုင်တဲ့လူတွေကို တင်လိုက်တာ၊ တင်နေတာလို့ပဲ ကျွန်တော်တို့က ယုံကြည် နေတယ်။"ဟု ဝန်ကြီးဦးမြသိန်းက ၎င်းနုတ်ထွက် ခံရသည့်အပေါ် ထင်မြင်ချက်ပေးသည်။

၎င်းဆောင်ရွက်ရမည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဆက်လက်၍လည်း ဖော်ဆောင်နေဆဲဖြစ်ကြောင်း သက်တမ်းမကုန်မချင်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ဆိုသည်။

"ဒေါက်တာသင်းလွင်ကိုကျတော့ လီဆူဝန်ကြီးလည်း သူ့ကိုမလိုလားလို့ နေရာကဖယ်ပေးပါဆိုလို့ စာရေးထားတာရှိတယ်။ နောက်ပြီးတော့

အမျိုး သားလွှတ်တော်၊ ပြည်သူ့လွှတ်တော် ကလည်း သူ့ကိုမကြိုက်ဘာဘူးဆိုပြီး သမ္မတထံ စာတင် ထားတယ်။ မြစ်ကြီးနားပြည်သူလူထု တွေ ကချင်လူထုနဲ့ ကချင်မဟုတ်တဲ့သူတွေလည်း သူ့ကိုမကြိုက်ပါဘူးဆိုပြီး စာတင်ထားတယ်။ သူကတော့ ပြုတ်တာသိပ်မဆန်းဘူးပေါ့ဗျား၊ ဦးမြသိန်း သူကတော့ သူ့ကဏ္ဍလည်းများတယ်။ လယ်ဆည်ကဏ္ဍဆိုတော့ လယ်သိမ်းမြေသိမ်း တွေလည်း မြန်မြန်မဆောင်ရွက်နိုင်တဲ့အတွက် လည်း အထက်က နည်းနည်းငြိုငြင်မှာပေါ့ကွာ။ အဲဒီထဲမှာ အလုပ်မလုပ်ပါဘူးဆိုပြီးမှ ဝန်ကြီး H လအောင် ဖြုတ်လိုက်တာတော့၊ အားလုံးက တော့ ဘာပဲဖြစ်ဖြစ် ပညာရှင်တစ်ယောက်အနေနဲ့ နမြောတာပေါ့။”ဟု NLD ပါတီမှ ဖားကန့်မဲ ဆန္ဒနယ် အမှတ်(၉) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့်က ဆိုသည်။

ဦးဂဲနက်စ်က ဦးHလအောင်က အလုပ်ကြိုးစား သည့် ဝန်ကြီးဖြစ်သည်ဟု ဆိုသည်။

“သူနဲ့မကြာခဏဆုံဖူးတယ်။ သစ်တောတွင်း တစ်သျှူးငှက်ပျောစိုက်ပျိုးနေတဲ့ ကိစ္စရပ်တွေ၊ သယံဇာတခိုးတူးတဲ့ကိစ္စရပ်တွေနဲ့ ပတ်သတ်ပြီး ဝန်ကြီးအနေဖြင့်မည်သို့ လုပ်ဆောင်သင့်ကြောင်း အကူအညီတောင်းခံရင် ချက်ချင်းထဆောင် ရွက်ပေးခဲ့လို့ လေးစားရတဲ့ဖြစ်စဉ်တွေ အများကြီး ရှိပါတယ်။”ဟု ဦးဂဲနက်စ်က ဆိုသည်။
ဦးHလအောင် နေရာတွင် နောက်တက်လာမည့် သူကလည်း အလုပ်လုပ်ရသည်မှာ လွယ်ကူမည် မဟုတ်ကြောင်း ဦးခင်မောင်မြင့်က သုံးသပ်သည်။

“နောက်တက်မည့်သူလည်း တော်တော်တော့ ခက်ပါမယ်။ အကယ်၍လုပ်ကြမယ်၊ ကိုင်ကြမယ် ဆိုရင် ပီပီပြင်ပြင်နဲ့ ဒီဥပဒေတို့ တကယ်ကျွမ်း ကျင်မှုလည်း၊ နောက်ကျောက်စိမ်းနယ်မြေ ဆိုတော့လည်း ရတနာနယ်မြေဆိုတော့လည်း လွယ်တာမဟုတ်ဘူး။ တကယ့်ကို ကျောက်မျက် ဥပဒေထွက်လာရင်တော့ တော်တော်လည်း ထိန်းရသိမ်းရ နေရာဖြစ်နေတယ်။”ဟု ဦးခင်မောင် မြင့်က ဆိုသည်။

လစ်လပ်သွားသော ပြည်နယ်ဝန်ကြီးများ နေရာတွင် ပြန်လည်ခန့်အပ်မည့်ကိစ္စ ဆွေးနွေး လိမ့်မည်ဟု ယူဆရသည့် ပြည်နယ်လွှတ်တော် အစည်းအဝေးအား ယခုလ ၂၈ရက် နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နောက်တက်လာနိုင်သည့် ဝန်ကြီးများမှာ ဝိုင်းမော်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီ၊ မိုးညှင်းမှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းနှင့် ဖားကန့်မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဒါရှီ လဆိုင်းတို့ ဖြစ်လာနိုင်ကြောင်း ဦးဂဲနက်စ်က ထင်ကြေးပေးထားသည်။

# ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် ဆူးပြောင့်ခလုတ်အဖြစ် ဝေဖန်ခံရသည့် ထုတ်ပြန်ကြေညာချက်

"တစ်ပြည်ထောင်စု စနစ်ပေါ်မှာ ဒုက္ခဖြစ် လာတယ်။ ဖက်ဒရယ်စနစ်ကလည်း နစ်ပေါင်းတော်တော်လည်း ကြိုးစားကြတယ်။ ကချင်ခေါင်း ဆောင်တွေလည်း ကြိုးစားကြတယ်။ အခုလည်း ကြိုးစားတယ်။ ဘယ်တော့မှ ပေါ်မလာဘူး။

Nlum

31 January 2019

(( ))

ပြည်ပတွင်ကျင်းပခဲ့သည့် ကချင်အမျိုးသားညီလာခံတစ်ခုမှ "လွတ်လပ်သော ကချင်နိုင်ငံတော်တည်ထောင်ရန်" အချက်ပါ ထုတ်ပြန်ကြေညာချက်ကို သတင်းမီဒီယာအချို့၌ ဖော်ပြခဲ့ပြီးနောက်၊ ထုတ်ပြန်ချက်သည် လက်ရှိသွားနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ထိခိုက်စေမည်ကို စိုးရိမ်နေကြသူများလည်း ရှိနေသည်။

အဆိုပါထုတ်ပြန်ချက်ကို ယခုနှစ် ဇန်နဝါရီလ ၁၂ - ၁၄ ရက်အတွင်း ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ပြည်ပအခြေစိုက် ကချင်အမျိုးသားအစည်းအရုံး (KNO)မှ ဦးဆောင်ကျင်းပခဲ့သော ကချင်အမျိုးသားညီလာခံအပြီး ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

KIO ဗဟိုကော်မတီဝင် ဗိုလ်ချုပ်ဂွန်မော်နှင့် အစိုးရ၏ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ဖြစ်သော ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)တို့ လူမှုကွန်ယက် (face book)ပေါ်တွင်အပြန်အလှန် စာရေးတုံ့ပြန်ကြခြင်းနှင့် မြန်မာသတင်းမီဒီယာအချို့မှ သတင်းအဖြစ်ဖော်ပြခဲ့ကြပြီး လူအများ၏ စိတ်ဝင်စားမှုအချို့ ရရှိခဲ့သည်။

အဆိုပါထုတ်ပြန်ချက်အပေါ် ဘဝင်မကျသည့် အမြင်များလည်း ပြည်တွင်းမှ နိုင်ငံရေး၊ ငြိမ်းချမ်းရေးနှင့် လူမှုရေးလုပ်ဆောင်နေသူအချို့၌ ရှိနေသည်။

ငြိမ်းချမ်းရေး ဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ (PCG)မှ ဦးဆမ်အောင်က ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆူးငြောင့်ခလုတ် ဖြစ်စေမည်ကို စိုးရိမ်ကြောင်း ဆိုသည်။

"ဖက်ဒရယ်တည်ဆောက်သွားမယ့် ဖြစ်စဉ်အတွက် နည်းနည်း အနှောင့်အယှက် ဖြစ်စေမလားလို့တော့ မြင်မိတယ်။"ဟု ၎င်းက ဆိုသည်။

ပြည်တွင်းစစ်ဖြစ်ပြီး အသက်အိုးအိမ်လုံခြုံမှုမရှိပဲ၊ တော်လှန်ရေးသမားများနှင့် အစိုးရတိုက်ခိုက်သည်ဆိုသည့် အကြောင်းပြချက်ကြောင့် တိုင်းပြည်ပျက်စီးသွားသဖြင့် ရှေ့ဆက်ပြီး ကချင်ပြည်တွင် နေထိုင်သည့် လူထု၏ အသက်အိုးအိမ်လုံခြုံမှု၊ အေးအေးချမ်းချမ်းနေနိုင်ဖို့ ရှေ့ဆက်ပြီးတော့တိုးတက်ဖို့ ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုပုံစံနှင့်သွားမလဲ ဆိုပြီး ဆွေးနွေးခဲ့သည်ဟု KNO ဥက္ကဋ္ဌ ဒူ၀ါဘောမ်၀မ် လရော်က ကချင်သတင်းဌာနတစ်ခုတွင် ရှင်းပြပြောဆိုထားသည်။

လွတ်လပ်သော ကချင်နိုင်ငံတော်တည်ထောင်ရန်ဆိုသည့် နိုင်ငံရေးပန်းတိုင် ချမှတ်ရသည့် အကြောင်းရင်းကို ဒူ၀ါဘောမ်၀မ် လရော်က ယခုလိုပြောဆိုထားသည်။

"တစ်ပြည်ထောင်စု စနစ်ပေါ်မှာ ဒုက္ခဖြစ်လာတယ်။ ဖက်ဒရယ်စနစ်ကလည်း နှစ်ပေါင်းတော်တော်လည်းကြိုးစားကြတယ်။ ကချင်ခေါင်းဆောင်တွေလည်း ကြိုးစားကြတယ်။ အခုလည်းကြိုးစားတယ်။ ဘယ်တော့မှ ပေါ်မလာဘူး။ အဲဒီအခါကျတော့ ကချင်အမျိုးသားတွေရဲ့ စိတ်ဓါတ်ထဲမှာ ဘာဖြစ်လာလဲဆိုတော့ ဗမာလူများစု (majority) လူမျိုးတွေဟာ မျှတတဲ့ ဖက်ဒရယ်စနစ်မှာ ကျွန်နော်တို့နဲ့ အတူမနေချင်ဘူး။ ဒါကြောင့်မို့လို့ ဖိနှိပ်တယ်။ ရပ်ရွာလူထုကိုဒုက္ခပေးတယ်။ အဲလိုအမြင်ပေါက်တယ်။ ဒါကြောင့်မို့လို့ ဘာပဲဖြစ်ဖြစ်တိုက်ပွဲလည်း မဖြစ်နဲ့တော့ ရန်လည်းမဖြစ်နဲ့တော့ ဒါဆိုရင် အချင်းချင်းမတိုက်တဲ့မှုက သပ်သပ်စီနေလိုက်ဆိုတဲ့မှုကို ကျွန်နော်တို့ ချလာတာဖြစ်တယ်။"ဟု ကချင်သတင်းဌာနတစ်ခုတွင် ပြောဆိုထားသည်။

ဆရာကွမ်ဂေါင်ခန်နော်က လူတိုင်းလူမျိုးတိုင်း၌ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရှိသည့်အတွက် ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး မှားသည်၊ မှန်သည် ဝေဖန်ချက် မပြောလိုသော်လည်း ထုတ်ပြန်ချက်ကြောင့် ကချင်လူမျိုးများ၏ နိုင်ငံရေးဖြစ်စဉ်အပေါ် အကျိုးသက်ရောက်မှု ရှိကောင်းရှိနိုင်သည်။ မရှိသည့်အချက်လည်းရှိနိုင်သည်။ သို့သော် လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အစိုးရဘက်က ထောက်ပြလာနိုင်သည့် အကြောင်းပြချက်လည်း ဖြစ်လာနိုင်သည်ဟု ဆိုသည်။

ညီလာခံမှ ထုတ်ပြန်ချက်သည် အားလုံး၏ သဘောထား မဟုတ်ကြောင်း ဝေဖန်မှုများကို ဒူဝါဘောမ်ဝါလရော်က "အခုကချင်နိုင်ငံရေးအဖွဲ့တွေရှိတယ်။ စကားထွက်လာတာတွေရှိတယ်။ ဒီညီလာခံဟာ အားလုံးပါဝင်မှုမရှိဘူး။ ဆိုတော့ အားလုံးရဲ့သဘောမဟုတ်ဘူးဆိုလို့ အဲလိုပြောတာ၊ အဲဒါမဟုတ်ဘူး"ဟု ဆိုသည်။

လက်ရှိငြိမ်းချမ်းရေး (၂၁ရာစု ပင်လုံညီလာခံ) တွင် တိုင်းရင်းသားများ ခွဲမထွက်ပါဟု ပြောဆိုနေသော်လည်း ယုံကြည်မှုမရှိပဲ၊ ခွဲမထွက်ပါဆိုသည့်အချက်ကို ထည့်သွင်းသဘောတူလက်ခံရန် တိုက်တွန်းမှုများရှိနေသလို၊ ယခင် တိုင်းပြည်ကို အုပ်ချုပ်ခဲ့သူ ဦးနေဝင်းကလည်း ဖက်ဒရယ်ဆိုသည်မှာ ခွဲထွက်ရေးမူပဲဟု ပြောဆိုခဲ့သည်များရှိခဲ့သည့်အတွက် လွတ်လပ်သော နိုင်ငံတည်ထောင်ရန်ဆိုသည့် ထုတ်ပြန်ချက်မျိုးသည် ယုံကြည်မှုတည်ဆောက်ရေး၌ အခက်အခဲဖြစ်စေသည့်သဘောမျိုးဖြင့် ကချင်ပြည်နယ်ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ထောက်ပြသည်။

ဒေါက်တာတူးဂျာက ထုတ်ပြန်ချက်သည် လက်တွေ့မကျပဲ အိပ်မက်ဆန်သည်ဟု မှတ်ချက်ပေးပြီး "ဒီနေ့ကျွန်နော်တို့ တိုင်းရင်းသားတွေအားလုံးက (၄၇)ပင်လုံစာချုပ်မှာ လက်မှတ်ထိုးခဲ့တဲ့သူတွေရော မထိုးခဲ့တဲ့သူတွေရော တိုင်းရင်းသားတွေအားလုံးက ဒီနေ့အချိန်အခါမှာ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ တန်းတူအခွင့်အရေးအပြည့်အဝရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးပဲ"ဟု ဆိုသည်။



# လောပန်းလောင်း နယ်မြေသို့ အလည်တစ်ခေါက်

အရင်တုန်းက ကျင်းတူးပြီဆိုရင် ကိုယ်ဟာ လောပန်းလောင်းပါဆိုတဲ့ အိမ်မက်တွေ အများကြီးရှိတယ်ပေါ့။

Nlum

18 April 2019

အမောင်ထုထဲ လျှပ်စစ်မီးရောင်တွေ ထိန်ထိန်လင်းနေတဲ့မြင်ကွင်းက မြို့ပြလေးတစ်မြို့ရှိ လေယာဉ်ကွင်းသို့ ညလေယာဉ်ဆိုက်ရောက်ချိန် မြို့ကိုလေယာဉ်ပေါ်ကနေ လှမ်းမြင်နေရတဲ့ မြင်ကွင်းတစ်ခုနဲ့ ခပ်ဆင်ဆင်တူနေတယ်လို့ ခံစားမိစေတယ်။



လျှပ်စစ်မီးရောင်တွေ ထိန်ထိန်လင်းနေတဲ့ အဲဒီမြင်ကွင်းထဲကို တစ်ဖြည်းဖြည်းနီးကပ်သွားတဲ့အခါ ပေတစ်ရာမြေသား လမ်းပေါ်မှာ လူတစ်ရပ်ကျော်လောက်မြင့်တဲ့ တာယာဘီးတွေ သပ်ဆင်ထားတဲ့ မြေဇာသယ်ကားကြီးတွေ ယောက်ယက် ခတ်သွားလာနေတယ်။ အဲဒီစွန့်ပစ်မြေဇာသယ်ကားကြီးတွေ သွားတဲ့လမ်းအတိုင်း ဆက်သွားရင် ဧကဆယ်ချီ၊ ရာချီပြီး တောင်လိုပုံနေတဲ့ ကျောက်စိမ်းတွင်းမြေဇာ စွန့်ပစ်နေရာသို့ ရောက်ရှိလာပါတယ်။

အဲဒီနေရာဟာ ပြည်ထောင်စုမြန်မာနိုင်ငံအနှံ့က တိုင်းရင်း သားလူမျိုးပေါင်းစုံ အိမ်မက်ကိုယ်စီနဲ့ ရောက်ရှိလာကြတဲ့ ကမ္ဘာကျော်ကျောက်စိမ်း ထွက်ရှိရာ ကချင်ပြည်နယ် ဖားကန့် ကျောက်စိမ်း မော်ဖြစ်ပါတယ်။ ရေမဆေးသမား ခေါ် ကျောက်စိမ်းအရိုင်းတုံး ရှာဖွေနေကြသူများရဲ့ အိမ်မက်ဆုံရာ နေရာ တစ်နေရာလည်း ဖြစ်ပါတယ်။

"အဖေတို့က ရှမ်းပြည်က ဒီမှာကျောက်စိမ်းရှာ ကျောက်စိမ်းရှာပြီးမှ ဒီမှာကျွန်နော်တို့ကို လာမွေးတာ၊ အခုကျွန်နော်က ဆယ့်ရှစ်နှစ်ရှိပါပြီ။ ဒီမှာနေတာ နယ်ခံပေါ့ နယ်ခံလို့ပြောလို့ရတယ်။ အကုန်လုံးကတော့ ရည်ရွယ်ချက်ကတော့ တစ်ခုထဲပါပဲ။ အကုန်လုံးကတော့ လောပန်း ဖြစ်ချင်ပြီးမှ လာကြိုးစားတယ်။ ကျောက်လာရှာတယ်။ ရေမဆေးသမားတိုင်းရဲ့ အိမ်မက် ကတော့ ဒါပါပဲ။"လို့ လူငယ်ရေမဆေး သမား တစ်ယောက်က ပြောပါတယ်။

မြေဇာပုံဘေး လွတ်နေတဲ့လမ်းဘေးတွေမှာ မြန်မာနိုင်ငံရဲ့မြို့ပြတွေမှာ မိသားစုဖိမ်ခံကားတွေအဖြစ် စီးနေကြတဲ့ ကားအမျိုးအစားတချို့ ကြိုကြားကြိုကြားရပ်ထားတာကို တွေ့ရတယ်။ ကျွန်နော်နဲ့ ကျွန်နော့်သူငယ်ချင်းကလည်း ကျွန်နော်တို့ စီးလာတဲ့ပရာဒိုကားကို မြေဇာပုံ လမ်းဘေးထိုးရပ်လိုက်တယ်။ အဲဒီကားတွေနဲ့

မလှမ်းမကမ်းမှာပဲ သောက်စရာစားစရာ အချို့ ရောင်းတဲ့ မိုးကာတဲလေးတွေရှေ့မှာ ဆယ်ချီ၊ (တခါတစ်လေ) ရာချီတဲ့ဆိုင်ကယ်တွေ တန်းစီရပ်ထားတယ်။ မိုးကာတဲအောက်က စားပွဲငယ်လေးတွေမှာတော့ တစ်ချို့က ဖဲချပ် ကစားနေကြပြီး တစ်ချို့က လက်ကိုင်ဖုန်း လေးတွေ ပွတ်နေကြတယ်။ တချို့မိုးကာ တဲတွေမှာတော့ လေးကောင်ဂျင်၊ ခြောက် ကောင်ဂျင် စသဖြင့် လောင်းကစားအမျိုးမျိုး ကစားနေကြပြီး၊ ကာရာအိုကေဆိုလို့ရတဲ့ မိုးကာတဲလေးတွေလည်း ရှိသေးတယ်လို့ ဖားကန့်မှာ ဆယ်နှစ်ကျော် နေထိုင်ခဲ့ပြီး လက်ရှိအချိန်မှာလည်း ရေမဆေးကျောက် ရောင်းဝယ်လုပ်နေသူ သူငယ်ချင်းက တဲတစ်ခုကို လက်ညှိုးထိုးပြရင်း ပြောပြနေတယ်။

မြေဇာပုံကမ်းပါးစောင်းတစ်လျှောက်မှာလည်း မီးတစ်လျှပ်လျှပ်နဲ့ ဟိုနားဒီနား စိန်တူ (သံချွန်တူအသေး)လေးနဲ့ တစ်ဒေါက်ဒေါက် လိုက်ထုနေကြတယ်။ ရေမဆေးသမားတွေရဲ့ အပြောအရတော့ ကျောက်စိမ်းတွေကို ထုမိတဲ့ အသံနဲ့ ရိုးရိုးကျောက်တုံးကျောက်ခဲတွေကို ထုခေါက်မိတဲ့အသံက မတူဘူးလို့ ပြောပါတယ်။ ကမ်းပါးထိပ်မှာတော့ ကားပေါ် ကနေ အသစ်စက်စက် သွန်ချလာတဲ့ မြေဇာ ပုံနား ဓါတ်မီး တစ်လက်နဲ့ စိန်တူတစ်လက်စီ ကိုင်ထားကြတဲ့ လူအုပ်တွေက အရှင်လတ်လတ် ဖမ်းမိလိုက်တဲ့ ဆပ်တစ်ကောင်ကို ကိုက်စားဖို့ သွေးဆာနေတဲ့ ကျားအုပ်စုဝိုင်းအုံလာ သလို အလုအယက် လိုက်ရှာနေကြတယ်။ မီးတွေလည်း တစ်ဖြတ်ဖြတ်ယောက်ယက်ခတ် သွားသလို စိန်တူခေါက်သံထုသံတွေကလည်း "ဒေါက်ဒေါက် ဒက်ဒက်" ဆူညံသွားတယ်။

ညအချိန်မှာ လျှပ်စစ်မီးထိန်ထိန်လင်းနေတဲ့ နေရာတွေဟာ နေ့အချိန်ဆိုရင် ပေပေါင်း ရာချီ၊ ထောင်ချီမြင့်တဲ့ ကမ်းပါးရံတွေကြား စက်ယန္တယားတွေနဲ့ မရပ်မနားတူးဖော်နေတဲ့ ကျောက်စိမ်းလုပ်ကွက်နေရာတွေ ဖြစ်နေတယ်။ လူတိုင်းမှာမတူညီတဲ့ ဘဝအိမ်မက်တွေအများကြီးရှိနိုင်ပေမဲ့ ဖားကန့်သို့ ရောက်ရှိလာကြတဲ့ ရေမဆေးသမားတိုင်းရဲ့ တူညီတဲ့အိမ်မက် တစ်ခုက ကျောက်စိမ်းအောင်ပြီး လောပန်း (သူဌေး)ဖြစ်ဖို့ပါပဲတဲ့။ သူတို့ကိုယ်တိုင် လောပန်းလောင်းတွေလို့ ခံယူထားတဲ့သူတွေ ဖြစ်ခဲ့ကြပေမဲ့ လက်ရှိအခြေအနေမှာတော့ ရေးမဆေး သမားတွေရဲ့ လောပန်းလောင်းအိမ်မက်က အားလျော့လို့လာနေပါပြီ။

"အရင်တုန်းက ကျင်းတူးပြီဆိုရင် ကိုယ်ဟာ လောပန်းလောင်းပါဆိုတဲ့ အိမ်မက်တွေ အများကြီးရှိတယ်ပေါ့။ ကျောက်ဈေးကွက်ကလည်း အဲဒီအချိန်တုန်းက အတိုင်းအတာနဲ့ တကယ်ကောင်းပါတယ်။ ကျောက်ကောင်းတွေလည်း အများကြီးရှိပါတယ်။ အဲဒီအချိန်တုန်းက ဖက်စပ်ခေတ်တောင် မပေါ်သေးတဲ့အချိန်တုန်းက ကျွန်နော်တို့က ဒီမှာကျင်းတူးခဲ့တာ။ အခုအချိန်

မှာ ကျောက်တစ်လုံးရခဲ့ရင်တောင်မှ ငါဟာ လောပန်းလောင်းပါဆိုတဲ့ အိမ်မက်မက်ခွင့် ပျောက်ဆုံးသလိုပဲ၊ ခံစားရပါတယ်။”လို့ Kachin Waves ပြုလုပ်တဲ့ ဖားကန့်လူငယ် စကားဝိုင်းမှာ ပါဝင် ဆွေးနွေးသူတစ်ယောက်က ပြောပါတယ်။

ကျောက်ကောင်းရဖို့ ခက်ခဲလာတဲ့အခါ လောပန်း ဖြစ်ဖို့မဟုတ်ပဲ တစ်ဝမ်းတစ်ခါ အတွက်တောင် ကုလာဖန်ထိုးညက်ဆင်ရတဲ့ ကျောက်စိမ်းမှော်က ရေမဆေးသမား ဖြစ်မှန်းမသိဖြစ်လာရတဲ့ သူတွေလည်း ရှိနေကြပြန်ပါတယ်။

မြေဇာပုံဘေးနားမှာ လူနှစ်ယောက်က ကျောက် တုံးတစ်လုံးကို ဓါတ်မီးထိုးပြီး အသေး အချာငုံ့ ကြည့်နေကြတာကိုတွေ့လို့ သူတို့ ကျောက်စိမ်း ကြည့်နေတာ မဟုတ်လားလို့ သူငယ်ချင်းကို မေးကြည့်တော့ “အဲဒါမျိုးတွေက တခါတလေ ‘အင်’ မိတတ်တယ်”လို့ သူငယ်ချင်း ကပြောပြ တယ်။ ‘အင်’ဆိုတာ တချို့ရေမ ဆေးသမား တွေက ရောင်းလို့မထွက်နိုင်တဲ့ ကျောက်စိမ်းတုံး တွေကို အိမ်ကနေသယ်လာပြီး အခုပဲမြေဇာပုံ ကနေ ကောက်ရတဲ့ ရေမဆေး ကျောက်လိုမျိုး ရေးမဆေးဝယ်တဲ့ လောပန်း လေးတွေရဲ့ စိတ်အာရုံကို ဖမ်းစားဖို့ ခွင်ဆင်တဲ့ ကျောက်မျိုးကို ဆိုလိုတာဖြစ်ပါတယ်။ အတွေ့ အကြုံပြည့်ဝတဲ့ ကျောက်အဝယ် လောပန်းတွေ ကလည်း ကျောက်ကိုကိုင်ပြီး ဓါတ်မီးနဲ့သေချာ ကြည့်လိုက် တာနဲ့ ‘အင်’ဟုတ် မဟုတ် ခွဲခြား သိမြင်တတ်ကြ ပါတယ်။

ညနေ လေးနာရီနဲ့ ခြောက်နာရီကြားမှာ ကုမ္ပဏီ လုပ်ကွက်ထဲ ခဏဝင်ရခွင့်ပေးတော့ ရေမဆေး သမားတွေ အလုအယက်ဝင်ရှာ ကြပါတယ်။ ရေမဆေးသမားတွေအတွက် ကုမ္ပဏီကသတ် မှတ်ထားတဲ့အချိန်တွေမှာ ကုမ္ပဏီလုပ်ကွက်ထဲ ကျောက်သွားရှာရတာက အခွင့်ကောင်းတစ်ခုလို ဖြစ်လာပါတယ်။

သူငယ်ချင်းရဲ့ပြောပြချက်အရဆိုရင် အရင်က ကုမ္ပဏီလုပ်ကွက်တွေမှာ မြေဇာမစွန့်ပစ်မီ ကျောက်ရွေးထုတ်တဲ့ ကုမ္ပဏီဝန်ထမ်းတွေကို လခစားတွေအဖြစ်ရှာခိုင်းခဲ့တယ်။ အဲဒီအခါမှာ ဆိုရင် လခစားဝန်ထမ်းတွေက မြေဇာထဲက ကျောက်တွေကို ပြီးစလွယ်တာဝန်ကျေ ပဲရှာကြတော့ စွန့်ပစ်မြေဇာထဲ ကျောက်ကောင်း တွေပါလာဖို့ အလားအလာများခဲ့တယ်လို့ ပြောပြတယ်။ အခုနောက်ပိုင်းတော့ ကျောက်ရွေး ထုတ်တဲ့ ကုမ္ပဏီဝန်ထမ်းတွေကို လစာအပြင် ကောင်းတာပဲဖြစ်ဖြစ် မကောင်းတာပဲဖြစ်ဖြစ် ကျောက်စိမ်းမျိုးသာမှန်ရင် ကျောက်တစ်လုံးရှာ ရတိုင်း ငါးရာကျပ်ပေးတာမို့ ကျောက်အလုံးရေ များအောင် အားထုတ်ရှာလာကြတဲ့အတွက် မြေဇာပုံမှာအရင်လိုကျောက်တွေ များများစားစား မပါလာတော့ဘူးလို့ သူ့အတွေ့အကြုံကို အခြေခံပြီး သုံးသပ်ပြောပြပါတယ်။

ခြောက်နာရီထိုးခါနီးမှာတော့ ရေမဆေးသမားတွေ အားလုံးတဖွဲဖွဲနဲ့ အထွက်အပေါက်ဝသို့ ထွက်လာကြတယ်။ တချို့က ကျောက်ထမ်းလာကြတယ်။ ကျောက်သေးရင်တော့ အိတ်ထဲထည့်ပြီး ပြန်ကြတယ်။ ရေမဆေးဝယ်ဖို့စောင့်နေတဲ့ သူငယ်ချင်းတို့နှစ်ယောက်လည်း လမ်းဘေးမှာ ထိုင်ရင်း ကျောက်လာပြမှာကို တစ်မျှော်မျှော်နဲ့ စောင့်နေတယ်။ ကျောက်အရောင်းအဝယ်က မှော်ဆန်လွန်းတယ်လို့ပြောရမလား၊ အော်ဈေးနဲ့ တကယ်အရောင်းအဝယ်တည့်သွားတဲ့ဈေးက ခန့်မှန်းလို့ ခက်ရလောက်အောင် ကွာခြားလွန်းပါတယ်။

ကျောက်ကဘာမှတော့ မတွေ့ရဘူး၊ ဘယ်လောက်လဲလို့ သူငယ်ချင်းကပြောလိုက်တယ်။ တစ်ဖက်ကလည်း တွေ့ရင်တော့ ရေမဆေး မဟုတ်တော့ဘူးလေ၊ လောပန်း ငါးသောင်းတော့ ပေးပါလို့ ပြန်ပြောလာတယ်။ ဈေးများတယ်ဆိုတဲ့အထာနဲ့ သူငယ်ချင်းက ကျောက်ကိုပြန်ကမ်းပေးလိုက်တော့ ရေမဆေးသမားက ဘယ်လောက်ပေးမလဲ၊ လောပန်းတဲ့။ သူငယ်ချင်းက ငါးထောင်ပဲပေးနိုင်တယ်လို့ ပြောလိုက်တယ်။ ငါးသောင်းအော်တဲ့ကျောက်က ချက်ချင်း ငါးထောင်သို့ ထိုးကျသွားတယ်။ နောက်ဆုံး အရောင်းအဝယ်ဈေးပြန်ညှိပြီး၊ ခုနစ်ထောင်နဲ့ ဈေးတည့်သွားကြတယ်။

ကျောက်ဈေးပဲ အတက်အကျ မြန်တာမဟုတ် မှော်ဒေသရဲ့ စကားဝိုင်းတွေမှာ ပါလာတတ်စမြဲဖြစ်တဲ့ ကျောက်စိမ်းမှော်က ကျောက်စိမ်းသူဌေးတချို့ရဲ့ ဘဝကံကြမ္မာအနိမ့်အမြင့် အလှည့်ပြောင်းတွေကလည်း ဒဏ္ဍာရီဆန်ဆန် နားထောင်ခဲ့ရပါတယ်။

သူငယ်ချင်းက သူဝယ်လာတဲ့ ရေမဆေးကျောက်ကို အိမ်ရောက်တော့ ရေဆေးကြည့်တယ်။ သံဘရပ်ချ်၊ ကော်ဘရပ်ချ်တွေနဲ့ ပွတ်တိုက်ကြည့်တယ်။ ကျောက်အရည်အသွေး (သို့) ကျောက်သား အရည်အသွေးကောင်း မကောင်း ဘာမှသေသေချာချာ မတွေ့မမြင်ရ။ ပြီးတော့ ကျောက်ဖြတ်ခုံသွားပြီး ဖြတ်ကြည့်လိုက်တယ်။ ကျောက်အရည်အသွေးဘာမှ မကောင်းတဲ့ ကျောက်စိမ်းတုံး တစ်လုံးဆိုတာ သေချာသွားတယ်။ အဲသလိုဖြတ်ရှုံးတဲ့ ကျောက်တွေ သူ့အိမ်မှာ ကားတစ်စီးစာကျော်ပုံနေတာ တွေ့ခဲ့ရတယ်။

ရေမဆေးသမားတွေအတွက် လောပန်းလောင်းကနေ လောပန်းဘဝသို့ ပြောင်းလဲသွားစေတဲ့ ကျောက်ကောင်းတစ်လုံးရဖို့ဆိုတာ ထီထိုးသလိုပဲ ပေါက်ဖို့လွယ်တဲ့အရာ မဟုတ်တာ သူတို့အားလုံး သိနေကြပေမဲ့၊ သေရင်မြေကြီး ရှင်ရင်ရွှေထီး ဆိုတဲ့ စကားပုံလိုပဲ စွန့်စားလုပ်ကိုင်နေကြတဲ့ ရေမဆေးသမား လောပန်းလောင်းတွေ ဖားကန့်မှာ ပေါ်များနေဆဲပါပဲ။





# ညှပ်ခွင့်ဖြီးခွင့် မရှိသည့် ဆံထုံးပိုင်ရှင်

မရန်

29 April 2019

နက်မှောင်ပြီး ရစ်ပတ်ထုံးနေသောဆံနွယ်ပိုင်ရှင် အမျိုးသမီးတစ်ဦးသည် သူမနေထိုင်သည့် အခန်းကျဉ်း၏ မီးဖိုချောင်အား သန့်ရှင်းရေးလုပ်နေသည်။

ထူးခြားသည်မှာ သူမ၏ဆံထုံးဖြစ်သည်။ ၁ပေခန့်ရှည်သည့် သူမ၏ဆံထုံးကို ကချင်ထဘက်ဖြင့် ထုံးထားလျှက် မီးဖိုချောင်အား သန့်ရှင်းရေးလုပ်နေသည်။ ၎င်း၏ဆံထုံးသည် သူမကိုယ်တိုင် စိတ်ကြိုက်ထုံးထားခြင်းမဟုတ်ပဲ၊ ညအိပ်နေသည့်အချိန် ထူးထူးဆန်းဆန်း အလိုအလျောက် ထုံးသွားခြင်းဖြစ်သည်။

"ဆံပင်အခုလိုမထုံးသွားချိန် ကျွန်မအရမ်းဖျား နေတာ တစ်ညတော့ ညအိပ်ပျော်နေတဲ့အချိန် သူ့ဟာသူ ထုံးသွားတာ။ အဲကနေ အဖျားလည်း ပျောက်သွားတယ်"ဟု ဆံထုံးပိုင်ရှင် အသက် (၃၉)နှစ် ဒေါ်လဆန်ဆိုင်းခေါ်နက ဆိုသည်။

ယခင်ဖြောင့်တန်းနေသည့် ၎င်း၏ဆံနွယ်သည် ထူးဆန်းစွာ အလိုအလျောက်ထုံးသွားခြင်း ဖြစ်ပြီး ဆံပင်အား ဘီးဖြီးလို့လည်းမရသလို ညှပ်လို့လည်းမရကြောင်း သူမကဆိုသည်။

၎င်းသည် ကလေး(၄)ယောက်၏မိခင်ဖြစ်ပြီး မိသားစုနှင့်အတူ လိုင်ဇာမြို့မှ ဝိုင်ကြိုင်စစ်ဘေး ဒုက္ခသည်စခန်းတွင် ခိုလှုံလျက်ရှိသည်။ စစ်ဘေးဒုက္ခသည်ဘဝ မဖြစ်မီအချိန်တွင် ဝိုင်းမော်မြို့နယ် ကဖူးကျေးရွာတွင် နေထိုင်ခဲ့ကြသည်။ သူမ၏ဆံပင်သည် အဆိုပါဒုက္ခသည် စခန်းတွင် နေထိုင်နေစဉ် ၂၀၁၅ ခ ု နှစ်မှ ယခုလိုဖြစ်လာရခြင်းဖြစ်သည်။

သူမ၏အမျိုးသားဖြစ်သူ ဦးလော့ခွမ့်ဇော်နော် က ၎င်းတို့၏မျိုးရိုးတွင် အမျိုးသမီးများ ယခုလို သဘာဝအတိုင်း ပြန်ဖြေ၍မရသော ဆံထုံး ထုံးသွားသည့် အဖြစ်အပျက်မှာ ယခု၎င်း၏ဇနီး ဒေါ်လဆန်ဆိုင်းခေါ်နန့်ဆိုလျှင် မျိုးဆက်(၇) ဆက်ရှိပြီ ဖြစ်ကြောင်းဆိုသည်။ ဦးလော့ခွမ့် ဇော်နော်သည် ကချင်တိုင်းရင်းဆေးဆရာတစ်ဦး ဖြစ်သည်။

"အမျိုးသမီးတွေမှာ ဒီလိုဖြစ်လာပြီဆိုရင် အမျိုးသားတွေ ဦးဆောင်လုပ်တဲ့ ဦးဆောင်မှု ထဲမှာပါဝင်တဲ့ အဖွဲ့သားတွေလည်း ဘာအန္တရာယ်မှ မဖြစ်ဘူး။ အန္တရာယ်ကင်းတယ်။"ဟု ဦးလော့ခွမ်းဇော်နော်က ဆိုသည်။

ဆံပင်ယခုလိုဖြစ်လာပြီဆိုလျှင် လုံးဝညှပ်လို့ မရကြောင်းလည်း ၎င်းကဆိုသည်။ ညှပ်လိုက် လျှင် အိမ်သားတွေဆီမှာ အန္တရာယ်တစ်ခုခု ကြုံလာတတ်ကြောင်း ဆိုသည်။

"အဖွားလည်း ဒီလိုဖြစ်တယ်။ သူကအရမ်း ရှုပ်တယ်ဆိုပြီး ညှပ်လိုက်တာ အဖေတို့ညီ အစ်ကိုတွေ (၆)ယောက်ထဲက (၄)ယောက် တစ်ခါတည်းသေသွားတယ်။ အဲကနေ နောက်ပိုင်း မညှပ်တော့ဘူး။"ဟု ဦးလော့ခွမ့် ဇော်နော်က ဆိုသည်။

ဦးလော့ခွမ့်ဇော်နော်၏ မိခင်ဖြစ်သူလည်း ယခုလိုဆံပင်ထုံးခဲ့ပြီး သေသည်အထိ ဆံပင် မညှပ် ဆံပင်မဖြီးပဲ နေသွားခဲ့ကြောင်း ဆိုသည်။

"အမေလည်းဖြစ်တယ်။ သူကသေသည်အထိ ဆံပင်မညှပ်ဘူး။ မဖြီးဘူး။ ဒီတိုင်းပဲ နေသွား တယ်။ သူဆုံးခါနီး သုံးရက်လောက်အလိုမှာတော့ တစ်ယောက်ယောက်က ဖြေပေးလိုက်သလို ဆံထုံးက အလိုအလျောက် ဖြေကျသွားတယ်။"ဟု ဦးလော့ခွမ့်ဇော်နော်က ဆိုသည်။

ဇနီးဖြစ်သူ ဒေါ်လဆန်ဆိုင်းခေါ်န်သည် သူမ၏ အမျိုးသားပြောပြသည့်အတွက် ၎င်း၏ထူးဆန်းသည့် ဆံထုံးနှင့်ပတ်သက်၍ အထူးတလည် အံ့ဩခြင်း မရှိခဲ့သလို၊ ယခုလိုဖြစ်သည့်အတွက် ထွေထွေထူးထူး အခက်အခဲလည်း မရှိကြောင်း ဆိုသည်။

"အခုတော့ အကျင့်ဖြစ်သွားတော့ ဘာအခက်အခဲမှ မရှိဘူး။ ရေချိုး ရင်တော့ နေပူတဲ့နေ့ပဲ ချိုးလို့ရတယ်။"ဟု ဒေါ်လဆန်ဆိုင်းခေါ်န်က ဆိုသည်။

နေပူမှသူရဲ့ဆံပင် ခြောက်သည့်အတွက် ကြောင့် နေသာတဲ့နေ့တွင်မှ ခေါင်းလျှော်လျှက် ရှိကြောင်းလည်း သူမကဆိုသည်။ ညအိပ် တဲ့အချိန်လည်း ဘာအခက်အခဲမှမရှိပဲ လွတ်လပ်စွာ အိပ်စက်နိုင်ကြောင်းလဲ သူမက ပြောပြသည်။

ဆိုင်ကယ်စီးရင်တော့ ဆိုင်ကယ်ဦးထုပ်ဆောင်းလို့ မရသည့်အတွက် လိုင်ဇာမှ ယာဉ်ထိန်းရဲများမှ အရေးယူခြင်း ခံရဖူးကြောင်း ဆိုသည်။

အပြင်သွားလျှင် သူမကိုမတွေ့ဖူးသည့်သူများက သူမ၏ထူးဆန်းနေသည့် ဆံနွယ်ထုံးကို ကြည့်ပြီး မေးမြန်း၊ ကြည့်ရှုခြင်းများရှိကြောင်း ဆိုသည်။

ထူးဆန်းသည့် ဆံထုံးပိုင်ရှင် ဒေါ်လဆန်ဆိုင်းခေါ်န်သည် ၂၀၁၅ခုနှစ် သူမယခုလို ဆံပင်ထုံးသွားကတည်းက မိသားစုဝင်များ ယခင်ကထက် ပိုမိုအဆင်ပြေလာသည်ဟု ၎င်းယုံကြည်နေကြောင်း ဆိုသည်။ သားသမီးများ ယခင်က မကြာခဏ ဖျားနာမှုများရှိခဲ့သော်လည်း ယခုနောက်ပိုင်း သားသမီးများလည်း ဖျားနာခြင်း မရှိသလောက် ကျန်းမာနေခြင်းသည် ထူးဆန်းစွာဖြစ်သွားသည့် ဆံထုံးကြောင့် ဖြစ်သည်ဟု သူမက ယုံကြည်နေသည်။

"သားအလတ်ကောင်ဆိုရင် တစ်နှစ်မှာ ဆေးရုံ ၇ခါတောင် တက်ရတယ်။ အခုနောက်ပိုင်းတော့ သိပ်မဖျားတော့ဘူး။"ဟု ဒေါ်လဆန်ဆိုင်းခေါ်န်က ဆိုသည်။

ကျန်းမာရေးများ ကောင်းလာသည်သာမက အိမ်တွင်မွေးမြူထားသည့် အိမ်မွေးတိရစ္ဆာန်များလည်း ယခင်ထက် ပိုမိုပွားများလာပြီး အဆင်ပြေလာကြောင်း သူမက ဆိုသည်။

ဒေါ်လဆန်ဆိုင်းခေါ်န်သည် သူမ၏ဆံထုံးအား တစ်သက်လုံး မညှပ်မဖြီးပဲထားရန် ဆုံးဖြတ်ထားပြီး သူမ၏ထူးဆန်းသည့် ဆံထုံးသည် ဘုရားကပေးသည့် လက်ဆောင်ဖြစ်သည်ဟု ယုံကြည့်လက်ခံ ထားသည်။





# သံယောဇဉ်ကြိုးတံတား ပွဲကိုင်ရှင် (သို့) ဆယ်လီမမ ဒေါ်ရွှယ်တောင်

လှော့ခွမ့်ဇောင်

21 May 2019



"ငါးလျှာ ကြော်..ကြက်လျှာ.. ဝက်လျှာကင်၊ ကျောက်ကပ် သုပ်၊ ထွန်းရွှေဝါသုပ်... အကင် ၁၀ ကင်ကို ငါးသောင်း ကြော်...ငါးထောင်၊ အချိုရည်တွေလည်းရတယ် နွားရိုင်း .. အမဲရိုင်း..ကျွဲရိုင်း" စသဖြင့် ဗမာ စကားကို တလွဲတချော် ယောင် ချော်ချော်ပြောပြီး ဈေး ရောင်းနေတဲ့ ရုပ်သံဖိုင်တစ်ခု၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလက facebook သုံးစွဲသူများအကြား အတိုင်း အတာ တစ်ခုအထိ ပျံ့နှံ့ခဲ့ပါ တယ်။



ပိန်ပိန်ပါးပါး အရပ်ရှည်ရှည် ဖေါ်ရွှင်ဖွယ်ကောင်းတဲ့ မျက်နှာပိုင်ရှင် ဒေါ်ရွှယ်တောင်တစ်ယောက် သူမရဲ့ စကားပြော ဟန်ကြောင့် ကချင်ပြည်နယ်နှင့် နိုင်ငံအဝှမ်း က facebook သုံးစွဲသူအများစုက သတိထားမိသူ၊ လူသိများတဲ့သူ တစ်ယောက် ဖြစ်လာခဲ့ပါတယ်။

လာရောက်စားသောက်သူတွေရဲ့အမေးကို ယောင်ယောင်မှားမှား ပြောပြနေတဲ့ စကားပြောပုံကြောင့် ဆိုင်ရှင်ဒေါ်ရွှယ်တောင် နာမည်ကြီးလာတာနဲ့အမျှ အရင်ကဧည့်သည် အလာနည်းပြီး ဈေးရောင်းမကောင်းတဲ့ အောင်မြင်သာစံပြကျေးရွာက သူမရဲ့ "သံယောဇဉ်ကြိုးတံတား" စားသောက်ဆိုင်ဟာလည်း ဈေးရောင်းကောင်းတဲ့ ဆိုင်တစ်ခုဖြစ်လာခဲ့ပါတယ်။

လာရောက်စားသောက်ကြတဲ့ဧည့်သည်များဟာ စကားပြောရင် တလွဲတချော်ယောင်မှားပြောနေတတ်တဲ့သူမနဲ့ ဓါတ်ပုံ၊ ရုပ်သံမှတ်တမ်းတွေအတူရိုက်ယူပြီး facebook ပေါ် ပြန်လည်မျှဝေတာတွေ ပြုလုပ်ကြတဲ့အတွက် ဒေါ်ရွှယ်တောင်ဟာ လူသိပိုများလာပြီး ဆိုရှယ်မီဒီယာသုံးစွဲသူတွေက ဆယ်လီမဆိုပြီး ခေါ်ဝေါ်လာကြတဲ့အထိ ဖြစ်လာခဲ့ပါတယ်။

"အခုလိုစကားပြောတာကို ပြင်ဖို့ကြိုးစားသေးတယ်။ စကားလုံးမှန်အောင်ပြင်ပြောလေ စကားလုံးက ပိုပိုပြီးလွဲလာလေလေဖြစ်လာတယ်။"ဟု အသက် ၄၅နှစ်အရွယ် ကလေး ၉ယောက်မိခင် ဈေးသည် ဒေါ်ရွှယ်တောင်က ပြောပြပါတယ်။

ဒေါ်ရွှယ်တောင်ဟာ ယခုလိုအခြေအနေဖြစ်မလာသေးခင် လွန်ခဲ့တဲ့ ၁၈နှစ်ကျော်ကတည်းက မိသားစုရဲ့ စားဝတ်နေရေးတာဝန်ကို ကိုယ်တိုင် ရုန်းကန် ထမ်းဆောင်ခဲ့ရတဲ့ အိမ်ထောင်ရှင်မတစ်ဦး ဖြစ်ပါတယ်။

သူမရဲ့အမျိုးသားကတော့ မယ်မယ်ရရ အလုပ်မရှိတဲ့အတွက် သူမကိုယ်တိုင်ပဲ နေပူမိုးရွာမရှောင် မိုးလင်းကနေမိုးချုပ်အထိ နေ့စားသွား၊ တောင်ယာခုတ်လုပ်ခဲ့ရတဲ့အပြင် တခါတရံ ရွှေမှော်တွေမှာ ဈေးထွက်ရောင်းပြီး မိသားစုစားဝတ်နေရေးကို ရုန်းကန်ဖြေရှင်း ခဲ့ရတယ်လို့ ပြောပါတယ်။

မီးဖွားခါနီး ကိုယ်ဝန်ကိုလွယ်ထားရချိန်မှာတောင် လမ်းလျှောက်တတ်စသားလေးကို ကျောပေါ်ပိုးပြီး သူမနေထိုင်ရာ မြစ်ဆုံတန်ဖရဲကျေးရွာနဲ့ အနီးတဝိုက်မှာရှိတဲ့ ရွှေမှော်တွေမှာ ရွှေကျင်(ထိုးလောင်းလောင်း)သွားပြီး နို့မှုန့်ဖိုး၊ ကလေးကျောင်းစရိတ်ဖိုး ရှာဖွေခဲ့ရတယ်လို့ ပြောပါတယ်။

ခက်ခဲလှတဲ့ မိသားစုအခြေအနေမှာ တစ်နှစ်ကို တစ်ဦးနှုန်းနဲ့ ကလေးကိုးယောက်မွေးခဲ့ပြီး မိသားစုဝေယျာဝစ္စကိစ္စတွေနဲ့ပဲ လုံးပန်းနေရလို့ ပျော်ပျော်ရွှင်ရွှင် မနေခဲ့ရဖူးတဲ့ ဒေါ်ရွှယ်တောင်ဟာ "ဘယ်လောက်ခက်ခဲပါစေ ကလေးတွေကြီးလာရင်တော့ ပျော်ပျော် နေရမှာပါ"ဆိုတဲ့အတွေးနဲ့ အားတင်းခဲ့ရတယ်လို့ ဆိုပါတယ်။

၂၀၁၈ ခုနှစ်က ကိုနေလင်းအောင်(ခေါ်) ကိုနေက ယောင်မှားမှား ဗမာစကားပြောပြီး ဈေးရောင်းနေတဲ့ ဒေါ်ရွှယ်တောင်ကို ရုပ်သံရိုက်ယူပြီး facebook ပေါ်တင်လိုက်တဲ့ အချိန်မှာတော့ သူမနဲ့သံယောဇဉ်ကြိုးတံတား အပြောင်းအလဲစတင်ဖြစ်လာခဲ့တာပါ။

နိုင်ငံကျော်အနုပညာရှင်အချို့အပါအဝင် သူ့မစကားပြောဟန်ကို သဘောကျတဲ့ ဧည့်သည်တွေဟာ မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာအနီးရှိ ကျိန်ခရန်ချောင်းဘေးက ဒေါ်ရွှယ်တောင်ရဲ့ "သံယောဇဉ်ကြိုးတံတား" ဆိုင်အထိ တကူးတက လာရောက်တွေ့ဆုံမိတ်ဆက်ပြီး စားသောက်အားပေးကြပါတယ်။

ဈေးနှုန်းနဲ့ ကုန်ပစ္စည်းအမည်တွေကို တလွဲတချော် ယောင်တမ်းပြောပြီး ဈေးရောင်း နေတဲ့ ဒေါ်ရွှယ်တောင်ကို ရုပ်သံရိုက်ယူပြီး facebook ပေါ် ပထမဆုံးတင်ခဲ့သူ ကိုနေက ဗီဒီယိုရိုက်ယူခဲ့ချိန်က လိုင်းပေါ်တင်ဖို့ မရည်ရွယ်ခဲ့ပဲ၊ အိမ်ရောက်ရင်ပြန်ကြည့်ဖို့သာ ရည်ရွယ်ပြီး ရိုက်ခဲ့တယ်လို့ ပြောပါတယ်။

"ဈေးရောင်းတာကိုမေးရင်းနဲ့ပေါ့နော် ဗီဒီယိုမှာလည်းမြင်မှာပေါ့နော် ဒါပေမဲ့ ကျွန်တော်သူများကို လှောင်ပြောင်စေချင်တဲ့ စိတ်ဆန္ဒလည်းမရှိပါဘူး။ ဆိုင်ကလည်းလူရှင်းတယ်၊ အခုလိုမဟုတ်ဘူး။ ဗီဒီယိုရိုက်ပြီးပြန်တယ်၊ ခွင့်တော့မတောင်းလိုက်ရဘူး။"လို့ ဆိုပါတယ်။

ရုပ်သံဖိုင်ကိုတင်ခဲ့ပြီးနောက် ငါးလခန့်အကြာမှ "သံယောဇဉ်ကြိုးတံတား" ဆိုင်ကိုပြန်ရောက်ဖြစ်တဲ့အခါ ဆိုင်အနေအထားဟာ လုံးဝပြောင်းလဲသွားပြီး အောင်မြင်နေတာကို တွေ့ခဲ့ရတယ်လို့ ကိုနေက ဆိုပါတယ်။

"စိတ်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် ဒီဟာလေးကို ကိုယ်လုပ်လိုက်တဲ့အတွက် သူကဈေးရောင်းကောင်းတယ်၊ အဆင်ပြေသွားတယ်ဆိုတာ သိရတဲ့အခါကျတော့ တော်တော်လေးကို ဝမ်းသာပါတယ်" ဒါပေမဲ့ ဆိုင်ကိုလာတဲ့ ဧည့်သည်အချို့က ဒေါ်ရွှယ်တောင်ကို အနားမှာခေါ်ထားပြီး ဟာသဆန်ဆန် သဘောထားဆက်ဆံနေကြတာကို တွေ့ခဲ့ရတဲ့အတွက် စိတ်မကောင်းလည်း ဖြစ်ခဲ့ရတယ်လို့ ကိုနေက ဆိုပါတယ်။

နိုင်ငံကျော်အဆိုတော် ငဲငယ်လေး (ချစ်စမ်းမောင်ရဲ့သမီး)ကလည်း သူမြစ်ကြီးနားရောက်စဉ် ဒေါ်ရှယ်တောင်နဲ့ သွားရောက်တွေ့ဆုံပြီး လူမှုကွန်ယက်တွင် Live လွှင့်ဖြစ်ခဲ့ပေမဲ့ ဆိုင်မှာလာတဲ့သူတွေ တစ်ဝိုင်းပြီး တစ်ဝိုင်းခေါ်ပြီး ရုပ်သံရိုက် စနောက်နေတာတွေကိုမြင်ပြီး စိတ်မကောင်းမိတဲ့အတွက် သူတင်ထားတဲ့ Live ကို ပြန်ဖျက်ပေးလိုက်ကြောင်း သူ့ရဲ့ facebook စာမျက်နှာမှာ ရေးသားထားပါတယ်။

"အားရှောင်လို့ ခုလိုသူများတွေအားရှောင်ကို video တွေရိုက် live တွေတင်တာ ဘယ်လိုခံစားရလဲ" မေးတော့ သူ့မျက်ရည်ဝဲဝဲလေးနဲ့ ပြန်ဖြေရှာတယ်။ မပျော်ဘူးအဲ့လိုတွေ ဟာသလိုစနောက်တာ သူဝမ်းနည်းတာ ခံစားမိတယ်။ သူမကြိုက်ဘူးတဲ့" ဒေါ်ရှယ်တောင်ရဲ့ရုပ်သံဖိုင်ကို live လုပ်ထားတာကိုပြန်ဖျက်လိုက်ပြီး တောင်းပန်ခဲ့ရတယ်လို့ ငဲငယ်လေးက ရေးသားထားပါတယ်။

ဒေါ်ရှယ်တောင်ကတော့ ဈေးရောင်းကောင်းလာတာနဲ့အမျှ တစ်ရက်တစ်ရက် အရေအတွက်ရာဂဏန်းအထိရှိတဲ့ ဧည့်သည်တွေနဲ့အတူ စကားပြောပေး၊ ဓါတ်ပုံအတူရိုက်ခံတာတွေ လုပ်ရင်း လာလည်တဲ့ဧည့်သည်တိုင်းကို ပျော်ရွှင်စေတဲ့သူမဟာ တခါတလေတော့ ပင်ပန်းတဲ့ဒဏ်ကိုလည်း ခံစားရတယ်လို့ ပြောပါတယ်။

သူမက ဆိုင်ကိုလာလည်တဲ့ ဧည့်သည်တွေကို မုန့်နဲ့ရေသန့်ဗူးတွေကို မေတ္တာလက်ဆောင်အဖြစ် လိုက်ပေးပါသေးတယ်။

"တခါတလေ ထမင်းမစားရသေးတဲ့အချိန်၊ အလုပ်များနေတဲ့အချိန်မျိုးဆိုရင် ပင်ပန်းတာပေါ့၊ ဒါပေမဲ့ သားသမီးတွေကို ကျွေးမွေးရမယ်ဆိုတဲ့ စိတ်နဲ့ အားတင်းထားရတယ်"လို့ ဆိုပါတယ်။

မောပန်းမှုတွေရှိပေမဲ့ ဧည့်သည်တွေကို ပျော်ရွှင်စေဖို့ကို သူမအမြဲကြိုးစားနေပါတယ်၊ ပုံတွဲရိုက်ချင်သူတွေကိုလည်း ပုံအတူတွဲရိုက်ပေးနေပါတယ်။

"အခုလိုလာအားပေးကြတဲ့အတွက် အရမ်းဝမ်းသာတယ်၊ ကျွန်မလို အရိုးနဲ့ပိန်ပိန်ပါးပါး တစ်ယောက်နဲ့အတူ ဓါတ်ပုံအတူရိုက်ချင်ရင်လည်း ရိုက်ကြတာပေါ့"လို့ ဒေါ်ရှယ်တောင်က ပြောပါတယ်။

ဈေးရောင်းတာ အဆင်ပြေနေရင် သားသမီးတွေကို ပညာရေးမှာ သူတို့ကြိုးစားနိုင်သလောက် ပံ့ပိုးပေးချင်တဲ့အပြင် အခုကျောင်းတက်နေကြဆဲ သားသမီးငယ် ၅ယောက်ကိုတော့ ဘွဲ့ရပညာတတ်တွေဖြစ်လာဖို့ မျှော်လင့်ထားတယ်လို့ ပြောပါတယ်။


ယခုဆိုရင် သူမရဲ့ခင်ပွန်းကလည်း ဆိုင်အတွက် လိုအပ်တဲ့ပစ္စည်းတွေကို အိမ်ကနေပြင်ဆင် ပေးနေပြီဖြစ်ပြီး အစားအသောက်ချက်ပြုတ်တဲ့ အပိုင်းကိုတော့ သားသမီးတွေနဲ့ လွဲထားနိုင် ပြီဖြစ်ပါတယ်။

ယခုအချိန်မှာတော့ facebook ဆိုရှယ်မီဒီယာရဲ့ အကျိုးကျေးဇူးကြောင့် ဘဝကံကြမ္မာကောင်း ဘက်ကို ဦးတည်လာနေပြီဖြစ်တဲ့ ဒေါ်ရွှယ်တောင် ဟာ အခုလိုဈေးရောင်းအဆင်ပြေလာခြင်း ဟာ အာလမ်ဆုတောင်းတောင် လက်ဝါးကပ် တိုင်ပွဲကိုသွားခဲ့စဉ်က ဘုရားသခင်ဆီမှာ ဆုတောင်းခဲ့တဲ့အတွက်လည်းဖြစ်တယ်လို့ ယုံကြည်နေပါတယ်။

"မိသားစုရဲ့အခက်အခဲတွေကို ဘုရားသခင်ဆီ တိုင်တည်ပြီး ဆုတောင်းခဲ့တယ်၊ နောက်သိပ် မကြာဘူး ကင်မရာရိုက်ပြီး facebook ပေါ် တင်ပေးမယ့်သူ ရောက်လာတာပဲ"လို့ ပြောပါ တယ်။

ဒါကြောင့်လည်း ဆိုင်ကိုလာအားပေးကြတဲ့ ဧည့်သည်တိုင်းအတွက် "ဘုရားသခင်က သူတို့အပေါ်မှာ ပိုသော ကောင်းချီးပေးပါစေ၊ ကျန်းမာချမ်းသာကြပါစေ၊ ဆိုင်ကအပြန်လမ်း ခရီးမှာလည်း ချောချောမွေ့မွေ့ဖြစ်ပါစေ" ဆိုပြီး ပုံမှန်ဆုတောင်းပေးနေတယ်လို့ ဆိုပါတယ်။

"ငါးလျှာ ဩော်..ကြက်လျှာ..
ဝက်လျှာကင်၊ ကျောက်ကပ်သုပ်၊
ထွန်းရွှေဝါသုပ်...



# စည်ပင်တူး
## သို့မဟုတ်
# ဒရမ်မာတူး

မရန်

28 May 2019




သူ့နာမည် ကိုဆိုင်းမိုင်တူး။ လူတွေကသူ့ကို ကိုတူး၊ ဒရမ်မာတူး၊ စည်ပင်တူးလို့ခေါ်ကြတယ်။ ကေအိုင်အို ဌာနချုပ်ရှိတဲ့ လိုင်ဇာမြို့မှာ စည်ပင်တူး၊ ဒရမ်မာတူးဆိုရင် လူတွေကသိကြပါတယ်။

"ဒရမ်ကို ၂၀၀၄ မှာ ပွဲဦးထွက်တီးပြီး ကချင်နာမည်ကြီးအဆိုတော် ဒွဲဂမ်၊ လခရိထုရှန်တို့ဆိုတဲ့ ရှိုးပွဲမှာစတီးတာ"

သူဟာ လိုင်ဇာမြို့တော်သန့်ရှင်းလုပအောင် လုပ်ဆောင်နေသူ သာမက ဒရမ်တီးခတ်ခြင်းဖြင့် ပြည်သူတွေကို ဖျော်ဖြေပေးနေသူဖြစ်ပါတယ်။ သူရဲ့ဇာတိက ဖားကန့်မြို့နယ် ကာမိုင်းမြို့ ဖြစ်ပါတယ်။ နာမည်အပြည့်အစုံ ကတော့ ဆိုင်းမိုင်တူး ဖြစ်ပါတယ်။

ကိုဆိုင်းမိုင်းတူက မွေးကတည်းက သူငယ်နာ အကြောသေ (ပိုလီယို)ရောဂါ ခံစားရသူဖြစ်ပေမဲ့ စည်ပင်ဂန်ထမ်းလုပ်နေခြင်း၊ တေးဂီတရှိုး ပွဲများတွင် ဒရမ်တီးခြင်းတို့ဖြင့် အသက်မွေးဂမ်း ကျောင်း ပြုနေသူဖြစ်ပါတယ်။ ကာမိုင်းမှ အသက်(၇၈)နှစ် အမေကိုလည်း တတ်နိုင် သလောက် ငွေကြေးထောက်ပံ့လျှက်ရှိ ပါတယ်။

"အရင်ကတော့ ဂီတာကို စိတ်ဂင်စားတယ်။ ဂီတာသင်တယ်။ ဒါပေမဲ့ ကျွန်တော့်လက်က အဆင်မပြေတော့ မတီးတော့ဘူး။ ဒရမ်က သင်ဆရာမရှိဘူး၊ မြင်ဆရာပဲရှိတယ်။ သူများတီး တာကိုကြည့်ပြီး တီးဖြစ်သွားတာ။"ဟု ကိုဆိုင်း မိုင်းတူးက သူဒရမ်မာဘဂ ဖြစ်လာပုံကို ပြောပြပါတယ်။ ၂၀၀၃ လောက်မှ ဆရာတန်ဂွန်း ဆိုသူက သူ့ကိုဒရမ်တီးတဲ့အချိန် သဘောပေါက် အောင် ကော့ဒ်တွေကို ဘယ်လိုကြည့် ရမယ်ဆိုတာတွေကို ပြောပြဖူးကြောင်းလည်း ဆိုပါတယ်။

၂၀၀၆ ခုနှစ် ကနေစပြီး အမေရှိတဲ့အတွက် လိုင်ဇာကိုပြောင်းလာခြင်းဖြစ်တယ်။ သူရောက် လာပြီးနောက်တော့ အမေကိုအိမ်ပြန်ခိုင်းလိုက်ပြီး သူကလိုင်ဇာမှာပဲဆက်နေကာ အလုပ်လုပ်ရင်း မိခင်ကို ထောက်ပံ့နေသူဖြစ်ပါတယ်။

မောင်နှမ ၄ယောက်မှာသူက အငယ်ဆုံးဖြစ် တယ်။ ကျန်တဲ့အစ်မနှစ်ယောက်နဲ့ အစ်ကို တစ်ယောက်က အိမ်ထောင်ပြုသွားပြီလို့ ဆိုပါတယ်။ ကျောင်းပညာကို (၉)တန်းအထိ တက်ဖူးသူဖြစ်ပါတယ်။

"ဒရမ်ကို ၂၀၀၄ မှာ ပွဲဦးထွက်တီးပြီး ကချင် နာမည်ကြီးအဆိုတော် ဒွဲဂမ်၊ လခရိထုရှန်တို့ဆိုတဲ့ ရှိုးပွဲမှာစတီးတာ"ဟု ကိုဆိုင်းမိုင်တူးကဆိုသည်။

လိုင်ဇာမှာရောက်တဲ့အချိန်မှာလည်း ရှိုးတွေဆက် တိုက်တည်းတယ်။ အခုဆိုရင် သူပါဝင်တီးတဲ့ ရှိုးပွဲ ၂၀ကျော်ရှိသွားပြီဖြစ်ပြီး၊ သူတို့ဂီတအဖွဲ့ တွေစုပြီး စစ်ဘေးဒုက္ခသည်တွေကို လိုက်လံ ဖျော်ဖြေပေးတဲ့ အဖွဲ့မှာလည်း လိုက်ပါပြီး တီးခတ်နေတယ်လို့ ဆိုပါတယ်။

"စစ်ဘေးဒုက္ခသည်တွေက စိတ်ညစ်စရာတွေ အရမ်းများတယ်။ သူတို့က နည်းနည်းပါးပါး ပဲဖြစ်ဖြစ် ပျော်ရွှင်မှုတွေရအောင် လိုက်လံဖျော် ဖြေတာ" ထိုသို့ပါဂင်နေရတာကို စိတ်ပျော်ရွှင်နေ ကြောင်းလည်း ကိုဆိုင်းမိုင်းတူးက ဆိုပါတယ်။

သူနဲ့အတူ ရှိုးတီးဖူးသူ သူငယ်ချင်း ကိုလလုံး ကလည်း "သူက ဒရမ်တီးတာက ကောင်းတယ်။ လိုင်ဇာမှာလည်း ဆရာတစ်ယောက်ပဲရှိတယ်။ အဲဆရာနဲ့သူနဲ့အလှည့်ကျသလို တီးကျတယ်။ သူ့မှာ Sindun Shingni ဆိုတဲ့ တီးဂိုင်း လည်းရှိတယ်။"ဟု ကိုဆိုင်းမိုင်တူးရဲ့ ဒရမ်တီး တဲ့အပေါ် သုံးသပ်ပြောဆိုပါတယ်။ ကိုဆိုင်း

မိုင်းတူးဟာ သူကိုယ်တိုင်လေ့ကျင့်ရန် ဒရမ်နှင့် စက်ပစ္စည်းအချို့ကိုလည်း လိုင်ဇာတွင် ကိုယ်တိုင် ဂယ်ထားပြီး ပုံမှန်လေ့ကျင့် သူဖြစ်ပါတယ်။

ဒရမ်ကို အရမ်းစိတ်ဂင်စားပြီး ဒရမ်မာသမား ကောင်း တစ်ယောက်ဖြစ်ချင်ပေမဲ့ ကျန်းမာရေး မကောင်းလာတဲ့အတွက် စိတ်ပျက်နေကြောင်း သူကပြောပါတယ်။

"ဖြစ်ချင်တာတော့ အများကြီးပဲ အခုက ကျန်မာ ရေးမကောင်းဘူး။ ကျန်းမာရေးကောင်း သွားရင် တော့ စိတ်ကူးထားတာတွေလည်း ဖြစ်အောင်လုပ် မယ်လို့ စိတ်ကူးထားတယ်။"ဟု ကိုဆိုင်းမိုင်တူးက ဆိုပါတယ်။

သူဟာ မွေးရာပါပိုလယိုရောဂါ ဝေဒနာရှင်ဖြစ် ပေမဲ့ ဒရမ်ကိုလေ့ကျင့်ပြီး ကောင်းကောင်းတီး နိုင်ခဲ့သူ ဖြစ်ပေမဲ့လည်း ယခုအချိန် ယခင်က ထက် ကျန်းမာရေးဆိုးလာတဲ့အတွက် ကောင်းမွန် စွာ မတီးနိုင်ကြောင်းကိုလည်း ပြောပြပါတယ်။ သူလမ်းကောင်းကောင်း မလျှောက်လာနိုင်မှု တွေလည်းရှိ လာပါတယ်။ အရမ်းအေးတဲ့အ ချိန်ဆိုပိုဆိုးကြောင်းလည်း ဆိုပါတယ်။
"တခြားဟာတွေကို အကုန်တီးနိုင်တယ်။ ဒါပေမဲ့ Rolling ဆွဲတဲ့ ဒရမ်ရိုက်ချက်တွေကိုလည်း သိပ်မရိုက်လာနိုင်တော့ဘူး။ တီးတဲ့အခါကျတော့ အားလုံးက ချီးကျူးကြတယ်။"ဟု ကိုဆိုင်းမိုင်တူးက ဆိုပါတယ်။
တကယ်ရှုံးပွဲတွေတီးတဲ့အချိန်မှာ အဆင်ပြေ အောင် အကုန်တီးနိုင်ပေမဲ့ အစကရှုံးပွဲတွေငှားပြီး သွားတီးတဲ့အချိန်တွင်မှာ ပွဲငှားတဲ့သူတွေ အဆိုတော်တွေက သူ့ကိုကြည့်ပြီး မယုံမကြည်နဲ့ အားမလိုအားမရ ဖြစ်တာတွေလည်း ကြုံခဲ့ဖူး တယ်လို့ ကိုဆိုင်းမိုင်တူးက ဆိုပါတယ်။

ထိုကဲ့သို့အဖြစ်အပျက်တွေ ကြုံတွေ့ရတဲ့အချိန် ကိုဆိုင်းမိုင်တူး စိတ်အားငယ်မှုတွေလည်း ရှိခဲ့တယ်လို့ ကိုလလုံးက ဆိုပါတယ်။

"ဖိအားပေးခံရသလိုခံစားရတယ်။ စိတ်အား လည်း တအားငယ်တတ်တယ်။ သူများခေါ်ပြီး သူ့ကိုတစ်ခုခုပြောရင်။ သူက မတီးတော့ဘူး။ အခြားတစ်ယောက်ပြန်ငှားပါဆိုတာမျိုး ဖြစ်သွားတယ်။"ဟု ကိုလလုံးက ဆိုပါတယ်။

ကိုဆိုင်းမိုင်တူးရဲ့ အဓိကရည်မှန်းချက်က တီးဝိုင်းအစုံစက်အစုံဂယ်ထားပြီး ရှုံးပွဲတွေမှာ လိုက်ငှားစားဖို့ဖြစ်တယ်။ ဒါတင်မကပဲ လူငယ် တွေကို ဒရမ်တီးတဲ့ပညာကို သင်ပေးချင် တယ်လို့လည်း ဆိုပါတယ်။

စာမျက်နှာ ၂၉ သို့ →




# နေရပ်ပြန်ရေးလွှမ်းမိုးပြီး၊ ကချင်လူထု ပါဝင်မှုနည်းလာတဲ့ တကျော့ပြန်စစ်ပွဲ (၈) နှစ်ပြည့်ဆုတောင်းပွဲ

လော့ခွမ့်ဇော်
8 June 2019

"စစ်ရှောင်ပြည်သူတွေရဲ့ ၈နှစ်သာကာလအတွင်း ကြုံတွေ့ကျော်ဖြတ်ခဲ့ရတဲ့ အခက်အခဲတွေကို သက်ဆိုင်ရာ အစိုးရများနှင့် နှစ်ဖက်လက် နက်ကိုင်တွေနဲ့ ပြည်သူအားလုံးသိရှိနိုင်ဖို့ အခမ်းအနားကို ကျင်းပရခြင်းဖြစ်တယ်"

"IDP camp ကလူတွေပဲများနေတယ်၊ ဒေသခံ အသင်းတော်တွေ ရွာကလူတွေလာတာနည်းတာတွေ့ရ တဲ့အတွက် စိတ်မကောင်းပါဘူး"လို့ ကချင်ဒေသ တကျော့ပြန်စစ်ပွဲ (၈)နှစ်ပြည့် ဆုတောင်းပွဲအခမ်းအနားအပေါ် KBC ဥက္ကဌ Rev.ဒေါက်တာခလမ်ဆမ်ဆွန်က မှတ်ချက်ပြု ပြောဆိုပါတယ်။

ကချင်လူထုထောင်ဂဏန်း ပါဝင်တက်ရောက်လေ့ရှိတဲ့ တကျော့ပြန်စစ်ပွဲ နှစ်ပတ်လည် ဆုတောင်းပွဲ အခမ်းနားဟာ ၂၀၁၉ ခုနှစ်မှာတော့ အစီအစဉ်စတင်ပြီး မနက် ၁၀ နာရီထိုးလာတဲ့အချိန်ထိ တက်ရောက်လူဦးရေ အယောက်



တစ်ထောင်ပင် မရှိသေးတဲ့အခြေအနေကိုမြင်ရပါတယ်။

KACHIN WAVES

ယခုလို ပါဝင်တက်ရောက်သူ နည်းသွားရခြင်းဟာ တက္ကသိုလ်ဝင်တန်း အောင်စာရင်း ထွက်ရှိတဲ့နေ့နှင့် ရက်တိုက်နေတာကြောင့် ဒါမှမဟုတ် ခါတိုင်းနှစ်နဲ့ မတူပဲ ဂျွန်လ ၈ ရက်နေ့မှာ ပြုလုပ်တဲ့အတွက်၊ မနက်ကတည်းက သဲသဲမည်းမည်းရွာတဲ့ မိုးကြောင့်ပဲလား၊ အခမ်းအနားဖိတ်ကြားမှု အားနည်းချက်ကြောင့်လား တခုခုကြောင့်တော့ ဖြစ်ပါလိမ့်မယ်။

"စစ်ရှောင်ပြည်သူတွေရဲ့ ဧနစ်သာကာလအတွင်း ကြုံတွေ့ကျော်ဖြတ်ခဲ့ရတဲ့အခက်အခဲတွေကို သက်ဆိုင်ရာ အစိုးရများနှင့် နစ်ဖက်လက်နက်ကိုင်တွေနဲ့ ပြည်သူအားလုံးသိရှိနိုင်ဖို့ အခမ်းအနားကို ကျင်းပရခြင်းဖြစ်တယ်"လို့ ယနေ့အစီအစဉ်ဖြစ်မြောက်ရေးတာဝန်ခံ မဆိုင်းနူးပန်က ဆိုပါတယ်။

ကချင်လူထု ပါဝင်မှုနည်းပါးပေမဲ့ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်တွေအပါအဝင် စစ်ရှောင်ပြည်သူများ အများဆုံးလာရောက်တဲ့ ဧနစ်ပြည့်အခမ်းအနားကတော့ IDP များ လုံခြုံစိတ်ချစွာနေရပ်ပြန်နိုင်ရေးဆိုတဲ့ အချက်တွေက အဓိကလွှမ်းမိုးခဲ့ပါတယ်။

ယနေ့အခမ်းအနားမှာ ကချင်ဒေသစစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC) ရဲ့ဥက္ကဋ္ဌတာဝန်ကို လည်းယူထားတဲ့ Rev. ဒေါက်တာ ခလမ် ဆမ်ဆွန်က စစ်ရှောင်များ နေရပ်ပြန်နိုင်ရေး လုပ်ဆောင်နေတဲ့အခြေအနေတွေကို အဓိက ပြောဆိုခဲ့ပါတယ်။

"နေရပ်ပြန်သူများအတွက် လုံခြုံမှုရှိရမယ်၊ မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ နေရပ်ပြန်တာဖြစ်ရမယ်၊ နိုင်ငံတကာ အကူအညီတွေရရှိရမယ်၊ ပြန်ကြတော့ဆိုပြီး သွားပို့ထားတာနဲ့ မလုံလောက်ဘူး၊ ဒါတွေကို ညှိနှိုင်းတိုင်ပင်ပြီးတော့ လုပ်ဆောင်နေပါတယ်"လို့ပြောပါတယ်။

ထို့အပြင် စစ်ဘေးဒုက္ခသည် ဖြစ်လာရတဲ့အချိန်ကာလတုန်းက ဂုဏ်သိက္ခာမဲ့စွာ ထွက်ပြေးခဲ့ကြရတာ ဖြစ်တဲ့အတွက် နေရပ်ပြန်နိုင်ရေးမှာတော့ ဂုဏ်သိက္ခာရှိစွာနဲ့ ပြန်နိုင်ဖို့ အလွန်ပင်

အရေးကြီးတယ်လို့ ဒေါက်တာခလမ်ဆမ်ဆွန်က တိုက်တွန်းပြောဆိုပါတယ်။
ယနေ့အခမ်းအနားတွင်ထုတ်ပြန်လိုက်တဲ့ ကချင်ပြည်နယ်အတွင်းရှိ IDPs များကြုံတွေ့နေရတဲ့အခင်းအကျဉ်းအပေါ် IDPs လူငယ်များရဲ့ ရပ်တည်ချက်ဆိုတဲ့ထုတ်ပြန်ချက်မှာလည်း နေရပ်ပြန်ရေးနှင့် ပတ်သက်တဲ့ အချက်များက အများစုပါဝင်နေပါတယ်။

"နေရပ်ပြန်ရေး၌ ခြိမ်းခြောက်ဖိအားပေးခြင်း၊ မက်လုံးပေးခြင်းမပြုပဲ IDPs များရဲ့ သဘောဆန္ဒအလျောက် ဖြစ်ရေး၊ ပြန်လည်နေရာချထားရေးအတွက် IDPs များကိုလွပ်လပ်စွာ ရွေးချယ်ခွင့်ပြုရေး" စတဲ့အချက် ၂၀ ပါဝင်တာကိုတွေ့ရပါတယ်။

ဆုတောင်းပွဲအခမ်းအနားမှာ ဝိုင်းမော်မြို့နယ် မိုင်းနား KBC စစ်ရှောင်စခန်းမှာနေထိုင်တဲ့ မတိန့်ဝင်းရဲ့ IDPs ကလေးများ ရင်ဆိုင်နေရတဲ့ ခွဲခြားဆက်ဆံခံရမှုတွေကို မျက်ရည် ပေါက်ပေါက်ကျပြီး ရင်ဖွင့်ပြောပြတဲ့အစီအစဉ်တစ်ခုလည်း ပါဝင်ပါတယ်။

ကျောင်းတက်ချိန်မှာ ဆရာဆရာမအချို့ရဲ့ IDPs ကျောင်းသူကျောင်းသားတွေအပေါ် ခွဲခြားပြောဆိုမှုများကြောင့် ကျောင်းမတက်ချင်အောင်ဖြစ်ခဲ့ရတာတွေ၊ ပတ်ဝန်းကျင်က အထင်အမြင်သေးခံရတာတွေ၊ စစ်ရှောင်ကလေးများ လမ်းပျောက်ကာ ပျက်စီးခဲ့ရတဲ့ အခြေအနေတွေကို ရင်ဖွင့်ပြောဆိုချိန်မှာတော့ နားထောင်နေသူအချို့ကို စိတ်မကောင်း မျက်ရည်ကျစေခဲ့ပါတယ်။
ဆုတောင်းပွဲအခမ်းအနားအစီအစဉ် အပြီးမှာတော့ စစ်ရှောင်များရဲ့ ဘဝအခြေအနေကို အောက်မေ့ သတိရဖို့အတွက်ဆိုကာ ထမင်းကြမ်းနဲ့ ဆားထုပ် ဝေမျှစားသုံးကြပါတယ်။

နောင်နန်း ဂျော်မဆပ် IDP စခန်းမှာနေထိုင်တဲ့ ဆရာမဒေါ် ဘောမ်လုံကတော့ ထမင်းကြမ်းနဲ့ ဆားနယ်စားနေတဲ့အချိန် တနိုင်းအောင် လောဒ်ကျေးရွာကနေ တောထဲမှာရက် ၂၀ ကျော်လမ်းလျှောက်ထွက်ပြေးခဲ့ရတဲ့ အချိန်တွေကို ပြန်အမှတ်ရလာစေတယ်လို့ ဆိုပါတယ်။

"ထမင်းစားနေတဲ့အချိန် စိတ်မကောင်းလို့ မျက်ရည်ကျမိတယ်၊ တိုက်ပွဲကြောင့်တကွဲတပြားထွက်ပြေးလာချိန်က ထမင်းတစ်လုပ်စားဖို့တောင် အခက်အခဲဖြစ်တယ်၊ တောထဲမှာ ၂၈ ရက်နေခဲ့ရတုန်းက ဒီနေ့စားတဲ့ ထမင်းမျိုးကိုတောင် မစားခဲ့ရဘူး၊ အသီးအရွက်တွေ ငှက်ပျောအူတွေခုတ်စားပြီးကျော်ဖြတ်ခဲ့ရတယ်" လို့ပြောပါတယ်။

ထို့အပြင် အမြဲတမ်းကိုယ့်အိမ်ကိုယ့်ရွာကို ပြန်ချင်တဲ့စိတ်ဖြစ်မိပေမဲ့ လက်နက်ကိုင် နစ်ဖက်လုံးရဲ့ ခိုင်မာတဲ့ ကတိကဝတ်ရရှိမှ၊

မိုင်းရှင်းလင်းရေးတွေလုပ်ဆောင်ပြီးတဲ့အခြေအနေဖြစ်မှ နေရပ်ပြန်ချင်တယ်လို့ ဆိုပါတယ်။

ဆုတောင်းပွဲအစီအစဉ်အဆုံးပိုင်းမှာတော့ တကျော့ပြန်စစ်ပွဲစတင်တဲ့ ၂၀၁၁ ခုနှစ်မှာ မွေးဖွားခဲ့သူ စစ်ရှောင် ကလေးငယ် တစ်ဦးရဲ့ "နှစ်ဖက်သော လက်နက်ကိုင်များ ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်ပြီးနောက် နေရပ်ပြန်နိုင်ကြပြီ" ဆိုတဲ့ အိမ်မက်အကြောင်းကို IDPs များက သရုပ်ဖော်တင်ဆက်ရင်း အခမ်းအနားကို အဆုံးသတ်ခဲ့ပါတယ်။

IDPs များမျှော်လင့်နေတဲ့အတိုင်း ငြိမ်းချမ်းရေးရကာ နေရပ်ပြန်နိုင်ကြမှာလား ဆိုတာကတော့ မသေချာ သေးပေမဲ့၊ ဒီနှစ်ရဲ့တကျော့ပြန်စစ်ပွဲနှစ်ပတ်လည် အခမ်းအနားမှာ ကချင်လူထုကအမှတ်ရ ပါဝင်မှုကတော့ သိသိသာသာ လျော့နည်းလာခဲ့ပါတယ်။

လူထုတက်ရောက်ပါဝင်မှု လျော့ကျခဲ့တဲ့အချက်အပေါ် Rev. ဒေါက်တာ ခလမ်ဆမ်ဆွန်မှတ်ချက်ပေးတာကတော့

"ဖြစ်မြောက်ရေးအစီအစဉ်ကို အချိန်ကပ်ပြီးမှလုပ်တာဖြစ်တဲ့အတွက်ကြောင့်လို့ပဲ ယုံကြည်ပါတယ်၊ ဒါပေမဲ့အားလုံးရဲ့ စိတ်ထဲမှာတော့ ၈နှစ်မြောက်ဆိုတာတော့သိနေဖို့ လိုမယ်ဆိုတာပြောချင်ပါတယ်"

(( ))

စာမျက်နှာ ၂၅ မှ အဆက် →

"ကျွန်တော်ကတော့ အရမ်းကြိုးစားချင်ပေမဲ့ ကျန်းမာရေးမကောင်းတော့ မလုပ်နိုင်တော့ဘူး။ ကျန်းမာရေးပြန်ကောင်းလာရင်တော့ ကြိုးစား မယ်။ ကျန်းမာရေးပြန်ကောင်းရင်တော့ အခု လူငယ်တွေကိုလည်း ကြိုးစားပေးတော့ မယ်။" ဟု ဆိုပါတယ်။
အခုဆိုရင် စည်ပင်တူးဆိုလည်းသူ့ကို အကုန်လုံး က သိကြသလို ဒရမ်မာတူးဆိုရင်လည်း သိကြ ပါတယ်။ စည်ပင်တူး သို့မဟုတ် ဒရမ်မာတူးခေါ် ဆိုင်းမိုင်တူးက ဘာသာရေးကိုင်းရှိုင်းသူဖြစ်သလို သူရဲ့အိမ်မက်တွေ တကယ်ဖြစ်လာဖို့လည်း ဘုရားသခင်ထံ ဆုတောင်းနေတယ်လို့ဆိုပါတယ်။

"ရှိုးတက်တီးခါနီးလည်း စင်အောက်ကနေ အမြဲတမ်းဆုတောင်းပြီးမှ တက်တီးတယ်။ သူငယ်ချင်းတွေကိုလည်း ဆုတောင်းကူခိုင်း တယ်။ အိမ်မက်တွေ တကယ်ဖြစ်လာဖို့လည်း ကျွန်တော်အမြဲတမ်း ဆုတောင်းတယ်။"




Nlum
31 August 2019

"ကော်မတီကို သုံးနှစ်တစ်ကြိမ်ပြန်ဖွဲ့တယ်။ ကျွဲ၊ နွားပိုင်ရှင်များက ကျွဲဆိုရင် စပါးနှစ်တင်း၊ နွားဆိုရင် တစ်တင်းခွဲကော်မတီကို ပေးရတယ်။ ကျွဲ၊ နွားပိုင်ရှင်တွေပေးတဲ့ စပါးတွေကို ကျွဲ၊ နွားကျောင်းတဲ့ ရွာသားများကို ပြန်ခွဲပေးတယ်။"

သမိုင်းဝင်လီဒိုလမ်းမ ဖြတ်သန်းသွားသည့် ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ နောင်းမီကျေးရွာသည် လယ်ယာမြေ စိုက်ပျိုးဖော်ထုတ်ရန် ရေခံမြေခံကောင်းပြီး မြေဆီသြဇာကောင်းမွန်သော ဟူကောင်းချိုင့်ဝှမ်းမှ ကျေးရွာတစ်ရွာဖြစ်သည်။ နောင်းမီကျေးရွာတွင် ကချင်လူမျိုးများအများဆုံးနေထိုင်ပြီး ရွာခံပြည်သူများအားလုံးနီးပါးသည် လယ်ယာစပါးကို အဓိကစိုက်ပျိုးထုတ်လုပ်ကြသော တောင်သူများဖြစ်ကြသည့်အပြင် အိမ်တိုင်းနီးပါး ကျွဲ၊ နွားများကို ပိုင်ဆိုင်ကြသည့်ရွာဖြစ်သည်။

ကချင်ပြည်နယ်မှ အခြားကျေးရွာများတွင်လည်း လယ်ယာမြေ ထွန်ယက်ရာတွင် ကျွဲ၊ နွားများကို အသုံးပြုပြီး စိုက်ပျိုးထွန်ယက်ကြပါသည်။ သို့သော် နောင်းမီကျေးရွာတွင်



ရွာသားများ၏ အဓိကအသက်မွေးဝမ်း ကြောင်းလုပ်ငန်းနှင့် လိုက်လျောညီထွေ စီမံထိန်းကျောင်းလာသော ကျေးရွာဓလေ့ ကျွဲ၊ နွားကျောင်းစားကျက်မြေထားရှိခြင်းသည် ယနေ့အချိန်အထိ တည်မြဲနေဆဲဖြစ်သည်။

လီဒိုလမ်းမဘေးတစ်လျှောက်တွင် လယ်ကွင်းများကို တစ်နေ့ထက်တစ်နေ့ တိုးချဲ့စိုက်ပျိုးလာရာ ကိုယ့်ကျွဲ၊ နွားကို ကိုယ်ထိန်းကျောင်းခြင်းသည် မနိုင်မနင်းဖြစ်လာသဖြင့် ကျေးရွာမှပုဂ္ဂိုလ်အချို့က ကျေးရွာစားကျက်မြေ၌ ကျွဲ၊ နွားကျောင်းသည့်စနစ်ကို စတင်ရန် အဆိုပြုလာကြရာ ရွာသားများ အစည်းအဝေးပြုလုပ်ကာ သဘောတူပြီး စတင်ခဲ့သည်ဟု ကျွဲ၊ နွားကျောင်းစားကျက်မြေထားရှိရန် ကနဦးအဆိုပြုသူထဲမှတစ်ဦးဖြစ်သူ ဦးဖော်ဒါလက ဆိုသည်။

ယခင်အချိန်တွင် ကားလမ်းဘေးနှင့် ကျွဲ၊ နွားဝင်နိုင်သည့် လမ်းကြောင်းများကို တစ်အိမ်ထောင်ပေဘယ်လောက်ဖြင့် ခွဲတမ်းချကာ နှစ်တိုင်းရွာသားများစုပေါင်းခြံကာခဲ့ရာ အခက်အခဲနှင့် ဝန်ထုပ်ဝန်ပိုးများလာသဖြင့် စားကျက်မြေ၌ ကျွဲ၊ နွားကျောင်းသည့် စနစ်ကို စဉ်းစားလာရခြင်းဖြစ်သည်ဟု ဦးဖော်ဒါလက ဆိုသည်။

"ကိုယ့်ကျွဲ၊ နွားများကို မကျောင်းနိုင်တော့ လယ်ကွင်းထဲ ကျွဲ၊ နွားဝင်စားရင် ရွာသားများ



အချင်းချင်း ပြဿနာဖြစ်ရတယ်"ဟု ၎င်းကဆိုသည်။

စားကျက်မြေကော်မတီကိုဖွဲ့စည်းပြီး စတင်ဆောင်ရွက်လာသည့်နှစ်များတွင် အခက်အခဲအချို့ရှိခဲ့သည်ဟု လက်ရှိကော်မတီဝင် ဦးဘရန်ဆိုင်းက ဆိုသည်။

"ကော်မတီကို သုံးနှစ်တစ်ကြိမ်ပြန်ဖွဲ့တယ်။ ကျွဲ၊ နွားပိုင်ရှင်များက ကျွဲဆိုရင် စပါးနှစ်တင်း၊ နွားဆိုရင်တစ်တင်းခွဲကော်မတီကို ပေးရတယ်။ ကျွဲ၊ နွားပိုင်ရှင်တွေပေးတဲ့ စပါးတွေကို ကျွဲ၊ နွားကျောင်းတဲ့ ရွာသားများကို ပြန်ခွဲပေးတယ်။"ဟု ဦးဘရန်ဆိုင်းက ဆိုသည်။

ကျွဲ၊ နွားများကို ရွာသားများအားလုံး စပါးစိုက်ပျိုးပြီးချိန်မှ စပါးရိတ်သိမ်းပြီးသည့်အချိန်အထိ စားကျက်မြေတွင် ကျောင်းရပြီး၊ ကျွဲ၊ နွားကျောင်းသည့် ရွာသားများကိုတစ်ဦးလျှင် စပါးတင်း (၅၅)တင်းနှင့် စားစရိတ်သပ်သပ် စားကျက်မြေကော်မတီမှ စီမံဆောင်ရွက်ပေးသည်။

အကယ်၍ ကျွဲ၊ နွားများ လယ်ကွင်းထဲဝင်ပြီး စပါးစိုက်ခင်းများ ဖျက်ဆီးခဲ့လျှင် ကျွဲ၊ နွားကျောင်းသူများမှ လျော်ပေးရပြီး၊ ကျွဲ၊ နွားများ သေဆုံးသွားခြင်း၊ ပျောက်ဆုံးသွားခြင်းများ ရှိခဲ့လျှင်လည်း ကျွဲ၊ နွားကျောင်းသည့် ရွာသားများမှ လျော်ပေးရကြောင်း စားကျက်မြေကော်မတီဝင်များထံမှ သိရသည်။ သို့သော် ဖြစ်ပျက်ရသည့် အကြောင်းရင်းများအပေါ် မူတည်၍ ပြစ်ဒဏ်ကို လျှော့ပေါ့စဉ်းစား ပေးသည်ဟု ကော်မတီဝင်များက ဆိုသည်။


ကျေးရွာစားကျက်မြေဖြင့် ကျွဲ၊ နွား ထိန်းကျောင်းပြီးနောက် လယ်ကွင်းထဲ ကျွဲ၊ နွားဝင်စားခြင်း မရှိသလောက်ဖြစ်လာသည့်အပြင် ကားလမ်းမပေါ်တွင်လည်း ကျွဲ၊ နွားချေးများ မတွေ့ရသလောက်ဖြစ်သွားသည်ဟု ဦးဘရန်ဆိုင်းက ဆိုသည်။

ထိုသို့ နောင်းမီကျေးရွာ၏ ကျွဲ၊ နွားကျောင်းစားကျက်မြေကို ထိန်းသိမ်းလုပ်ကိုင်လာခဲ့သည်မှာ ဆယ်နှစ်ကျော်လာပြီဖြစ်ပြီး ကျေးရွာ၏ အရှေ့ဘက်ခြမ်း ကျွဲစားကျက်မြေနှင့် နွားစားကျက်မြေများသည် စားကျက်မြေအဖြစ် တရားဝင်မှတ်ပုံတင် ရရှိပြီးဖြစ်သည်။

ကျေးရွာမှ ကျွဲ၊ နွားများကို ကျေးရွာစားကျက်မြေဖြင့် ကျောင်းသည့်စနစ်ဆယ်နှစ်ကျော်အောင်မြင်နေခြင်းသည် ကျေးရွာသားများစည်းလုံးမှုရှိခြင်းကြောင့် ဖြစ်သည်ဟု ကော်မတီဝင်များက ခံယူကြသည်။ သို့သော်နှစ်ကြာလာသည်နှင့်အမျှ စိန်ခေါ်မှုများလည်း ကြုံလာရသည်ဟု ပြောဆိုကြသည်။

အဓိကစိန်ခေါ်မှုမှာ ဆောင်းရာသီများတွင် စားကျက်မြေ၌ ကျွဲ၊ နွားစာ မြက်ပင်များရှားပါးလာခြင်းနှင့် အခြားအလုပ်အကိုင်သို့ သွားရောက်လုပ်ကိုင်လိုသည့် ရွာသားများ များလာခြင်းတို့ကြောင့် ကျွဲ၊ နွားကျောင်းမည့် ရွာသားများကို ရှာရခက်လာကြောင်း သိရသည်။

နောင်းမီကျေးရွာမှ ပြည်သူများ လယ်ယာမြေကိုပိုင်ဆိုင်ပြီး စက်မှုလယ်ယာစနစ်သို့ အပြီးအပိုင် မပြောင်းလဲသေးတရွေ့တော့ ကောင်းမွန်သော နောင်းမီကျေးရွာ၏ ကျေးရွာဓလေ့ ကျွဲ၊ နွားကျောင်းသည့်စနစ်လည်း ဆက်လက်ရှိနေဦးမည်ဖြစ်ပါသည်။



# ကချင် အငွေ့အသက်တွေနဲ့ပြည့်စုံတဲ့ “အင်လုံအင်နန်” ကောက်သစ်စားပွဲတော်

မရန်
20 November 2019

လူအများစိတ်ဝင်တစား လာရောက်ပါဝင်ကြတဲ့ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလမှာကျင်းပလေ့ရှိတဲ့ ကျေးရွာတစ်ရွာရှိပါတယ်။ ၎င်းကျေးရွာမှာ ဆဒုံမြို့အနီးက ဆင်္ဂါပါ



“တစ်ခုကတော့ ကျွန်တော်တို့ကို နတ်ပြန် ကိုးကွယ်တာနဲ့ တူတယ်ဆိုပြီး ပြောတာတွေ လည်းရှိတယ်။ ကျွန်တော် ဘုရားသခင်ကို ဆုတောင်းတဲ့နေရာမှာ နည်းနည်းအဆင့်မြင့် လိုက်တာပဲ။”

(Chyinghtawng Pa Buga) ကျေးရွာပဲဖြစ်ပါတယ်။ ထိုကျေးရွာက ဒေသခံတွေစည်းလုံးကြပါတယ်။ ကျေးရွာတွင် ဆေးလိပ်နဲ့အရက် လုံးဝမရောင်းတဲ့ ကချင်ပြည်နယ်က ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။

အိမ်ခြေတစ်ရာကျော်သာရှိပြီး လမ်းခရီးကြမ်းတမ်းတဲ့ ဆဂါပါကျေးရွာရဲ့ နှစ်စဉ်ကျင်းပလေ့ရှိတဲ့ ကောက်သစ်စားပွဲတော်မှာ နှစ်တိုင်းထောင်ချီတဲ့ ရပ်ဝေးရပ်နီးကညှေ့သည်တွေ ပျော်ရွှင်စွာ လာရောက်ပါဝင်ကြပါတယ်။

ပွဲတော်မှာ တက်တက်ကြွကြွပါဝင်ကြခြင်းက ကချင်ရိုးရာအနံ့အသက်ပါရှိတဲ့ "အင်လုံအင်နန်"ကောက်သစ်စားပွဲတော် (Nlung Nnan Sha - Chyeju Dum Poi) ကြောင့် ဖြစ်ပါတယ်။ ကချင်လူမျိုးတွေ တန်ဖိုးထားတဲ့ ရိုးရာအငွေ့အသက်နဲ့ပြည့်စုံတဲ့ ပွဲတော်တစ်ခု ဆိုရင်လည်း မမှားပါဘူး။ "အင်လုံအင်နန်"ကောက်သစ်စားပွဲတော်ကို ဆဂါပါကျေးရွာမှာ ကျင်းပသလိုမျိုး မြင်တွေ့ရတဲ့ ကချင်ရိုးရာကောက်သစ် စားပွဲတော်ဟာ အခုနောက်ပိုင်း မရှိသလောက် ဖြစ်သွားပါပြီ။ ကချင်လူမျိုးတွေရဲ့ ရိုးရာအငွေ့ အသက် အနှစ်သာရခံစားမှုကို ရရှိလိုပါက ဆဂါပါသို့ သွားပြီး ပွဲတော်မှာ ပါဝင်ဆင်နွှဲမှသာ ရရှိနိုင် တော့မယ် ဖြစ်ပါတယ်။

"တစ်ခုကတော့ ကျွန်တော်တို့ကို နတ်ပြန်ကိုးကွယ်တာနဲ့ တူတယ်ဆိုပြီး ပြောတာတွေလည်းရှိတယ်။ ကျွန်တော် ဘုရားသခင်ကို ဆုတောင်းတဲ့နေရာမှာ နည်းနည်းအဆင့်မြင့်လိုက်တာပဲ။"လို့ ဆဂါပါနှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာ ဘရန်အောင်က ပြောပါတယ်။

ကချင်တွေရဲ့ ရိုးရာအငွေ့အသက် အနှစ်သာရဆိုတာ ဘာလဲ။ ပွဲတော်နေ့အတွက် ဘယ်လိုပြင်ဆင်ကြရသလဲ။ ပွဲတော်နှစ်ရက်အတွင်းမှာ ဘာတွေလုပ်ဆောင်ကြသလဲ။

## ပြင်ဆင်ခြင်း။

ပွဲတော်နေ့မတိုင်ခင် တစ်ပတ်ခန့်ကနေ အသင်းသူအသင်းသားတွေ အားလုံးပါဝင်ပြီး စည်းစည်းလုံးလုံးနဲ့ ပွဲတော်အတွက် ပြင်ဆင် ကြပါတယ်။ စင်ထိုးတာတွေ၊ လာရောက်ထည့် လှူတဲ့ပစ္စည်းကြက်၊ နွား၊ ဝက်တွေကို ထည့် ဝင်လက်ခံထားဖို့ နေရာတွေ ပြင်ဆင်ကြပါတယ်။ ဘုရားကျောင်းဝင်း အတွင်း သန့်ရှင်းရေးတွေ အထူးလုပ်ကြပါတယ်။

စိတ်ဝင်စားစရာတစ်ခုကတော့ မိသားစုဝင်အချင်းချင်း၊ ကျေးရွာသူကျေးရွာသားတွေ အချင်းချင်း ကတောက်ကဆတ်ဖြစ်ခဲ့လို့ ပြေလည်မှု မရရှိသေးတဲ့သူတွေ နိုဝင်ဘာလ ဆန်းကနေစပြီး အချင်းချင်း တောင်းပန်ခွင့်လွှတ်ပြီး ကြည်ကြည် ဖြူဖြူ ပြေလည်မှုရယူတဲ့ (Mara Raw Hkat) ချစ်စရာကောင်းတဲ့ ဓလေ့လေး ပဲဖြစ်တယ်။

"ဒီနိုဝင်ဘာလရောက်ပြီဆိုရင် အဝေးမှာရောက်နေတဲ့သူတွေလည်း အကုန်ပြန်တယ်။ ခင်ပွန်းနဲ့ဇနီး ကတောက်ကဆတ်ဖြစ်ပြီး အချင်း

ချင်းစကားမပြောကြတဲ့ မိဘတွေကို သားသမီးတွေက သင်းအုပ်ဆရာတွေကို အကူအညီတောင်းပြီး ပြန်ညှိနှိုင်းပေးကြတယ်။ ဖနီးခင်ပွန်းနှစ်ယောက်စလုံးငိုပြီး ဆရာတွေ ရှေ့မှာ အပြန်အလှန်တောင်းပန်ခွင့်လွှတ်ကြပြီး ပြေလည်သွားကြတာတွေလည်း ရှိတယ်။"လို့ဆရာ ဘရန်အောင်က သူ့အတွေ့အကြုံကို ပြောပြတယ်။

## ဝါးလုံးပွတ်တိုက်ရိုးရာ မီးခတ်ပြိုင်ပွဲ။

ပွဲတော်မစတင်မီ ရှေ့တစ်ညမှာတော့ ဝါးလုံးနှစ်လုံးကိုပွတ်တိုက်ပြီး မီးခတ်တဲ့ပြိုင်ပွဲကျင်းပကာ ဧည့်သည်တွေကို ဖြေဖျော်ဧည့်ခံပါတယ်။ မီးခတ်ပြိုင်ပွဲ စတင်တာနဲ့တပြိုင်နက် လျှပ်စစ်မီးတွေကအစ တရွာလုံးမှာရှိတဲ့မီးတွေကို အကုန်ပိတ်ထားလိုက်ပါတယ်။

ပြိုင်ပွဲစတင်ပြီဆိုတာနဲ့ ပရိတ်သတ်တွေရဲ့ အားပေးသံတွေ အမှောင်ထဲက သံပြိုင်အော်ထွက်လာပါတယ်။ ဘုရားပေးထားတဲ့မီးတွေ အသုံးပြုနေရပေမဲ့ ကျေးဇူးတော်ချီးမွမ်းပြီး သုံးစွဲခြင်းကို မရှိဖူးသေးတဲ့အတွက် ၎င်းတို့ စားသောက်မယ့် အစားအသောက်တွေ ချက်မယ့် မီးကို ကျေးဇူးတော်နဲ့ပြည့်စုံတဲ့မီး၊ ကောင်းချီးမင်္ဂလာမီး(Chyeju Wan, Wunli Wan)ဖြစ်ပါစေ လို့ ဆုတောင်းပြီး ကျေးဇူးတော်ချီးမွမ်းခြင်း ဖြစ်တယ်လို့ ဆရာဘရန်အောင် ကပြောပြပါတယ်။ အရင်တုန်းက ကချင်လူမျိုးတွေ မင်္ဂလာဆောင် အခမ်းအနား၊ အိမ်သစ်တက်ပွဲအခမ်းအနား တွေလုပ်ရင် ပထမဆုံးမွှေးတဲ့မီးကို ကျေးဇူးတော် နဲ့ ပြည့်စုံတဲ့မီး၊ ကောင်းချီး မင်္ဂလာမီးဖြစ်ပါစေ လို့ ဆုတောင်းပြီး အသုံးပြုကြတယ်လို့ ဆရာက ဆက် ပြောပြပါတယ်။

တစ်ရွာလုံးလည်း မီးငြိမ်းထားပြီး ဝါးလုံးနှစ်လုံး ပွတ်တိုက်ကာ မီးခတ်ရာကနေ မီးထုတ်နိုင်မှ ကျေးဇူးတော်နဲ့ပြည့်စုံတဲ့မီး၊ ကောင်းချီး မင်္ဂလာမီး ဆိုပြီး ကောင်းချီးမင်္ဂလာယူတဲ့အမည်ကို သေသေချာချာ ကင်ပွန်းတပ်တယ်။ အဲဒီမီးကို အိမ်တိုင်းက မီးကူးယူပြီး မီးပြန်မွှေးတယ်။ ကျေးဇူးတော်အစားအသောက် (Chyeju Lu sha)တွေကို ပြန်ချက်ကြတာဖြစ်ပါတယ်။ နောက်နေ့စားမယ့် အစားအသောက်တွေကို မီးခတ်ရာကနေ ရတဲ့မီးနဲ့မီးမွှေးပြီး ချက်ပြုတ်ကြခြင်း ဖြစ်ပါတယ်။

"ဒါကလည်း ထူးဆန်းတာတော့မဟုတ်ဘူး။ ကျွန်တော်တို့လူမျိုးတွေ လုပ်လာခဲ့တာကို ပြန်လုပ်တာပါပဲ။ အရင်တုန်းကဆိုရင် နာမည်တူ နှစ်ယောက်လုပ်မှ မီးကထွက်တာ။ မီးဆိုတာ မကောင်းရင်တော့ မီးလောင်တာတွေ ဖြစ်လာတယ်။ ကျွန်တော်တို့ရဲ့ ဘိုးဘွားတွေကဒီမီးကို ကျေးဇူးတော်မီး၊ ကောင်းချီးမင်္ဂလာမီး၊ အချင်းချင်းကြား စေ့စပ်ညှိနှိုင်းကူတဲ့မီး (Mahku Mara Wan)လို့နာမည်တပ်ပြီး စတင် သုံးစွဲခဲ့တာ၊

အဲဒီရိုးရာကို ဒီနေ့ကျွန်တော်တို့ ကျင်းပတာပဲ။”လို့ ဆရာဘရန်အောင်က ပြောပါတယ်။

## ပထမနေ့။

ပထမနေ့မနက်မှာတော့ ရောင်စုံ ရိုးရာဂုတ်စုံတွေဂုတ်ဆင်ထားတဲ့ အသင်းသူအသင်းသားတွေက တောင်ယာလယ်ယာတွေကနေ ထွက်တဲ့ကောက်ပဲသီးနှံတွေ၊ ကြက်၊ ဝက်၊ နွား၊ ဘဲ စတဲ့ အလှူပစ္စည်းတွေကို ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းဆက်ကပ်ဖို့ ပလိုင်တွေနဲ့ထည့်လွယ်ပြီး ဘုရားကျောင်းသို့ ယူဆောင်လာကြပါတယ်။

အရင်နေ့ညက ရထားတဲ့ ကျေးဇူးတော်မီးနဲ့ ချက်ပြုတ်ထားတဲ့ အစားအသောက်တွေကိုလည်း ယူဆောင်လာကြပါတယ်။ ပထမနေ့မှာ အသင်းသူအသင်းသားတွေ ယူလာတဲ့အစားအသောက်တွေကို ပြန်လည်မျှဝေစားကြတယ်။ တောင်ယာထွက် အသီးအနှံတွေကအစ ဆန်တော်ဖူး၊ သဘော်သီးသုပ်၊ ဆန်ပြုတ်၊ ကြက်ဥဆေးပေါင်းတွေအဆုံး ဝေမျှစားသောက်ကြပါတယ်။

ယူဆောင်လာတဲ့အစားအသောက်တွေ ကောက်ပဲသီးနှံတွေကိုတော့ အဆင့်ဆင့်ပြုလုပ်ထားတဲ့ စင်ပေါ်တွေမှာ တင်ထားတယ်။ ကြက်တွေကိုတော့ အဆင်သင့်ပြုလုပ်ထားတဲ့ ဝါးလုံးတိုင်ပေါ်မှာ အဆင့်ဆင့်ချိတ်ထားသလို၊ ဝက်တွေ၊ နွားတွေကိုလည်း သတ်မှတ်ထားတဲ့ သူ့နေရာနဲ့သူထားပါတယ်။

ပြီးနောက် သင်းအုပ်ဆရာသုံးပါးက စင်မြင့်(Machya) ပေါ်တက်ပြီး ဘုရားသခင်ထံ ဆက်ကပ်ဆုတောင်းခြင်း(H-


















kunga nawng) အပြစ်လွှတ်ဆုတောင်းခြင်း(Mara raw)တွေ ကောင်းချီးခံဆုတောင်းခြင်း(Chyeju wunli ) တို့ကို ဦးဆောင်သွားကြပါတယ်။
ဆုတောင်းပြီး ဘုရားဝတ်ပြုပြီးရင်တော့ အသင်း သူအသင်းသားတွေက ယူဆောင်လာကြတဲ့ အစားအသောက်တွေကို ဗူးဖေးလိုခင်းကျင်း ထားပြီး တက်ညီလက်ညီ ဝိုင်းစားကြပါတယ်။ အများအပြားခင်းကျင်းထားပေမဲ့ လူများတဲ့အတွက် အချိန်မဆွဲပဲ တန်းစီပြီးနေရာယူ ရပါတယ်။ တကယ်ပျော်ဖို့ကောင်းပါတယ်။

ဒုတိယနေ့မနက်မှာ ကျင်းပတဲ့ စပါးဆုံထောင်း ပြိုင်ပွဲ၊ ထမင်းချက်ပြိုင်ပွဲတွေကို အသင်းသူ အသင်းသားတွေ ကြားသိနိုင်အောင် မနက် ၃နာရီလောက်ကနေ စတင်ပြီး အသံချဲ့စက်နဲ့ နှိုးဆော်ပေးလျှက်ရှိနေပါပြီ။ ပြိုင်ပွဲမှာပါဝင်မယ့်သူတွေက ၄နာရီမထိုးခင် စပါးထောင်းဖို့ဆုံ၊ ထမင်းဟင်းချက်ဖို့ လိုအပ်တဲ့ပစ္စည်းတွေ အကုန်အဆင့်သင့်ပြင်ထားရပါတယ်။ ပြိုင်ပွဲ စည်းကမ်းအရ ၅ ယောက်တစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင် ရပါတယ်။

၄နာရီထိုးတာနဲ့ တပြိုင်နက် ဆုတောင်းပြီး ပြိုင်ပွဲစပါတော့တယ်။ ပြိုင်ပွဲစတာနဲ့ နှစ်ယောက် က စပါးထောင်းပါတယ်။ ကျန်နှစ်ယောက်က မီးမွှေးတာတွေ ဟင်းချက်ဖို့အတွက် ပြင်ဆင်တာ တွေလုပ်ပါတယ်။ စပါးစထောင်းတာနဲ့ တပြိုင်နက် စပါးပျော်ရွှင်စေဖို့ သီချင်းဆိုပေးတဲ့သူတွေလည်း ရှိပါတယ်။ "စပါးလည်း အသက်ပါတယ်။ ဒါကြောင့်စပါးလည်း ပျော်ရွှင်နိုင်အောင် သီချင်းတွေဆိုပြီး ထောင်းထားတဲ့အတွက် အဲဒီစပါးမှရတဲ့ ဆန်ကို စားရင်လည်း စားတဲ့သူက

အရမ်းပျော် တယ်။ ကောင်းချီးလည်းရတယ်။ ကျန်းမာရေး လည်း ကောင်းတယ်။”လို့ ဆရာဘရန်အောင်က ပြောပါတယ်။

အရင်က ဘိုးဘွားတွေက ပထမဆုံး အင်လုံ အင်နန် ကောက်သစ်ကို အိမ်သားတွေမစားခင် အရင်ဆက်ကပ်ကြတာတွေကို အခုပြန်လည်း လုပ်ဆောင်ခြင်းဖြစ်တယ်လို့ ဆရာကပြောပါတယ်။

မနက် ၆နာရီမထိုးခင်မှာတော့ ထမင်းချက်ပြိုင်တဲ့သူတွေက ဖက်နဲ့ထုပ်ထားတဲ့ ထမင်း၊ကြက်သားသုပ်၊ ဟင်းရည်၊ ငရုတ်သီးထောင် စတာတွေကို ဝါးခြင်းတောင်းထဲထည့်ပြီး အသင်းတော်ကဆရာတွေကို ဆက်ကပ်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။

“အခုဒီမှာက ကျွန်တော်တို့ ဒီမှာစပါးကို ဆုံနဲ့ ထောင်းတယ်။ ဒီမှာချက်တယ်။ ချက်တဲ့ သူတွေလည်း မမြီးဘူး။ ချက်ပြီးရင် ပထမဆုံး ဘာသာရေးမှာ အထွတ်အထိပ်ဖြစ်တဲ့ သင်းအုပ် ဆရာတွေ ဆုတောင်း ကောင်းချီးပေးပြီး စားကြတယ်။”လို့ ဆရာဘရန်အောင်က ဆို ပါတယ်။


ဆရာတွေစားပြီးမှ အသင်းသူအသင်းသားတွေ ၎င်းတို့ရရှိတဲ့ ကောက်သစ်တွေကို စတင်စားကြပါတယ်။ ဒုတိယနေ့မှာတော့ ပထမနေ့ ဆက်ကပ်ထားတဲ့ ကြက်၊ ဝက်၊ နွားတွေကို ချက်ပြုတ်ပြီး ဒေသခံတွေနဲ့ ဧည့်သည်တွေ အတူတကွဝိုင်းစားကြပါတယ်။ အစားအသောက် ကောင်းတဲ့အတွက် ဒုတိယနေ့က ပထမနေ့ထက် လူပိုများလာပါတယ်။

ထမင်းစားပြီးရင်တော့ ကချင်ရိုးရာထောင်ကာအက (Htawng ka ka)ကို လူငယ်တွေကကြပြီး ဘုရားသခင်ကို ချီးမွမ်းကြပါသေးတယ်။

ပွဲပြီးသွားရင်တော့ လာရောက်တဲ့ဧည့်သည်တွေက ဆရာတွေကို လက်ဆောင်ပစ္စည်းတွေ ပေးခဲ့ကြပါတယ်။ ထိုသို့ပျော်ရွှင်စွာ ကျင်းပလာခဲ့တာဟာ အခုနှစ်အပါဆိုရင် ၁၂ နှစ်ပြည့်ပြီဖြစ်ပါတယ်။

၁၂ နှစ်ပြည့်ပြီဖြစ်ပေမဲ့ နတ်ကိုပြန်လည် ကိုးကွယ်တာဖြစ်ကြောင်း ဝေဖန်သူတွေက အများအပြား ရှိနေဆဲဖြစ်ပါတယ်။ ဆရာဘရန်အောင်က ကချင်နှစ်ခြင်းဆိုတဲ့အတိုင်း ကချင်တွေရဲ့ရိုးရာယဉ်ကျေးမှု အငွေ့အသက်ပါပြီး ဘုရားသခင်ကို ဆက်ကပ်ရင် ဘုရားသခင်လည်းပိုပြီး ဝမ်းသာပျော်ရွှင်မယ်လို့ ယုံကြည်တယ်လို့ ဆိုပါတယ်။

“အခုကျွန်တော်တို့ ဒီလိုလုပ်တာလည်း ကျွန်တော်တို့ရဲ့ရိုးရာနဲ့ ဘုရားသခင်ကို ချီးမွမ်းဂုဏ်ပြုတာပါပဲ။”လို့ ဆရာဘရန်အောင်က ကျေကျေနပ်နပ်ပြောပါတယ်။





"၂၀၂၀မှာလည်းဒီမိုကရေတစ်အဖွဲ့ကို
နိုင် အောင်ကတော့ မဲပေးအုံးမှာပဲ
သို့သော် ယခင် ကလို
တောင်ပြိုကမ်းပြိုနိုင်ဖို့တော့ မထင်ဘူး။
အလွန်ဆုံး ၅၄၊ ၅၅၊ ၅၆ (ရာခိုင်နှုန်း)
အဲ့သလောက်ပဲ"




# ပြည်သူများ၏ ၂၀၂၀ မျှော်လင့်ချက်

မရန်
8 January 2020

၂၀၂၀ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲကျင်းပရန် တစ်နှစ်ခန့်သာလိုတော့သည့် အချိန်ဖြစ်သည်။ လာမည့် ရွေးကောက်ပွဲအတွက် ကချင်လူထု၏ မျှော်လင့်ချက်နှင့် အစိုးရသစ်အပေါ် မျှော်လင့်ချက်များနှင့်ပတ်သတ်၍ Kachin Waves သတင်းဌာနမှ တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

(( ))



သတင်းအချက်အလက်များအရ အချို့သည် လက်ရှိအာဏာရပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ကို ဆက်လက်မဲပေးလိုကြောင်း ပြောဆိုကြသော်လည်း အချို့သည် ပြည်နယ်အခြေစိုက် ကချင်ပါတီများကိုသာ မဲပေးလိုကြောင်း ပြောဆိုလာကြသည်ကို တွေ့ရသည်။

NLD ပါတီသည် ၂၀၁၅ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ကချင်ပါတီများကို အပြတ်အသတ် အနိုင်ရရှိထားသည့် ပါတီဖြစ်သည်။ သို့သော် ၎င်းတို့အစိုးရသက်တမ်းအတွင်း ကချင်လူထု၏ တိုင်းရင်းသားဆိုင်ရာ အခွင့်အရေးများကို လုပ်ဆောင်ပေးသည့်နေရာတွင် အားနည်းနေသည်ဟု ဝေဖန်ပြောဆိုမှုများလည်း ရှိနေသည်။

စစ်တမ်းတွင် ဖြေဆိုသူ တဦးဖြစ်သည့် ဦးနန္ဒိယ (ကျောင်းထိုင်ဆရာတော်၊ မံစီမြို့နယ်၊ ကွေ့ကြီးကျောင်း)က "၂၀၂၀ ရွေးကောက်ပွဲမှာတော့ စနစ်အရ ဦးဇင်းတို့ မျှော်လင့်ချက်အတိုင်း ပြောရရင်တော့ ဒီအစိုးရကိုပဲပြန်ပြီးတော့ အနိုင်ရချင်သေးတယ်။ တစ်ဖက်ကလည်း ဆုံးရှုံးနေတဲ့အခွင့်အရေးများကိုရရှိဖို့ တိုင်းရင်းသားတွေကိုလည်း နေရာပေးချင်တယ်။ ဒါဟာ ဦးဇင်းတို့ရဲ့မျှော်လင့်ချက်ပေါ့"ဟု မိန့်သည်။

ပြည်သူများကလည်း ပြည်သူ့အသံကိုနားထောင်ပြီး လိုအပ်ချက်များကိုဖြည့်ဆည်းပေးသည့် အစိုးရကိုရရှိရန် မျှော်လင့်နေကြသည်။

"နောက်ပေါ်လာမယ့် အစိုးရကတော့ တကယ့်ပြည်သူတွေနဲ့ နီးနီးကပ်ကပ် ပြည်သူတွေရဲ့အသံကို နားထောင်တဲ့အစိုးရ ပြည်သူတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေး နိုင်တဲ့အစိုးရ

တက်လာစေချင်တယ်”ဟု ဗန်းမော်အခြေစိုက် အလင်းဗန်းမော်လူမှု အဖွဲ့အစည်းမှ ဒါရိုက်တာ ဦးဇော်ဂျာ ကဆိုသည်။

၂၀၁၅ ရွေးကောက်ပွဲတွင် ဒီချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ရွေးကောက်ပွဲ ကတိကဝတ်များစွာနှင့်အတူ ဒီချုပ်ပါတီက တောင်ပြိုကမ်းပြိုအနိုင်ရခဲ့သည်။ (၇၇)ရာခိုင်နှုန်းဖြင့်အနိုင်ရပြီး အစိုးရဖွဲ့နိုင်ခဲ့သည်။ ကချင်ပြည် နယ်တွင်လည်း မဲဆန္ဒနယ်အများပိုင်းကို ဒီချုပ် ပါတီအနိုင်ရရှိခဲ့သည်။

လက်ရှိအစိုးရလက်ထက်တွင် ဖွံ့ဖြိုးတိုးတက်မှု အပိုင်းက လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးဘက်မှာ အဓိက တိုးတက်လာကြောင်း Kachin Waves စစ်တမ်းအရတွေ့ရသည်။ အမှန်တကယ်လည်း ယခင်ဆိုးရွားလွန်းသည့် လမ်းတော်တော်များများ ကောင်းမွန်လာသည်ကို တွေ့မြင်ရသည်။ မြစ်ကြီးနား-ဗန်းမော်လမ်း၊ မြစ်ကြီးနား-ပူတာအိုလမ်းနှင့် မြစ်ကြီးနား-ချီဖွေလမ်းတို့က သိသာထင်ရှားသည့် လုပ်ဆောင်မှုများဖြစ်သည်။

သို့သော်လည်း လုပ်ငန်းစဉ်လုပ်ဆောင်ရာတွင် အစိုးရကိုယ်တိုင်ကွင်းဆင်းစစ်ဆေးပြီး လုပ်ဆောင်မှုတွင် အားနည်းနေသေးကြောင်း ဆရာတော်က မိန့်ကြားသည်။ ဥပမာ ဗန်းမော်-မြစ်ကြီးနား လမ်းလုပ်ဆောင်မှုတွင်လည်း လေလွင့်ဆုံးရှုံးမှုအများကြီးရှိခဲ့သည်ဟု ထောက်ပြခဲ့သည်။

“ဥပမာဆိုပါစို့ ဝိုင်းမော်-ဗန်းမော်လမ်း RC လမ်း၊ ဦးဇင်းဗမာပြည်မှာ ခရီးတော်တော်သွားဖူးတယ်။ ဒီလောက်ညံ့တဲ့ RCလမ်းကို တစ်ခါမှမသွားဖူးဘူး။ လမ်းကိုချပေးထားတဲ့ဘတ်ဂျက်နဲ့ ရထားတဲ့အကျိုးရလာဒ်ဟာ တော်တော်လည်းကို ဆုံးရှုံးနစ်နာမှုတွေ၊ ဦးဇင်းတို့တွေ့တယ်။”ဟု မိန့်သည်။

ထိုမြစ်ကြီးနား-ဗန်းမော်လမ်း လုပ်ဆောင်ရာတွင် တင်ဒါပိုလျှံငွေ ၁၁ဘီလီယံနဲ့ ကုမ္ပဏီတစ်ခုက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုလမ်းလုပ်ပိုင်ခွင့်နှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှု မရှိသည်သာမက ဥပဒေနှင့်မညီညွတ်မှုရှိခဲ့သည်ဟုဆိုကာ ဝေဖန်တိုင်တန်းမှုများလည်း ရှိခဲ့သည်။

အားရသည့်အပိုင်းများရှိသော်လည်း ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး ကတိတဝတ်ဖြစ်သည့် ငြိမ်းချမ်းရေး၊ ဖက်ဒရယ်စနစ်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုများကို ဖော်ဆောင်မည်ဆိုသည့်အချက်များ မလုပ်ဆောင်နိုင်သေးကြောင်း ကချင်ပြည် နယ်ပြည်သူ့ပါတီ(KSPP) ဒုဥက္ကဋ္ဌ ဦးအောင်ခမ်း ကဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ၂၀၁၅

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးဟောပြောချိန်တွင် ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်မည်ဖြစ်ကြောင်း၊ ပင်လုံစာချုပ်ကိုအခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရားလွှတ်တော်ရှေ့နေ ဦးမုန်ဆိုင်းတူးကလည်း "ပြောင်းလဲချိန်တန်ပြီဆိုတာ အခုချိန်ထိတော့ မပြောင်းလဲသေးဘူး။ သူတို့သက်တမ်းအတွင်းမှာ ငြိမ်းချမ်းရေးကို လုပ်မယ်လို့ သူတို့အာမခံခဲ့တယ်။ ဒါပေမဲ့ ကချင်ပြည်နယ်သားတွေအတွက်တော့ သူတို့ပေးတဲ့အာမခံ ဘာမှဖြစ်မလာသေးဘူးပေါ့။ အဲလိုပဲခံစားရတယ်။"ဟု ဆိုသည်။

အစိုးရဖွဲ့နိုင်ပါက မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်ပြီး အစိုးရနှင့်သက်ဆိုင်ရာ ကုမ္ပဏီတို့ရယူထားသည့် သဘောတူညီချက်များကို ပြည်သူထံဦးစွာချပြမည်ဆိုသည့် ကတိကဝတ်လည်း ယခုအထိ ဖော်ဆောင်နိုင်ခြင်း မရှိသေးပါ။

"ဝန်ကြီးတွေ အောင်မြင်သာကိုလာတုန်းက ကျွန်မမေးတယ်။ မြစ်ဆုံကိစ္စက ကချင်ပြည်နယ် ဝန်ကြီး ကချင်ပြည်နယ်အစိုးရကနေပြီးတော့ ဒါကိုဘယ်လိုသဘောရှိသလဲလို့။မေးတဲ့ခါကျတော့ အဲတာကျတော့ သူတို့ကလုံးဝပြောပိုင်ခွင့်လည်း မရှိဘူး။ ဆုံးဖြတ်ပိုင်ခွင့်လည်း မရှိဘူးတဲ့။ နောက်ပြီးတော့ အပ်တစ်ချောင်းတောင် သူတို့စိုက်လို့မရဘူးတဲ့"ဟု မြစ်ဆုံအရေး လှုပ်ရှားသူ အောင်မြင်သာ ဒေသခံ ဒေါ်လုရာကဆိုသည်။

လက်ရှိအစိုးရသည် ဗဟိုချုပ်ကိုင်မှုများနေကြောင်းကိုလည်း ပြည်သူအချို့က ဝေဖန်ကြသလို ကချင်ပြည်နယ် ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း ပေါ်လစီနှင့်ပတ်သက်ပြီး သိပ်ပြီးမှ ချမှတ်နိုင်သည်ကို မတွေ့ရကြောင်းလည်း ၉၀ခုနှစ်ရွေးကောက်ခံ ကိုယ်စားလှယ် ဦးကျော်မောင်က သုံးသပ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယခင်ကချင်ပြည်နယ်အစိုးရက အတော်အသင့် ပါဝင်မှုရှိခဲ့သော်လည်း ယခုလက်ရှိပြည်နယ်အစိုးရက ပါဝင်မှုအားနည်းနေသည်ကို တွေ့ရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်ရာတွင် ကချင်ပြည်နယ်အစိုးရနှင့် ဆက်သွယ်မှုအားနည်းပြီး တပ်မတော်နှင့် ပြည်ထောင်စုအဆင့် များနှင့်သာ တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်မှုများရှိနေကြောင်း ငြိမ်းချမ်းရေး ဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (PCG)မှ ဦးလမိုင်ဂွမ်ဂျာကဆိုသည်။

၂၀၀၈ အခြေခံဥပဒေကြောင့် မလုပ်နိုင်ဟု ဆိုသော်လည်း ၂၀၀၈ကို အကြောင်းမပြုပဲ လုပ်လို့ရသည့် အပိုင်းများလည်းရှိပြီး ထိုလုပ်နိုင်သည့်ကိစ္စများကိုပင် ကချင်ပြည်နယ်အစိုးရက

လုပ်ဆောင်မှုမရှိကြောင်း ဝေဖန်သူများရှိသည်။

Htoi Gender and Development Foundation မှ ဒါရိုက်တာ ဆရာမနန်ပူကလည်း ကချင်ပြည်နယ်အစိုးရ၏ လုပ်ဆောင်မှုများအပေါ် "ကိုယ်က ဘယ်လောက်ထိလုပ်လို့ရတယ်။ risk (အရဲစွန့်)ယူပြီးမှပြည်သူတွေအတွက် လုပ်ပေးမယ်ဆိုတဲ့အပိုင်းမှာ အားနည်းချက် တွေရှိနေတယ်။"ဟု ဆိုသည်။

Kachin waves ရဲ့ စစ်တမ်းအရလည်း ရွေးကောက်ပွဲ ကတိကဝတ်များထဲက (၂၅) ရာခိုင်နှုန်းအောက်ထိသာ ဖော်ဆောင်ပြီးပြီဖြစ်ကြောင်း ဖြေဆိုသူက များနေသည်။

"တစ်ချက်လွှတ်အမိန့်နဲ့ ပြည်တွင်းစစ်ကို လုံးဝသမ္မတအမိန့်နဲ့ပဲဖြစ်ဖြစ် အစိုးရအမိန့်နဲ့ပဲ ဖြစ်ဖြစ် ပြည်တွင်းစစ်ကို ရပ်တန့်စေဖို့ ဒီအမိန့်တွေ ထုတ်ပြန်မယ်လို့လည်း မျှော်လင့်ခဲ့တယ်။ ဒါပေမဲ့ မျှော်လင့်သလို သူတို့ထုတ်ပြန်တာတွေလည်း ဘာမှမရှိဘူး။ ပြည်တွင်းစစ်ကလည်း ဆက်ဖြစ်နေဆဲပဲ။"ဟု ဦးမုန်ဆိုင်းတူး ကဆိုသည်။

စစ်ပွဲငြိမ်းပြီး စစ်ဘေးဒုက္ခသည်များ နေရပ်ပြန်နိုင်ရန်ကိုလည်း အများကြီးမျှော်လင့်ခဲ့ကြကြောင်းလည်း CHAD လူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့မှ ဆရာမျိုးအောင်ကဆိုသည်။

သို့သော် မျှော်လင့်ထားသလို ဖြစ်မလာသည်သာမက ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် လုယက်မှုခိုးမှုများ၊ မူးယစ်ဆေးဝါး ပြဿနာများလည်း ယခင်ကထက် ပိုမိုအဖြစ်များလာကြောင်း စစ်တမ်းများမှာ တွေ့ရသည်။ အရပ်ဘက်အဖွဲ့အစည်းအပိုင်း ကြည့်မည်ဆိုလျှင် ဦးသိန်းစိန်အစိုးရက လက်ရှိအစိုးရထက် ပို၍ အားပေးကူညီသည့်အပိုင်းများရှိပြီး လက်ရှိအစိုးရက ပိတ်ပင်တားဆီးမှုများ များနေကြောင်း ဗန်းမော် အလင်းအဖွဲ့မှ ဦးဇော်ဂျာ ကဆိုသည်။

အရပ်ဘက်အဖွဲ့အစည်းများ အမြင်ဖွင့်သင်တန်းများပြုလုပ်မည်ဆိုလျှင်ပင် အုပ်ချုပ်ရေးမှူးများထံမှ ခွင့်ပြုချက်ယူရသည့်အခြေအနေကို ဦးဇော်ဂျာက ထောက်ပြခြင်းဖြစ်သည်။

အရပ်ဘက်အဖွဲ့အစည်းများ ပိုပြီးကျပ်တည်းလာသည်သာမက ပိတ်မိစစ်ဘေးဒုက္ခသည်များကို အစိုးရက တာဝန်ယူခေါ်ဆောင်ခြင်း မရှိခဲ့ခြင်းနှင့် လွတ်မြောက်ရန်ဆန္ဒထုတ်ဖော်သူများကို ဖမ်းဆီးထောင်ချခြင်းများရှိခဲ့သည့်အပေါ် ဆရာမနန်ပူကလည်း ဝေဖန်သည်။

၂၀၁၈ခုနှစ် ဧပြီလတွင် တနိုင်းဘက်ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြောင့် ပိတ်မိပြည်သူများရှိခဲ့ပြီး ထိုပြည်သူများအား ကယ်ထုတ်နိုင်ရန် ကချင်ပြည်နယ်အစိုးရမှ တာဝန်ယူဆောင် ရွက်ခဲ့ခြင်း မရှိသည့်အတွက် ကချင်လူငယ်များက ဆန္ဒ

ထုတ်ဖော်ခဲ့ကြသည်။ ဆန္ဒထုတ်ဖော်မှုကို ဦးဆောင်သူသုံးဦး တရားစွဲဆိုခံခဲ့ရပြီး ထောင်ဒဏ် ၆လစီ ကျခံခဲ့ရသည်။

စီးပွားရေးဘက်လည်း ယခင်ကထက် အဆင်ပြေမှုမရှိလာသည်သာမက ပြည်သူများ၏ အလုပ်အကိုင်လည်း ပို၍ခက်ခဲလာကြောင်း တွေ့ရသည်။

ယခင်အစိုးရက တပ်မတော်နှင့် အဆင်ပြေသော်လည်း ယခုအစိုးရက တပ်မတော်နှင့် အချို့နေရာများတွင် သဘောထားကွဲလွဲမှုများ ရှိနေသည်ဟုမြင်ကြောင်း ဆရာတော်ဦးနန္ဒိယ မိန့်ကြားသည်။

"အဲသလိုကွဲလွဲသွားတဲ့အတွက်ကြောင့် ကျွှာကကော ဒေသတွင်းကရော ဘယ်လိုမြင်လဲဆိုတော့ တိုင်းပြည်မှာ အစိုးရနှစ်ရပ်ရှိတယ်လို့ ဒီလိုတောင်ပြောကြတဲ့ အနေအထားတွေရှိတယ်။ ဒါဟာ စိတ်ထဲမှာ တော်တော်ကို စိတ်မကောင်းစရာ ကွာဟချက်လို့ မြင်တယ်"ဟု ဆရာတော် ဦးနန္ဒိယ မိန့်ကြားသည်။

နှစ်ဦးပေါင်းစည်းပြီးသွားမယ်ဆိုတော့ တိုင်းပြည်က တော်တော်လည်းကိုရွှေ့သွားနိုင်မည်ဖြစ်ကြောင်းလည်း ဆရာတော်က မိန့်သည်။

အစိုးရနှစ်ခု၏ ကွားခြားချက်ကို ဦးအောင်ခမ်းကလည်း ယခုလိုဆိုသည်။ "အရင်အစိုးရနဲ့လက်ရှိအစိုးရရဲ့ကွာခြားမှုက လုပ်ပိုင်ခွင့်ပဲ။ လုပ်ပိုင်ခွင့်ဆိုတဲ့နေရာမှာ အရင်အစိုးရကတော့ စစ်တပ်နဲ့အတော်လည်း အဆင်ပြေသလိုနေရတယ်။ သမ္မတကိုယ်တိုင်လည်း စစ်ဘက်က အသွင်ပြောင်းတဲ့သူဖြစ်တယ်။ ဒါကြောင့် ဘာတွေပဲလုပ်နေလုပ်နေ စစ်တပ်က ကြည်ဖြူတဲ့အဆင့်တွေတော့ တွေ့မြင်ခဲ့ရတယ်ပေါ့။ အခုလက်ရှိအစိုးရမှာတော့ စစ်တပ်နဲ့အဆင်ပြေမှုမရှိသလောက်ဖြစ်တယ်။ ဘာပဲလုပ်လုပ် ထိပ်တိုက်ရင်ဆိုင်မှုတွေ တွေ့မြင်နေရတယ်။ ဒါတွေက ဘာတွေလဲဆိုတော့ နောက်တစ်ချက်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးမလိမ်မာမှုလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားတွေနဲ့ ကွာဝေးမှုကွာဟမှု အစည်းမကပ်မှု ဖြစ်သွားတယ်။"ဟု ဦးအောင်ခမ်းက ဆိုသည်။

ရွေးကောက်ပွဲ ကတိကဝတ်များအပြည့်အဝ ဖော်ဆောင်နိုင်ခြင်း မရှိသေးသော်လည်း ဦးသိန်းစိန်အစိုးရထက် လက်ရှိအစိုးရကို ပိုမိုနှစ်သက်ကြကြောင်း Kachin Waves ၏ စစ်တမ်းအရတွေ့ရသည်။ အရင်အစိုးရထက် ပွင့်လင်းမြင်သာမှုလည်း ပိုရှိလာကြောင်း ဖြေဆိုထားကြသည်။ ကျန်ရှိနေသေးသည့် သက်တမ်းအတွင်းလည်း ပြည်သူများ၏ လိုလားချက်များကို အစိုးရကဖြည့်စွက်ပေးရန်

လည်း မျှော်လင့်ကြသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် NLDအနိုင်ရရန် ၂၀၁၅ ရွေးကောက်ပွဲလို မူကိုပဲကြည့်ပြီး လူကိုမကြည့်ပဲ မဲထပ်ထည့်တော့မည် မဟုတ်သည့်အတွက် "ကိုယ်စားလှယ်လောင်းတွေကို လူထုကချစ်မြတ်နိုး တဲ့ကိုယ်စားလှယ်လောင်းတွေကို NLD ပါတီက ရွေးတတ်ဖို့လိုတယ်"ဟု ဧဝေသွေးသစ်အဖွဲ့မှ ဦးကျော်မိုးသန်းက အကြံပြုသည်။

၂၀၂၀သည် ပြည်သူများအတွက် ရွေးချယ်စရာ ပိုရှိသွားပြီဖြစ်သော်လည်း လက်ရှိအစိုးရသာ ပြန်လည်အနိုင်ရရှိမည်ဟု ထင်ကြေးပေးသူများလည်းရှိနေသည်။

"၂၀၂၀မှာလည်းဒီမိုကရေတစ်အဖွဲ့ကို နိုင်အောင်ကတော့ မဲပေးအုံးမှာပဲ သို့သော် ယခင်ကလို တောင်ပြိုကမ်းပြိုနိုင်ဖို့တော့ မထင်ဘူး။ အလွန်ဆုံး ၅၄၊ ၅၅၊ ၅၆ (ရာခိုင်နှုန်း) အဲ့သလောက်ပဲ"ဟု ၉၀ခုနှစ်ရွေးကောက်ခံကိုယ်စားလှယ် ဦးကျော်မောင် ကသုံးသပ်သည်။






## Interview



စစ်ဘေးဒုက္ခသည်များကို ကူညီထောက်ပံ့ပေးနေသည့်အခြေအနေ
ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း

# စစ်ဘေးဒုက္ခသည်များကို ကူညီထောက်ပံ့ ပေးနေသည့်အခြေအနေ ကချင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း




> မရရှိဘူး။ အန်ကယ်တို့ဆီမှာအလှူ ငွေတွေရှိတယ်။ အဲဒီထောက်ပံ့တဲ့အလှူငွေ တွေနဲ့ပဲ အန်ကယ်တို့က ဆက်ပြီးထောက်ပံ့တာ။

IDP များကို NLD အစိုးရလက်ထက် အကူအညီပေးနေသည့် အခြေအနေများ၊ နေရပ်ပြန် စစ်ရှောင်များအတွက် ထောက်ပံ့ ပေးမှုအခြေအနေများကို ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနေဝင်းနှင့် စက်တင်ဘာလ ၁၈ ရက်နေ့တွင် Kachin Waves မှ တွေ့ဆုံမေးမြန်းချက်များကို ဖေါ်ပြလိုက်ပါ သည်။

မေး။ ။ ပထမဆုံးမေးချင်တာကတော့ နန်ဆန်ယာန် နေရပ် ပြန်တဲ့သူတွေကို ဘယ်လို ပုံစံနဲ့ ထောက်ပံ့ ပေးနေပါသလဲ၊ စပြောင်းတဲ့ အချိန်မှာပဲ ထောက်ပံ့ကြေးပေးတယ်၊ နောက်ပိုင်း မပေးတော့လို့ အခက်အခဲ ဖြစ်နေတယ် ဆိုတာလည်း ကြားရတော့ ဝန်ကြီးအနေနဲ့ အဲဒီအပေါ်မှာ ဘာပြောချင်ပါ သလဲ။

ဖြေ။ ။ နန်ဆန်ယာန်ပြောင်းတဲ့သူတွေကို အန်ကယ်တို့က တော့ ပြောင်းရွှေ့စရိတ်နဲ့ တစ်လစာ စားနပ်ရိက္ခာတွေ ထောက်ပံ့တယ်။ နောက်ပြီးတော့ တခြားလူမှုအဖွဲ့အစည်း တွေပေါ့ CSO တွေနဲ့ ချိတ်ဆက်ပေးတယ်၊ ဒါပဲရှိပါတယ်။

မေး။ ။ သူတို့ရဲ့အခြေအနေက လုပ်ကိုင်စား သောက်ဖို့အတွက် နယ်မြေလုံခြုံမှုက မြေမြုပ် မိုင်းတို့၊ ပြီးတော့ပတ်ဝန်းကျင်ကို ရှင်းလင်းနိုင်တာ တွေမရှိသေးတော့ သူတို့နေရာမှာ ကြာကြာရပ် တည်နိုင်ဖို့ အစိုးရကနေ ဘယ်လို စီစဉ်ထားတာ ရှိပါသလဲ။

ဖြေ။ ။ အမှန်အတိုင်းပြောလို့ရှိရင် နန်ဆန်ယာန် ပြောင်းမယ့်ကိစ္စမှာ IDP camp မှာ ရှိတဲ့ နန်ဆန်ယာန် ဒေသခံတွေက ပြောင်းချင်လို့ တောင်းဆိုလို့ အန်ကယ်တို့ကနေ တပ်မတော်နဲ့ ညှိနှိုင်းပြီးတော့ မိုင်းရှင်းလင်းရေး တွေဆောင်ရွက် တယ်။ ပြီးရင် သူတို့ကို နေရာချထားဖို့ ပြန်စီစဉ် တယ်။ ဆိုတော့အန်ကယ်တို့ ပြောင်းတာကတော့ သုံးကြိမ် ကျွန်တော်တို့ပြောင်းရွှေ့ပေးရတယ် နော်။ တစ်သုတ်ပြီးတစ်သုတ်ပေါ့လေ ပြောင်းရွှေ့ စရိတ်နဲ့ အစိုးရအဖွဲ့ကနေ တစ်လစာစားနပ် ရိက္ခာထောက်ပံ့ပေးတယ်။ တခြားအဖွဲ့အစည်း ကနေ ထောက်ပံ့တာလည်း ရှိပါတယ်။

မေး။ ။ ဒါဆိုရင် အစိုးရအဖွဲ့ကနေ ထောက်ပံ့ တာက ပြောင်းရွှေ့စရိတ်နဲ့ တစ်လစာ စားနပ် ရိက္ခာ ဒါပဲရှိတာပေါ့နော်။

ဖြေ။ ။ အဓိကဒါပဲရှိပါတယ်။ နောက်တစ်ခုရှိတာ က သူတို့အတွက်အဲမှာ သောက်သုံးရေရရှိဖို့ အတွက် ရေတွင်းလုပ်ပေးတယ်။ ကျန်းမာရေး စောင့်ရှောက်မှု အန်ကယ်တို့ လုပ်ပေးတယ်။ ကလေးတွေအတွက် စာသင်ကျောင်းကိုလည်း လုပ်ပေးတယ်။

မေး။ ။ နောက်ပြီးတော့ စစ်ဘေးဒုက္ခသည် IDP တွေကို NLD အစိုးရလက်ထက်မှာ အခုအချိန်အထိဆိုရင် ကူညီထောက်ပံ့တဲ့ ပမာဏဘယ်လောက်အထိရှိသွားပြီ၊ တစ်လ ဘယ်လောက်နှုန်း ထောက်ပံ့တယ်၊ အိမ်ထောင်စု တစ်စုအတွက် ဘယ်လောက်ရာခိုင်နှုန်း ဆိုတာ ကိုလည်း ရှင်းပြပေးပါခင်ဗျား။

ဖြေ။ ။ IDP တွေကိုထောက်ပံ့တာပေါ့နော် အန်ကယ်တို့အစိုးရတက်လာတဲ့ အချိန်ကနေစပြီး

ယနေ့အထိ (ပြည်နယ်အစိုးရ) ထောက်ပံ့တာပေ့ါနော် ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် အခြားစားနပ်ရိက္ခာပေ့ါ ထောက်ပံ့တဲ့ငွေက အန်ကယ်တို့သိန်းပေါင်း ၉၈၁၅ သိန်းကျော် ထောက်ပံ့ခဲ့တယ်နော်၊ အဲဒါက သီးခြားထောက်ပံ့တာပေ့ါနော်၊ နောက်ပြီးတော့ ပြည်နယ်ဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ကနေ ထောက်ပံ့တာရှိသေးတယ်။ ၂၀၁၁ ကနေ ၂၀၁၉ အထိဆိုတော့ စုစုပေါင်း သိန်းပေါင်း ၁၈၈၅ သိန်းကျော်ထောက်ပံ့ခဲ့တာရှိတယ်။

ဒီနန်ဆန်ယန်ပြည်သူတွေကို အန်ကယ်တို့သုံးကြိမ်ထောက်ပံ့တဲ့ငွေကတော့ စုစုပေါင်းသိန်းနှစ်ရာရှစ်ဆယ့်တစ်သိန်းလေးသောင်း (၂၈,၁၄၀,၀၀၀) အစိုးရက ထောက်ပံ့တာ၊ တစ်ခုပြောချင်တာက အန်ကယ်တို့ကနေလစဉ်ထောက်ပံ့တာကတော့မရှိဘူး။ အန်ကယ်တို့ကတော့ ရှိတဲ့ငွေနဲ့ အခါအားလျော်စွာထောက်ပံ့တယ်။ ပြောင်းပြီးလို့ရှိရင် တစ်လစာတော့ အန်ကယ်တို့ထောက်ပံ့တယ်။ ပြောင်းရွှေ့စရိတ် ကြိုပြီးတော့လုပ်ပေးတယ်။ အိမ်ယာတွေလုပ်ပေးတယ်။

အဓိကပြောချင်တာကတော့ ကချင်ပြည်နယ်မြောက်ပိုင်းဒေသ IDP camp များပြောင်းရွှေ့ကော်မတီဆိုတာ အန်ကယ်တို့ ဖွဲ့စည်းပြီးသားဖြစ်တယ်။ ပြည်ထောင်စု ဒုဝန်ကြီးကအဖွဲ့ခေါင်းဆောင် ဉက္ကဌပေ့ါ၊ အန်ကယ်တို့လည်းပါပါတယ်။ ကချင်ပြည်နယ်အစိုးရအဖွဲ့ကဆိုရင် လူမှုရေးဝန်ကြီးရယ်၊ နယ်လုံဝန်ကြီးရယ် အပါအဝင်ဖြစ်တယ်။ ဒီကိစ္စဟာ စီမံချက်တွေဆွဲပြီးသားဖြစ်တယ်။ ဒါတွေက မပြီးပြတ်သေးဘူးဖြစ်တယ်။

အခုနန်ဆန်ယာန်ကို ပြောင်းတာကျတော့ လောလောဆယ်ပြောင်းတာ၊ အဲလိုပြောင်းမယ့်ဟာတွေရှိတယ်။ အန်ကယ်တို့ လဝါး IDP camp သွားတယ်။ သူတို့က မြေရထားပြီးပြီအလှူရှင်တွေကလည်း အိမ်ဆောက်ပေးထားပြီးပြီ အားလုံးအန်ကယ်တို့ စီစဉ်ပေးတယ်။ အဲဒီဟာလည်း တစ်လစာထောက်ပံ့မှာ ဖြစ်တယ်။ ပြောင်းချင်တဲ့သူတွေအတွက် ဆောင်ရွက်ပေးတာဖြစ်တယ်။ စီမံချက်နဲ့တော့ မဆိုင်သေးဘူး။ စီမံချက်ကတော့ IDP camp များနေရာချထားရေးကော်မတီနဲ့ KHCC နဲ့ ပူးပေါင်းဆောင်ရွက်တာဖြစ်တယ်၊ အဲဒါကတော့ ဆောင်ရွက်ဆဲပေ့ါနော်။

**မေး။** ။ Camp တွေမှာ နေထိုင်နေကြဆဲ (မပြောင်း ရွှေ့ရသေး) ဖြစ်တဲ့ သူတွေအတွက်ရော ဘယ်လို ထောက်ပံ့ပေးတာ ရှိပါသလဲ။

**ဖြေ။** ။ စောစောက အန်ကယ်ပြောသလိုပေ့ါ အခါအားလျော်စွာ အခက်အခဲရှိတဲ့အချိန်မှာ ထောက်ပံ့တာပေ့ါနော်၊ ဆန်၊ ဆီ၊ ဆား၊ ပဲပေ့ါ။ ရေတိုကျတော့ တစ်ပတ်စာ ချက်ချင်း

ထောက်ပံ့တာ၊ ရေရှည်ကတော့ တစ်လစာ ထောက်ပံ့တယ်။ ပြီးတဲ့အခါကျတော့ သက်ဆိုင်ရာအဖွဲ့အစည်းတွေရှိတယ်၊ မိတ်ဖက်အဖွဲ့အစည်းတွေ သူတို့ကအမြဲတမ်းလာတယ်။ ဘေးအန္တရာယ် တားဆီးကာကွယ်ထောက်ပံ့ရေးအဖွဲ့ သူတို့ဆီမှာ စာရင်းအကုန်ရှိတယ်။ ဘယ် IDP camp တွေက လိုအပ်နေတယ်ဆိုတာရှိတယ်၊ အဲဒါတွေကို ချိတ်ဆက်ပြီးမှ ဆောင်ရွက်ပေးတာတွေရှိတယ်။

မေး။ ။ ဒါဆိုရင် camp တွေကို ပုံမှန်ထောက်ပံ့ဖို့ ပြည်ထောင်စုကနေ ဘတ်ဂျက်က မရရှိတာပေါ့နော်။

ဖြေ။ ။ မရရှိဘူး။ အန်ကယ်တို့ဆီမှာအလှူငွေတွေရှိတယ်။ အဲဒီထောက်ပံ့တဲ့အလှူငွေတွေနဲ့ပဲ အန်ကယ်တို့က ဆက်ပြီးထောက်ပံ့တာ။

မေး။ ။ စစ်ရှောင်အရေးနဲ့ပတ်သက်ပြီးဆရာ့ရဲ့ ဖြည့်စွက်ချက်ကို ပြောပေးပါ။

ဖြေ။ ။ ဒီတိုက်ပွဲတွေဖြစ်လာတာက နှစ်ပေါင်းကများလှပြီ၊ စစ်ရှောင်တွေကို သွားကြည့်ရင် အထူးသဖြင့် တွေ့ရတာက စိတ်မကောင်းစရာပေါ့နော် သက်ကြီးရွယ်အိုနဲ့ ကလေးတွေတော်တော်များများတွေ့တယ်။ ဒီကလေးတွေဟာ တစ်အချက် စစ်ရှောင်မှာ နေရတဲ့ မွန်းကျပ်တဲ့ဒဏ်ကို ခံစားရတော့ ကျန်းမာရေးနဲ့ မညီညွတ်ဘူး။ စားတဲ့အာဟာရလည်း မပြည့်ဝဘူး။ အာဟာရတွေပြည့်ဝဖို့ ကျွေးနိုင်ဖို့ ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံလည်း ချမ်းသာမှ ဖြစ်မယ်။ ကျွန်တော်တို့ ကူညီပေးနေရတဲ့ဟာက အရမ်းနည်းပါတယ်။

ဆိုတော့ ဒါတွေက သိပ်ကြာသွားလို့ မရဘူး။ ကြာသွားလို့ရှိရင် အကူအညီတွေရော ပံ့ပိုးမှုတွေရော တဖြည်းဖြည်းလျော့လျော့ လာတော့ camp မှာ ရှိတဲ့သူတွေအတွက် ဒုက္ခရောက်တယ်။ ဒီဟာတွေကို ကျွန်တော်တို့ မြန်မြန်မူလနေရာတွေကို ပြန်စေချင်တယ်။ ပြန်စေချင်တယ်ဆိုတာလည်း သူတို့ကို ဂုဏ်သိက္ခာရှိရှိနဲ့ပြန်နိုင်ရမယ်။ ပြန်တဲ့အခါမှာလည်း တစ်အချက် နေဖို့အဆောက်အဦး လိုအပ်တယ်။ သောက်ဖို့ရေ၊ မီး၊ လမ်း၊ ဒါတွေလိုအပ်တယ်။ သူတို့ရဲ့ဘဝတွေ ပြန်လည်ထူထောင်ရေးအတွက် အလုပ်အကိုင်တွေရှာဖွေပေးဖို့ လိုအပ်တယ်။ အဲဒါတာတွေဖြည့်ဆည်းပေးနိုင်ဖို့ အများကြီးလိုအပ်တယ်။

တောင်ယာခုတ်မယ်ဆိုရင်လည်း တစ်နှစ်ကြာမယ်လေ၊ တစ်နှစ်အတွက် စားနပ်ရိက္ခာတွေထောက်ပံ့ပေးရမယ်ဆိုတော့ အဲလိုဖြစ်စေချင်တယ်။ အဲလိုဖြစ်ဖို့ဆိုရင် ငြိမ်းချမ်းရေးရမှ လုပ်လို့ရမှာကိုး။ ငြိမ်းချမ်းရေးက အဓိကဖြစ်နေတယ်။ တချို့ပြန်ချင်တယ်၊ တချို့ ပြန်ဖို့အတွက်ကို အဟာန့်အတားတွေရှိနေတယ်။

သူတို့အတွက်ကလည်း အခက်အခဲတွေ အများကြီးပါ။

တချို့ကပြန်သွားရင်လည်း မပြည့်မစုံဖြစ်မှာကို စိုးရိမ်တယ်။ ဒါတွေက စခန်းမှာ နေတဲ့သူတွေ အတွက် တကယ့်ကို စိတ်မကောင်းစရာပါ။ ဘယ်လိုမှ လွတ်လပ်မှုမရှိဘူးလေ။ လွတ်လပ်မှု မရှိတဲ့ စိတ်ဒဏ်ရာခံစားနေရတဲ့သူတွေဟာ ဘယ်လိုလုပ် ဖွံ့ဖြိုးတိုးတက်နိုင်မှာလဲ၊ မဟုတ် ဘူးလား။

နောင်တချိန်အတွက်လည်း ကျွန်တော်တို့ သွားနေတာက ဒီမိုကရေစီဖက်ဒရယ်နိုင်ငံကို သွားမှာကိုး။ သွားမယ့်နေရာမှာ စစ်ရှောင်စခန်းမှာ ရှိနေတဲ့ ကလေးတွေ စိတ်ဒဏ်ရာရနေမယ်ဆိုရင် ကျွန်တော်တို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အကုန်လုံး စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံကို ဘယ်လိုလုပ်တည်ထောင်နိုင်မှာလဲ။ သူတို့ကို စိတ်ဒဏ်ရာမရစေချင်ဘူး။ စစ်ဖြစ်တာဆိုတာကတော့ ဖြစ်ကြပြီပေါ့၊ လက်နက်ကိုင်အဖွဲ့အစည်းတွေက ဖြစ်ကြပြီ၊ ဒါနဲ့ပတ်သက်ပြီး စိတ်ဒဏ်ရာ ရသွားလို့ရှိရင် ကလေးတွေက တိုင်းရင်းသားတွေ အချင်းချင်းမှာ စိတ်ဝမ်းကွဲတာတွေ ဖြစ်မှာ အရမ်းစိုးရတယ်။

နှစ်အချက်က သူတို့ရဲ့လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးက အရမ်းနောက်ကျသွားတယ်၊ အစိုးရပြော သလို ကျန်းမာသန်စွမ်းတဲ့ကလေးတွေ မဖြစ်နိုင်ဘူးလေ။ အာဟာရမှမပြည့်တော့တာ၊ ကျန်းမာသန်စွမ်းတဲ့ ကလေးတွေမဖြစ်ရင် ညဏ်ရည်မှီတဲ့ ကလေးတွေ ဘယ်လိုဖြစ်မှာတုန်း။ သူတို့ဘဝ သူတို့ ဘယ်လိုလျှောက်ကြမလဲ။ တိုင်းပြည်အတွက်ကော အနာဂတ် သားကောင်းရတနာတွေဖြစ်နိုင်မလား ဆိုတော့ အဲဒါတွေကိုလည်း စဉ်းစားစေချင်တယ်။

စဉ်းစားစေချင်တယ်ဆိုတာက သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေပေါ့၊ အစိုးရဘက်ကလည်းပါမယ်၊ တဖက်ကလည်းပါမယ်၊ အသင်းအဖွဲ့တွေပါမယ်၊ အဲဒါတွေက စစ်ရှောင်ပြည်သူလူထုအရေး စဉ်းစားသင့်တယ်။ ကျွန်တော်ကတော့ အဲလိုမြင်တယ်နော်။

ကိုယ့်အတွက်ကိုပဲ မစဉ်းစားကြပဲနဲ့ သူတို့ စစ်ရှောင်ဒုက္ခသည်တွေအတွက် စဉ်းစားပေးပါလို့ပြောချင်တယ်။ သူတို့ကို စိတ်ဒဏ်ရာတွေ မရစေချင်ဘူး။ လာမယ့်အနာဂတ်မှာ ဒီတိုင်းပြည်ကို ဦးဆောင်နိုင်တဲ့ ကျန်းမာသန်စွမ်းတဲ့ လူငယ်တွေဖြစ်စေချင်တယ်။ အဲဒါပဲ ကျွန်တော်ပြောချင်တာကတော့။ ။

January .10.16.22. 29.30

February .5.6.7.11. 12.2




July .2.4.5.10

November.14.15.27

December 2,9.10. 16.19

## OPINOINS

1. ခုတ်ရာတစ်ခြား ရှရာတစ်လွဲ By Hka San Lwi ..................53
2. နိုင်ငံရေးမတည်ငြိမ်မှုကြားက တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ အကျပ်အတည်း By Hka San Lwi ................................56
3. လားရာအမြင်များ သဘောတူနိုင်ကြမည်လော By Hka San Lwi ..................................................................60
4. သတင်းသမားတစ်ဦးရဲ့ မြောက်ပိုင်းခရီးသွား မှတ်တမ်း By Nlum ..................................................................63
5. အရည်ကျဲကျဲ ပညာရေး By ထိကရုန်း .............................72

# ခုတ်ရာတစ်ခြား ရှရာတစ်လွဲ

"ဦးနုလက်ထက်မှာ မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာ နိုင်ငံဖြစ်ရမယ်။ မြန်မာနိုင်ငံထဲမှာနေတဲ့ လူအားလုံးဟာ ဗုဒ္ဓဘာသာ ဖြစ်ရမယ်ဆိုတော့ ဒါသူ့ရဲ့ National Identity ပဲဗျ။ ဒါပေမဲ့ အဲဒီ Identity ကို သူဖမ်းတဲ့အခါမှာ မှားသွားတယ်။

Hka San Lwi
5 March 2019

လက်ရှိအချိန်ထိ တိုင်းရင်းသား ပြည်သူများ၏ ရင်ထဲအသည်းထဲမှ နှစ်နှစ်ကာကာ တန်ဖိုးထားခံရသည့် ပြည်ထောင်စုအမှတ်သရုပ် (Union Identity/National Identity) မရှိသေးသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖြစ်နေပါသည်။ တိုင်းရင်းသား ပြည်သူအားလုံးက အမြတ်တနိုးတန်းဖိုးထားသည့် ပြည်ထောင်စုအမှတ်သရုပ်တစ်ခု ဖြစ်လာရန်လည်း ချက်ချင်းလွယ်လင့်တကူ မဖြစ်လာနိုင်ပါ။ ၁၉၄၇ ပင်လုံစာချုပ်အရ လွတ်လပ်ရေးကို အတူတကွရယူခဲ့ပြီးနောက် နိုင်ငံကိုအုပ်ချုပ်ခဲ့ကြသော အစိုးရခေါင်းဆောင်များကလည်း ပြည်ထောင်စုအမှတ်သရုပ်ဖြစ်ပေါ်လာရေးအတွက် ကြိုးစားခဲ့ကြဟန်ရှိပါသည်။

သမ္မတဦးသိန်းစိန်လက်ထက်တွင် သမ္မတရုံး ဝန်ကြီးဖြစ်ခဲ့သူ ဦးအောင်မင်းက "This is our country. We are all Myanmar. ဆိုတာမျိုး ပြောစေချင်တယ်။ မြန်မာလို့ပြောလိုက်တဲ့ အထဲမှာ ကချင်လည်းပါတယ်၊ ကရင်လည်းပါ တယ်၊ အကုန်လုံးပါသွားဒါပေါ့ဗျား။"ဟု ဧရာဝတီ အယ်ဒီတာ ကိုအောင်ဇော်နှင့် (Face to Face) တွေ့ဆုံမေးမြန်းသည့် ကဏ္ဍတွင် ပြောဆိုခဲ့သည်။

လွတ်လပ်ရေးရရှိပြီးနောက် ဝန်ကြီးချုပ်ဦးနုက ဗုဒ္ဓ ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ရန် ကြိုးစားလာခဲ့သည်။ တစ်နည်း အားဖြင့်ဆိုလျှင် ဗုဒ္ဓဘာသာကို ပြည်ထောင်စု အမှတ် သရုပ် (Union Identity)အဖြစ် ကြိုးစားပုံဖော်လာခြင်းဖြစ်ခဲ့ သလော၊ မေးခွန်း ထုတ်စရာရှိပါသည်။ ယခု လက်ရှိ NLD အစိုးရ လက်ထက်တွင် ဗိုလ်ချုပ် အောင်ဆန်းရုပ်တု စိုက်ထူမှုသည် တစ်စတစ်စ လှုပ်ရှားမှုတစ်ခုကဲ့သို့ အသွင်သဏ္ဌာန် ဆောင်လာသည်။ NLD ပါတီ၏ ဒုတိယဥက္ကဋ္ဌ-၂ ဒေါက်တာဇော်မြင့်မောင် က ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူခြင်းသည် ပြည်ထောင်စုသရုပ်သဏ္ဌာန် ဖြစ်ပေါ်ရန်အတွက် ဖြစ်သည်ဟု သတင်းမီဒီယာ များကို ဖြေကြားထား သည်။

"ကျနော်တို့ ဗိုလ်ချုပ်ကြေးရုပ်တွေ လုပ်တာက ပြည်ထောင်စုရဲ့ သရုပ်သဏ္ဌာန်ကိုပေါ်ဖို့ လုပ်တာနော်၊ ဘာဖြစ်လို့လဲဆို ဗိုလ်ချုပ်ဟာ ပင်လုံရဲ့ အခြေခံပုံရိပ်ပဲ။ ပြည်ထောင်စုရဲ့ ပုံရိပ်ပဲ။ ဗိုလ်ချုပ်ကြေးရုပ်ကို စိုက်ထူခြင်းဟာ (၁)ဘာလဲဆိုရင် ပြည်ထောင်စု စိတ်ဓါတ်ကို ဖော်ညွှန်းဖို့ union ကို ထူထောင်မယ်ဆိုတဲ့ဟာ ပုံရိပ်ကိုထူထောင်ဖို့ လုပ်တာ။ ချစ်ခင်ရင်းနှီးမှု ပုံရိပ်အတွက်ထူထောင်တာ ဖြစ်ပါတယ်။ ဘာခေါ် မလဲဆိုရင် ကျနော်တို့က ဗမာကြီးစိုးရေး ဝါဒကို ထူထောင်တာ မဟုတ်ပါဘူး။ ဒီအပေါ်မှာ NLD ဟာ ဘာမှမစွက်ဖက်ပါဘူး။"ဟု ဒေါက်တာ ဇော်မြင့်မောင်၏ ဖြေကြားချက်ကို RFA သတင်း ဌာနမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်နေ့တွင် ဖော်ပြခဲ့သော သတင်းအသံဖိုင်၌ နားထောင်ရ ပါသည်။

အမျိုးသားအမှတ်သရုပ် ရှိဖို့လိုအပ်သော်လည်း အမှတ်သရုပ်ကို ဖမ်းတတ်ရန်လိုအပ်ကြောင်း ဦးအောင်မင်းက ဧရာဝတီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းသည့်အခါ ပြောဆိုခဲ့သည်။

"ဦးနုလက်ထက်မှာ မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာ နိုင်ငံဖြစ်ရမယ်။ မြန်မာနိုင်ငံထဲမှာနေတဲ့ လူအားလုံးဟာ ဗုဒ္ဓဘာသာ ဖြစ်ရမယ်ဆိုတော့ ဒါသူ့ရဲ့ National Identity ပဲဗျ။ ဒါပေမဲ့ အဲဒီ Identity ကို သူဖမ်းတဲ့အခါမှာ မှားသွားတယ်။ မှားသွားတော့ ဒီထဲမှာနေတဲ့ ခရစ်ယာန်တွေ အားလုံးက တောခိုသွားတာပေါ့။ Identity ကို ဖမ်းတတ်ဖို့လိုတယ်။ အခုလည်းမှန်နေရမယ်။ နောက်ပိုင်း နှစ်တစ်ရာနှစ်ရာသုံးရာမှာလည်း

မှန်နေတဲ့ Identity ကို ဖမ်းနိုင်ဖို့လိုပါတယ်။”ဟု သမ္မတရုံးဝန်ကြီးဟောင်း ဦးအောင်မင်းက ဆိုထားသည်။

ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူရန် ပါတီမှတစ်စုံတစ်ရာ ညွှန်ကြားထားခြင်း မရှိကြောင်း NLD ပါတီ၏ ခေါင်းဆောင်များက ပြောဆိုထားကြသည်။ သို့သော် ဗိုလ်ချုပ်ကြေးရုပ်နှင့်ပတ်သက်၍ ပဋိပက္ခများဖြစ်ပေါ်ခဲ့သည့်တိုင် အစိုးရအနေဖြင့် သော်လည်းကောင်း၊ ပါတီအနေဖြင့် သော်လည်းကောင်း တားမြစ်ညွှန်ကြားခြင်း သို့မဟုတ် တရားဝင်သဘောထား ထုတ်ပြန်ခြင်း မရှိသည်ကို ထောက်ရှုကြည့်လျှင် ဗိုလ်ချုပ်ကြေးရုပ် စိုက်ထူမှုကို NLD က မူအရသဘောတူနေသလော မေးခွန်းထုတ်ရန် ရှိလာပါသည်။
ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူခြင်းကို ကန့်ကွက်ကြသည့် တိုင်းရင်းသားများ၏ သဘောထားကို ခြုံငုံသုံးသပ်ကြည့်လျှင် ဗိုလ်ချုပ်အောင်ဆန်းကို တန်းဖိုးမထား၍ ကန့်ကွက်နေခြင်း မဟုတ်ပဲ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံစာချုပ်တွင် သဘောတူခဲ့ကြသည့် ကတိကဝတ်များကို တိုင်းရင်းသားပြည်သူများ ခံစားနိုင်ရေး အကောင်အထည်ဖော်ခြင်းက ပိုအရေးကြီးသည်ဟု ပြောဆိုနေခြင်း ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ပြည်ထောင်စု အမှတ်သရုပ်ရှိရန် အရေးကြီးသော်လည်း တိုင်းရင်းသားပြည်သူများမှ လက်မခံနိုင်သည့် အမှတ်သရုပ်ကို ပုံဖော်မိလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အထောက်အကူမဖြစ်ပဲ၊ ပြည်ထောင်စု စိတ်ဓါတ်ရှင်သန်လာရေးအတွက် အဖုအထစ်သာ ဖြစ်လာနိုင်ကြောင်း သုံးသပ်မိပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်ကြေးရုပ်သည် ပြည်ထောင်စု သရုပ်သဏ္ဍာန်အတွက် ဖြစ်သည်ဟုဆိုလျှင် လွတ်လပ်ရေး အတူတကွရယူရေးအတွက် ဗိုလ်ချုပ်နှင့်စာချုပ် ချုပ်ဆိုခဲ့ကြသော တိုင်းရင်းသား ခေါင်းဆောင်များ၏ ပုံရိပ်ကိုလည်း မေးမှိန်ထားခြင်း မပြုလုပ်သင့်ကြောင်း စဉ်းစားမိပါသည်။

ထို့အပြင် ပြည်ထောင်စု အမှတ်သရုပ်ဖြစ်လာရေးအတွက် စဉ်းစားအကောင်အထည်ဖော်မှုမျိုးတွင် အစပြုကတည်းက တိုင်းရင်းသားများ၏ စိတ်ကူးစိတ်သန်းလည်း ပါဝင်နိုင်ရန် အရေးကြီးပြီး၊ တိုင်းရင်းသား ပြည်သူများ လက်ခံနိုင်သည့် အမှတ်သရုပ်မျိုး ဖြစ်လာမှသာ ချစ်ခင်ရင်းနှီးမှု ပုံရိပ်အသွင်ဆောင်မည်ဖြစ်ကြောင်း ထင်မြင်မိပါသည်။ ထို့သို့မဟုတ်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် မဟုတ်ပဲ၊ တိုင်းရင်းသား ပြည်သူများ၏ မကျေနပ်ချက်များကို တူးဆွပေးသည့် လုပ်ဆောင်မှုများသာ ဖြစ်လာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# နိုင်ငံရေးမတည်ငြိမ်မှုကြားက တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ အကျပ်အတည်း

Hka San Lwi (ခဆန်လွင်)

12 June 2019

"ညီညွတ်ခြင်းသည် အင်းအား ဆိုတာကို လက် တွေ့ ပြနိုင်ဖို့ က အခုကြားဖြတ်ရွေးကောက်ပွဲ ဖြစ်တယ်။
ကြားဖြတ်ရွေးကောက်ပွဲမှာ ညီညွတ်တဲ့ ကချင်ပါတီ တွေကနေ ရွေးချယ်လိုက်တဲ့ ဒီကိုယ်စားလှယ်လောင်း က မဲနိုင်သွားပြီဆိုလို့ ရှိရင် ကချင်တွေရဲ့ညီညွတ်ခြင်းကို လက်တွေ့ကျ ကျပြသနိုင်တာ ဖြစ်တယ်။"

လက်နက်ကိုင် အင်အားတောင့်တင်းနေရန် အဓိကကျသည် ဆိုသော အယူအဆနှင့် ပါတီများပေါင်းစည်းမှု တော်ကာ ကျမည်ဆိုသည့်အယူအဆနှစ်ခု၊ ဘယ်အယူအဆက တိုင်းရင်းသားပြည်သူများကြား အားသာနေမလဲ။ တိုင်းရင်း သားပြည်နယ်တိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများရှိနေသလို ဒီမိုကရေစီစံနှုန်း များချို့တဲ့နေသော ၂၀၀၈ အခြေခံဖွဲ့စည်းပုံအောက်တွင် တိုင်းရင်းသားနိုင်ငံရေးပါတီများ အလျှိုလျှိုပေါ်ထွက်လာ သော်လည်း ပြည်သူအပေါ် နိုင်ငံရေးသြဇာညောင်းနိုင်သည့် ပါတီက ရှားပါးနေသေးသည်။ လက်နက်ကိုင်အဖွဲ့များ၏ သြဇာရိပ်ကလည်း ၎င်းပြည်နယ်များမှ တိုင်းရင်းသားပြည်သူ များအပေါ် အတိုင်းအတာတစ်ခုထိ လွှမ်းမိုးနေဆဲဖြစ်ပါသည်။

သက်ဆိုင်ရာတိုင်းရင်းသား ပြည်သူများ၏ နိုင်နိုင်မာမာ ထောက်ခံမှုကိုရရှိထားသော အချို့တိုင်းရင်းသားပါတီများရှိနေသော် လည်း အမာခံထောက်ခံအားပေးသည့် ပြည်သူမရရှိသေးသော ပါတီများလည်း ရှိနေပါသည်။ ကချင်ပြည်နယ်တွင်မူ ကချင်တိုင်းရင်းသား ပြည်သူများ၏ အခိုင်အမာထောက်ခံအားပေးမှုရရှိထားသော ကချင်ပါတီကို လက်ဆုပ်လက်ကိုင် မပြနိုင်သေးပေ။

ထိုသို့ဖြစ်နေသည့် အခြေအနေကြောင့်လည်း သီးခြားစီပါတီဖွဲ့စည်းပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ကချင်နိုင်ငံရေးပါတီအချို့က ပါတီပေါင်းစည်းရေးကို အခက်အခဲကြားမှ ဖွဲ့စည်းပေါင်းစည်းလာကြပါသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ပါတီကြီးများနှင့် သာမက ကချင်ပါတီများအချင်းချင်း ပြိုင်ဆိုင်နေရပြီး ထိုသို့ပြိုင်ဆိုင်နေခြင်းက မဲဆန္ဒရှင်ပြည်သူများအား ပါတီနိုင်ငံရေးအပေါ် ပိုမိုသံသယဝင်စေသည့် အချက်ဖြစ်ခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ပြိုင်ခဲ့ပြီး အထိုက်အလျောက် အောင်မြင်မှုရလာသည့် Rakhine Nationalities Development Party (RNDP)နှင့် အစဉ်အလာရှိသည့် Arakan League for Democracy (ALD) ပါတီတို့က ရခိုင်နိုင်ငံရေးပါတီတစ်ခုအဖြစ် ပူးပေါင်းသွားကာ ၂၀၁၅ရွေးကောက်ပွဲတွင် ဝင်ပြိုင်ခဲ့ရာ ရခိုင်ပြည်နယ်လွှတ်တော်မှ ရွေးကောက်ခံကိုယ်စားလှယ်အရေအတွက်၏ ထက်ဝက်ကျော်နိုင်ခဲ့ခြင်းသည် ပါတီများပေါင်းစည်းလျှင် အောင်မြင်နိုင်သည်ဆိုသောအချက်ကို မီးမောင်းထိုးပြသလို ဖြစ်လာခဲ့သည်။ ထို့ကြောင့်လည်း ဖက်ဒရယ်ပြည်ထောင်စုကို အားသန်နေကြသော တိုင်းရင်းသားပါတီများက ကိုယ့်ပြည်နယ်တွင် ကိုယ့်ပါတီအင်းအားတောင့်တင်း ခိုင်မာလာရေး ပိုမိုအားစိုက်လာကြသည်။

၂၀၁၈ နိုဝင်ဘာလတွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် ကချင်ပါတီများ ပေါင်းစည်းပြီး ပါတီ အသစ်တစ်ခုအဖြစ် မှတ်ပုံတင်ခြင်း မရှိသေးသော်လည်း Kachin Democratic Party ဥက္ကဋ္ဌ ဦးကွမ်ဂေါင်အောင်ခမ်းကို ပေါင်းစည်း ပါတီ၏ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် သဘောတူခဲ့ကြသည်။

"ညီညွတ်ခြင်းသည် အင်းအားဆိုတာကို လက်တွေ့ ပြနိုင်ဖို့ က အခုကြားဖြတ်ရွေးကောက်ပွဲ ဖြစ်တယ်။ ကြားဖြတ်ရွေးကောက်ပွဲမှာ ညီညွတ်တဲ့ ကချင်ပါတီတွေကနေ ရွေးချယ်လိုက်တဲ့ ဒီကိုယ်စားလှယ်လောင်း က မဲနိုင်သွားပြီဆိုလို့ ရှိရင် ကချင်တွေရဲ့ညီညွတ်ခြင်းကို လက်တွေ့ကျကျပြသနိုင်တာ ဖြစ်တယ်။"ဟု ဒေါက်တာတူးဂျာ က ရွေးကောက်ပွဲ မတိုင်မီပြောဆိုခဲ့သည်။ ၎င်းမျှော်လင့်ပြောဆိုခဲ့သလို ညီညွတ်ခြင်း၏

ရလဒ်ကို လက်တွေ့မပြနိုင်ခဲ့သော်လည်း ၎င်းတို့ပူးပေါင်းပါတီကို ကိုယ်စားပြုယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းရရှိခဲ့သောမဲအရေအတွက်သည် တိုးတက်မှုအလားအလာကောင်းတစ်ခု ဖြစ်သည်ဟု ကောက်ချက်ဆွဲကာနှစ်သိမ့်ယူမည်ဆိုလည်း ရနိုင်ပါသည်။ သို့သော်နောင်လာမည့်ရွေးကောက်ပွဲများအတွက် အိပ်ပျော်နိုင်သေးသည့် အခြေအနေတော့ လုံးဝမဟုတ်သေးပေ။

ထိုသို့ပါတီများ ပေါင်းစည်းလာသော်လည်း ရတက်မအေးဖြစ်နေရသည့်အချိန်တွင် ဝလက်နက်ကိုင်အဖွဲ့(UWSA)၏ ငြိမ်းချမ်းရေးနှစ်(၃၀)ပြည့်ပွဲကျင်းပခြင်းနှင့် ရခိုင်ပြည်နယ်တွင်ရခိုင်လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (AA)နှင့်တပ်မတော်တို့ကြား တိုက်ပွဲများ ပြင်းထန်လာခြင်းက လက်နက်ကိုင်တော်လှန်ရေး အယူအဆကိုအားမွေးပေးသလို ဖြစ်လို့လာနေသည်ဟုသုံးသပ်လာကြသည်။ ထို့အပြင် လက်ရှိNLDအစိုးရကပင်လျှင် တပ်မတော် မျက်စိမျက်နှာမလှမဖြစ် ရေးအတွက် အလွန်လိုက်လျောနေရသည်ဆိုသော ဝေဖန်မှုများလည်း ထွက်ပေါ်လာသည်။ စသည့်အချက်အလက်များသည်ဒီမိုကရေစီအသွင်ကူးပြောင်းနေသည်ဆိုသည့် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲနှင့် လွှတ်တော်(ပါတီနိုင်ငံရေး)လမ်းကြောင်းသည် လက်နက်အင်အားတောင့်တင်းရေး အယူအဆနှင့်ယှဉ်ပြိုင်နေရဆဲဖြစ်ပါသည်။

လွှတ်တော်နှင့် အစိုးရအတွက် အားရစရာမကောင်းသည့်အချက်ကို ၂၀၁၉ မေလတွင်ထုတ်ဝေလိုက်သော British Council မှဦးစီးပြုလုပ်သည့် 'မျိုးဆက်သစ်မြန်မာ' သုတေသနစာတမ်းတွင်ဖတ်ရှုရသည်။ "မိမိတို့နယ်မြေရှိ ပြည်နယ်/တိုင်းဒေသကြီး အစိုးရကဖြစ်စေ၊ ပြည်ထောင်စုအဆင့် အစိုးရကဖြစ်စေဆောင်ရွက်ချက်များကို လက်ခံသဘောတူသည့်လူငယ်အရေအတွက်မှာ နည်းပါးလှပါသည်။ စစ်တမ်းဖြေဆိုသူများ၏ ၅၄% ကသာပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များကို လက်ခံသဘောတူကြပေရာပြည်နယ်အဆင့် အစိုးရအဖွဲ့များမှာ စစ်တမ်းပါလူငယ်များကြားတွင် လူကြိုက်အနည်းဆုံးဖြစ်ပါသည်။ အဆိုပါအဖွဲ့အစည်းများမှာ သူတို့၏နေ့စဉ်ဘဝနှင့် "အဟပ်ကွာလွန်းသည်"ဟုလူငယ်များကဆိုပါသည်။"

လွှတ်တော်နှင့် အစိုးရတို့ ကြုံတွေ့နေရသည့်အခက်အခဲကိုပြောလျှင် တစ်ရာရာခိုင်းနှုန်းတာဝန်ခံနေရပြီး လုပ်ပိုင်ခွင့်အာဏာကျတော့တစ်ရာရာ နှုန်းမရရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပြောဆိုလာခြင်းက ၂၀၀၈ဖွဲ့စည်းပုံအောက်က အစိုးရနှင့်လွှတ်တော်တို့၏အခက်အခဲများကို ထင်ဟပ်စေသည့် အတိုဆုံး

မှတ်ချက်စကား ဖြစ်မည်ထင်သည်။ အများပြည်သူကြားတွင် ၂၀၀၈ဖွဲ့စည်းပုံကို မပြင်နိုင်လျှင်မည်သည့်ပါတီနိုင်နိုင် ထူးထူးရှားရှား ပြောင်းလဲမည်မဟုတ်ဟု  ယူဆမှုလည်းရှိလာသည်။ ဖွဲ့စည်းပုံဥပဒေပြင်ဆင်ရေးကို နည်းလမ်းရှာကြိုးပမ်းနေကြသော်လည်း ယခုအချိန်ထိတော့ မျှော်လင့်ချက်က မှုန်ဝါးဝါး ဖြစ်နေသေးသည်။

အထက်တွင်တင်ပြခဲ့သော စိန်ခေါ်မှုနှင့် အခက်အခဲများသည် လာမည့် ၂၀၂၀ရွေးကောက်ပွဲတွင် တိုင်းရင်းသားနိုင်ငံရေးပါတီများအပေါ် ကြီးမားသည့်အကျိုးသက်ရောက်မှု ရှိလာနိုင်သည်။ ပါတီ ပေါင်းစည်းရေး ကြိုးပမ်းနေကြသည့် တိုင်းရင်း သားပါတီများရှိသလို၊ ပါတီပိုပြီးခိုင်မာအားကောင်းလာရေး ကြိုးပမ်းလာကြသည့် ပါတီများလည်း ရှိပါသည်။

သို့သော် ငြိမ်းချမ်းရေး၏ အသီးအပွင့်နှင့် ဒီမိုကရေစီ၏ အသီးအပွင့်များကို မခံစားဖူးသေးသော ပြည်သူများသည် အရာရာကိုသံသယဖြင့် စောင့်ကြည့်နေရပါသည်။ ထို့ကြောင့်တိုင်းရင်းသားပါတီများသည် ကိုယ့်ပြည်နယ်တွင်ကိုယ့်ပါတီ ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ယခုကတည်းက ကျားကုတ်ကျားခဲ ကြိုးစားသွားမှ တော်ကာကျမည်ထင်ပါသည်။

# လားရာအမြင်များ သဘောတူ နိုင်ကြမည်လော

Hka San Lwi
(ခဆန်လွင်)
17 October 2019

(( ))

"ပြည်ထောင်စု စနစ်သည် ပြည်ထောင်များ (ဝါ) အမျိုးသား နိုင်ငံတော်များ (ဝါ) တိုင်းပြည်များ တန်းတူ ရည်တူ ပူးပေါင်း၍ နိုင်ငံတော်တစ်ရပ်ကို ဖွဲ့ စည်းထူထောင်ခြင်း ဖြစ်သောကြောင့် ပြည်ထောင်စုစနစ်၏ အခြေခံအုတ်မြစ်နှင့် လေးနက်သောအနစ်သာရများသည် "တန်းတူရေး" ပင်ဖြစ်သည်။"

ပြည်ထောင်စုသန္ဓေတည်ရာ ဇစ်မြစ်ကိုသဘောတူညီမှု မရသေးပဲ၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်နိုင်ရန် ပြည်ထောင်စုသဘောတူညီချက်များရရှိနိုင်ရေး ကြိုပမ်းနေခြင်းဖြင့်၊ ပြဿနာကို ဖြေရှင်းနိုင်မည့် သဘောတူညီချက်များ ရနိုင်မည်လော။ ဖက်ဒရယ်ဆိုသည့် စကားရပ်မျိုးကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ထဲတွင် ပါလာသော်လည်း ပြည်ထောင်စုမှ မခွဲထွက်ရနှင့် ခွဲထွက်ခွင့်ဆိုသော စကားရပ်မျိုးကို ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် သဘောတူညီမှုရရှိရန် မလွယ်သည့်အချက် ဖြစ်နေသေးသည်။ သည့်အပြင် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နယ်ပယ်များမှ ပုဂ္ဂိုလ်အချို့ ပြောဆိုထားသည့်အချက်များကို ထောက်ရှုကြည့်လျှင် ပြည်ထောင်စု သန္ဓေတည်ရာ သမိုင်းအချက်ကိုပင် အမြင် မတူကြသေးသည်မှာ ထင်ရှားနေပါသည်။

တိုင်းရင်းသားများ လက်ခံယုံကြည်ထားသည်မှာ ဗြိတိသျှ ကိုလိုနီ လက်အောက်က လွတ်လပ်ရေး ရယူရန် ဗိုလ်ချုပ် အောင်ဆန်းနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်လက်ခံ ထားသည်။ လွတ်လပ်ရေးရပြီးနောက် နိုင်ငံ ကိုပြည်ထောင်စုအဖြစ် ဖွဲ့စည်းတည်ဆောက် သွားမည်ဟု ယုံကြည်လက်ခံထားကြခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးကိုရရှိရန် ပြဿနာ၏ ဇစ်မြစ်ဖြစ်သည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းအားဖြင့် ဖြေရှင်းရမည်ဟုဆိုနေသော်လည်း ပြည်ထောင်စု ဘယ်က စသလဲဆိုသည့် ဇစ်မြစ် နေရာကိုပင် တိုင်းရင်းသားများအချင်းချင်း ဘုံသဘောတူညီမှု ကျကျနနမရရှိသေးသည့် သဘောရှိနေသည်။

သမ္မတဦးသိန်းစိန်လက်ထက်တွင် မြန်မာငြိမ်းချမ်းရေးစင်တာ (MPC)အဖွဲ့တွင်ပါဝင်ခဲ့ပြီး လက်ရှိတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မြန်မာ အင်စတီကျု (MIPS)၏ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦးမှ DVB ကနေ တင်ဆက်သည့် "ခံစားကြည့်"အစီအစဉ်တွင် "အခုလက်နက်ကိုင်တိုက်ပွဲဝင်နေတဲ့ တိုင်းရင်းသားတွေဘက်က မြင်တာကြတော့ လွတ်လပ်ရေးရမှ ပြည်ထောင်စုဆိုတာဖြစ်တာ လွတ်လပ်ရေးရအောင် ငါတို့အားလုံးဝင်လာပြီး ပေါင်းစည်းပြီးတော့ ပြည်ထောင်စုဖြစ်လာတယ်ဆိုတဲ့ အမြင်ရှိတယ်။ တပ်မတော်ဘက်က သူတွေ ကြည့်တာကြတော့ ဟိုးလွန်ခဲ့တဲ့ ပုဂံခေတ်လောက်ကတည်းက ဒါကမြန်မာပြည်က ရှိထားပြီးသားဆိုတဲ့ အခြေခံနဲ့ကြည့်တယ်။ အဲတော့ အဲဒီအကြည့်နှစ်ခုက ... ဟနေတယ်။ အဲဒီအဟကြီးကို အဓိပ္ပါယ်ဖော်တဲ့အခါမှာ ပြည်ထောင်စုကို မြင်တဲ့အမြင်ခြင်း မတူကြဘူး ဆိုတဲ့ ပြဿနာတစ်ခုကျွန်နော်တို့ တွေ့လာရတယ်။"ဟု ပြောဆိုဆွေးနွေးခဲ့သည်။

ကချင်ပြည်နယ် အရှေ့ပိုင်း တရုတ်မြန်မာ နယ်နမိတ် သတ်မှတ်ရေး (ဖီမော်၊ ဂေါ်လန်၊ ဂမ်ဖန်) ပြဿနာပေါ်ပေါက်ချိန်တွင် ကချင်ပြည်နယ် ဥက္ကဌလုပ်ခဲ့သူ ဦးဇန်ထာရှင်က "ကချင်လူမျိုးများသည် မြန်မာဘုရင်များ၏ လက်အောက်သြဇာခံများ မဟုတ်ခဲ့ကြပါ။ ကချင် ဒူဝါအများအပြားသည် မြန်မာဘုရင်များနှင့် မဟာမိတ်အနေနှင့်သာ ဆက်ဆံခဲ့ကြသည်။"ဟု ၎င်းရေးသားခဲ့သည့် ဒီမိုကရေစီပြောင်းပြန် စာအုပ်တွင် ရေးသားထားသည်။


ချင်းလူမျိုး နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်ပြီး လက်ရှိ UPDJC အဖွဲ့ဝင်ဖြစ်သူ ဒေါက်တာဆလိုင်း လျန်မှုန်းဆာခေါင်းက "ပြည်ထောင်စုစနစ်သည် ပြည်ထောင်များ (ဝါ) အမျိုးသားနိုင်ငံတော်များ (ဝါ) တိုင်းပြည်များ တန်းတူရည်တူ ပူးပေါင်း၍ နိုင်ငံတော်တစ်ရပ်ကို ဖွဲ့စည်းထူထောင်ခြင်း ဖြစ်သောကြောင့် ပြည်ထောင်စုစနစ်၏ အခြေခံအုတ်မြစ်နှင့် လေးနက်သောအနှစ်သာရများသည် "တန်းတူရေး"

ပင်ဖြစ်သည်။”ဟု ၎င်းပြုစုရေးသားထားသော ပင်လုံကတိကဝတ်များစာအုပ် (၂၀၁၃)၌ ရေးသားထားသည်။ ၎င်းဆိုလိုသည်မှာ ပင်လုံစာချုပ်သည် အမျိုးသားနိုင်ငံတော်များ သီးခြားစီဖြင့် ဗြိတိသျှကိုလိုနီလက်အောက်က လွတ်လပ်ရေးရယူ၍ သီးခြားလွတ်လပ်သော နိုင်ငံထူထောင်နိုင်သော်လည်း ထိုသို့ထူထောင်ခြင်း မပြုပဲ ပြည်ထောင်စုနိုင်ငံတော်သစ်တစ်ခုကို အတူတကွ ထူထောင်ကြမည်ဟူသော ပဋိညာဉ်စာချုပ်စာတမ်း ဖြစ်သည်ဟု ရေးသားဖွင့်ဆိုထားသည်။

တိုင်းရင်းသားများသည် ပြည်ထောင်များစုပေါင်းထားသည့် ပြည်ထောင်စုဖြစ်သည်ဟု လက်ခံပြောဆိုနေသော်လည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တာဝန်ကိုထမ်းတောင်ခဲ့သူ ဦးခင်အောင်မြင့်က “တကယ့်တကယ်တွေးကြည့်ရင် ကျွန်တော်တို့ နိုင်ငံတော်ကြီးဟာ ပြည်ထောင်တွေစုထားတဲ့ ပြည်ထောင်စု မဟုတ်ပါဘူးဗျား။ လူမျိုးစုနိုင်ငံကြီးပါ။ တိုင်းရင်းသားမျိုးနွယ်စုတွေဟာ နိုင်ငံရဲ့အစိတ်အပိုင်းတစ်ခုထဲမှာ စည်းရိုးခတ်ပြီး သတ်သတ်နေတာမဟုတ်ပဲနဲ့ နိုင်ငံအနံ့မှာ ပြန့်နှံ့နေထိုင်ကြတာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ လူမျိုးစုရှိနေတာကို အခုမှပြန်ခွဲထုတ်ချင်လို့လည်း မရပါဘူး။”ဟု ISP Myanmar မှ ပြုလုပ်သည့် ယောမင်းကြီးဇရပ်စကားဝိုင်းတွင် ပြောဆိုခဲ့ပါသည်။

ထိုသို့ သမိုင်းချဉ်းကပ်ပုံမတူခြင်းကြောင့် ပြည်ထောင်စုသန္ဓေတည်ရာဇစ်မြစ်လည်း ကွဲပြားသွားသည်ဟု သုံးသပ်မိပါသည်။ ထို့ကြောင့် ဖက်ဒရယ်ဆိုသည်မှာ ခွဲထွက်ရေးဖြစ်သည်ဟု ဗမာတိုင်းရင်းသား နိုင်ငံရေးအင်အားစုအချို့မှ ထင်မြင်နေခြင်းသည် ဦးနေဝင်း၏ ဝါဒဖြန့်မှု တစ်ခုတည်းကြောင့် မဟုတ်သလို စတာလင်၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အဓိပ္ပါယ်ဖွင့်ဆိုမှုပါ ခွဲထွက်ခွင့်မှု သက်သက်ကြောင့်လည်း မဟုတ်နိုင်ပေ။ ကိုလိုနီလက်အောက် မကျရောက်မီကာလက တိုင်းရင်းသားများ၏ သမိုင်းကြောင်းနှင့် လွတ်လပ်ရေးမရမီကာလက ပြည်တွင်း သမိုင်းကြောင်းအပေါ် ချဉ်းကပ်နားလည်မှု ကွဲလွဲနေကြခြင်းသည် အဓိကကျသည်ဟု မြင်ပါသည်။

ထိုသို့ ပြည်ထောင်စု လာရာဇစ်မြစ်ကို သဘောတူညီမှုမရပဲ အနာဂတ်ပြည်ထောင်စု၏ လားရာများကို ဆွေးနွေးနေကြခြင်းသည် အောင်မြင်ရန် အလွန်ခဲယဉ်းသည့်ကိစ္စဖြစ်မည်ဟု ကောက်ချက်ချမိပါသည်။



# သတင်းသမားတစ်ဦးရဲ့ မြောက်ပိုင်းခရီးသွား မှတ်တမ်း




Nlum


22 November 2019

"ဟဲဘာ ဖြစ်လို့ ဓါတ်ပုံရိုက်တာလဲ"လို့ လှမ်းအော် လိုက်တော့ ဆရာက ခင်ဗျားကိုလည်း ရိုက်မယ် ဆိုပြီး ကင်မရာလှည့်ပြခဲ့တာကို သတိရမိပါတယ်။

အချိန်က မွန်းလွဲနှစ်နာရီထိုးခါနီး၊ ရွှေမြန်မာလေကြောင်းလိုင်း check-in ကောင်တာသို့ ကျွန်နော်တို့သုံးယောက် ဦးတည်လျှောက်လှမ်းလာနေချိန်၊ လွန်ခဲ့တဲ့ခြောက်နှစ်က ပူတာအိုသို့ ပထမဆုံးအကြိမ် အတူသွားခဲ့ဖူးတဲ့ဆရာနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံမိကြပါတယ်။ မြစ်ကြီးနားလေဆိပ်ရဲ့ ထွက်ခွာဆောင်ထဲဝင်လိုက်တာနဲ့ ခရီးသည်တွေက ခင်းကျင်းထားတဲ့ ထိုင်ခုံတန်းတွေမှာ ပြည့်သလောက်ရှိနေပါတယ်။ အဲဒီခရီးသည်တွေထဲမှာ တစ်ဦးချင်းသွားသူနဲ့




အချိန်က မွန်းလွဲနှစ်နာရီထိုးခါနီး၊ ရွှေမြန်မာလေကြောင်းလိုင်း check-in ကောင်တာသို့ ကျွန်နော်တို့သုံးယောက် ဦးတည်လျှောက်လှမ်းလာနေချိန်၊ လွန်ခဲ့တဲ့ခြောက်နှစ်က ပူတာအိုသို့ ပထမဆုံးအကြိမ် အတူသွားခဲ့ဖူးတဲ့ဆရာနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံမိကြပါတယ်။ မြစ်ကြီးနားလေဆိပ်ရဲ့ ထွက်ခွာဆောင်ထဲဝင်လိုက်တာနဲ့ ခရီးသည်တွေက ခင်းကျင်းထားတဲ့ ထိုင်ခုံတန်းတွေမှာ ပြည့်သလောက်ရှိနေပါတယ်။ အဲဒီခရီးသည်တွေထဲမှာ တစ်ဦးချင်းသွားသူနဲ့



အုပ်စုလိုက်လည်ပတ်တဲ့ နိုင်ငံခြားသား ခရီးသွားဧည့်သည် တွေလည်း ပါဝင်နေပါတယ်။

လွန်ခဲ့တဲ့ခြောက်နှစ်တွင် မြစ်ကြီးနားလေဆိပ်ဟာ အခုလို မဟုတ် ထွက်ခွာဆောင်၊ ဆိုက်ရောက်ဆောင်ဆိုလို့ မည်ကာမတ္တမျှသာရှိခဲ့ပါတယ်။ လေဆိပ်ထွက်ခွာဆောင်တွင် တစ်နာရီလောက် ထိုင်စောင့်နေတဲ့အချိန်တွင်းမှာ လေယာဉ်သုံးစင် ဆိုက်ရောက်ခဲ့ရာ သုံးကြိမ်မြောက်လေယာဉ်ဟာ ကျွန်နော်တို့ သုံးယောက်စီးရမယ့်လေယာဉ် ဖြစ်ပါတယ်။

နိုဝင်ဘာလဖြစ်တဲ့အလျောက် ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ တောင်ကုန်းတောင်တန်းပြာတွေမှာ ငွေရောင်ဝင်းနေတဲ့ တောင်ယာစပါးခင်းတွေနဲ့ လယ်ယာ စပါးစိုက်ခင်းတွေကို အပေါ်မြင်ကွင်းကနေ ဟိုတစ်ကွက် ဒီတစ်ကွက် လှမ်းမြင်ရတဲ့ မြင်ကွင်းကိုကြည့်ရှုခံစားနေချိန်မှာပဲ မိနစ်သုံးဆယ်ကျော်အချိန်က ကုန်လို့မတတ်ကုန် သွားပြီး ပူတာအိုလေဆိပ်သို့ ရောက်ရှိသွားပါပြီ။

ပူတာအိုလေဆိပ်တွင် ဆိုက်ရောက်ဆောင်ရှိပေမဲ့ ထိုင်ဖို့ ခုံတန်းတွေတော့မရှိသေး။ ခရီးသည်တွေက ကိုယ့်ပစ္စည်း ကိုယ်ရွေးယူဖို့ ဆိုက်ရောက်ဆောင်ရဲ့ အပြင်ဘက်မှာ ထိုင်သူထိုင် ရပ်သူရပ်ကာ ကိုယ်အဆင်ပြေသလို စောင့်နေရတဲ့အဖြစ်က တခါတလေ နာရီဝက်လောက်ကြာ တတ်ပါတယ်။

ခရီးသည်တချို့က ပူတာအိုရောက်ပြီ ဖြစ်ကြောင်း မိသားစုအသိမိတ်ဆွေတွေကို ဖုန်းဆက်အကြောင်းကြား နေကြသလို၊ တချို့က face book ပွတ်နေကြပါတယ်။ လေဆိပ်ဝင်းထဲမှာလည်း Taxi ကဒ်ပြားမတပ်ဆင်ထားတဲ့ အငှားကားတွေနဲ့ အိမ်စီးကားတွေ တန်းစီထိုးရပ်ထားတာကို တွေ့ရပါတယ်။ ကျွန်နော် ပထမဆုံးပူတာအို ရောက်ခဲ့ချိန် (၂၀၁၃)တွင် လေဆိပ်တွင် သုံးဘီးကားနဲ့ ဆိုင်ကယ်ကိုသာ တွေ့ခဲ့ရပါတယ်။ face book မပြောနဲ့ ဖုန်းပြောနိုင်ဖို့တောင်အနိုင်နိုင်။ ဆက်သွယ်ပြောဆိုနိုင်တဲ့ CDMA ဖုန်းလိုင်း တစ်မျိုးကလည်း လူတိုင်းအလွယ်တကူ သုံးစွဲနိုင်တဲ့အရာမဟုတ်ခဲ့။

မှတ်မိပါသေးတယ်။ ၂၀၁၄ ခုနှစ်တုန်းက လုပ်ဖော်ကိုင်ဖက် သတင်းထောက်တစ်ဦးနဲ့ ကျွန်နော် မချမ်းဘော့မြို့ကနေ ပူတာအို အပြန်လမ်း ဂျူဗလီရွာအရောက်မှာ ဆိုင်ကယ်ဘီးပေါက်သွားလို့ ရွာထဲမှာဆိုင်ကယ်ဘီးဖာတဲ့ဆိုင် ရှိမရှိမေးမြန်းကြည့်ဖို့ လမ်းဘေးနားက အိမ်တစ်အိမ်ထဲ ဝင်လိုက်တယ်။ ဆိုင်ကယ်ဖာဖို့လည်းအဆင်မပြေ၊ ဆည်းဆာချိန်ကျော်လို့ မှောင်စပြုလာတဲ့အတွက် သုံးဘီးအငှားလိုက်တဲ့သူရှိရင် ငှားပေးဖို့ အကူအညီတောင်းတော့ အိမ်ရှင်က ဧည့်ခန်းကနေ ချက်ချင်းထွက်သွားပြီး အပြင်ဘက်မှာ ရဝမ်စကားအပြန်အလှန် ပြောဆိုနေသံကြားနေရတယ်။ ခဏလေး အတွင်းမှာပဲ ကျွန်နော်တို့နှစ်ယောက် ထိုင်နေတဲ့






အိမ်ရှေ့မှာ သုံးဘီးတစ်စီး ထိုးရပ်လိုက်သံကြားရတာနဲ့ ထွက်ကြည့်လိုက်တော့၊ ကျွန်နော်တို့နှစ်ယောက်ကို ပူတာအိုလိုက်ပို့ပေးမယ့် သုံးဘီးဖြစ်နေတယ်။ ရွာကပြန့်ပြီးကျယ်တော့ သုံးဘီးလိုက်ခေါ်တာမြန်လိုက်တာလို့ စဉ်းစားနေချိန်မှာပဲ သူတို့ရဲ့လက်ထဲမှာ စကားပြောစက်ကိုင်ထားတာတွေ့ရမှ၊ ရွာမှာသူတို့အချင်းချင်းစကားပြောစက်နဲ့ ဆက်သွယ်နေကြတာကိုသိလိုက်ရပါတယ်။ အခုတော့ ဒီရွာလည်းစကားပြောစက်သုံးစရာမလိုတော့ပဲ မိုဘိုင်ဖုန်းတွေကိုယ်စီကိုင်နေကြပါပြီ။

ပူတာအိုဟာ သီးခြားကမ္ဘာတစ်ခုလိုပဲလို့ သူငယ်ချင်းတစ်ယောက် ပြောပြဖူးပါတယ်။ အဲဒီအချိန်က ပူတာအိုဟာ ဒေသတွင်းတစ်ရွာနဲ့တစ်ရွာ ဆက်သွယ်ထားတဲ့ လမ်းတွေလည်း သွားရလာရခက်ခဲတဲ့အတွက် တစ်ရွာနဲ့တစ်ရွာ ကူးလူးဆက်ဆံရေးတောင် ခက်ခဲခဲ့တဲ့ ဒေသဖြစ်ပါတယ်။ မြစ်ကြီးနားနဲ့ ဆက်သွယ်ထားတဲ့ ကားလမ်းကလည်း ကမ္ဘာကျော်ဗွက်တန်းလို့ ကုန်တင်ကားသမားတွေရဲ့ တင်စားခြင်းခံရတဲ့အထိ ဆိုးရွားခဲ့တဲ့နေရာတွေပေါများခဲ့ပါတယ်။ ၂၀၁၆ခုနှစ် နှစ်ကုန်အထိ အဲဒီဗွက်တန်းတွေဟာ ရှိနေဆဲဖြစ်ခဲ့ပါတယ်။ အခုတော့ မြစ်ကြီးနားနဲ့ ပူတာအိုကြား ပုံမှန်ပြေးဆွဲနေတဲ့ လူစီးကားတွေလည်း ရှိနေပါပြီ။ ဒါပေမဲ့ အခုလိုကားလိုင်းပြေးဆွဲနေတာ ၂နှစ်မပြည့်သေးဘူးထင်ပါတယ်။

အရင်က ကားလမ်းပေါ်မှာ ကားဆိုလို့တပ်မတော်တပ်ရင်းက ကားတွေကိုပဲ တွေ့မြင်ရလေ့ရှိတဲ့ ပူတာအိုမြို့မှာ အခုဆိုရင် အိမ်စီးကားတွေ ရပ်ကွက်လမ်းတိုင်းလိုလိုမှာ မြင်တွေ့နေရပါပြီ။ ကားတွေများလာတာနဲ့အမျှ ဆောက်လုပ်နေဆဲ




စက်သုံးဆီဆိုင်တွေနဲ့ ဆောက်လုပ်ပြီးလို့ ရောင်းနေတဲ့ဆိုင်တွေကို ကြိုကြားကြိုကြား တွေ့ခဲ့ရပါတယ်။ လေကြောင်းလိုင်း၊ ဆက်သွယ်ရေး ဖုန်းလိုင်းနဲ့ ကားလမ်းတွေ တိုးတက်ကောင်းမွန်လာတာနဲ့အမျှ ပြည်တွင်းပြည်ပက လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်တွေလည်း အရင်ထက်စာရင် တိုးများလာသလို၊ တည်းနေကြဖြစ်တဲ့ တည်းခိုခန်းကလည်း တိုးချဲ့ဆောက်လုပ်နေတာကို သတိထားမိပါတယ်။ ပူတာအိုရောက်တဲ့ ဧည့်သည်တွေအတွက် စားသောက်ဆိုင်ဆိုလို့ ထဝမ်ရာဇီနဲ့ ခမ်းဆွတ်ကိုသာရှိခဲ့ရာ၊ အခုတော့ ရွေးချယ်စရာ အခြားစားသောက်ဆိုင်တွေလည်း တစ်စတစ်စ တိုးပွားလာတာကို သတိထားမိပါတယ်။

အခုတစ်လော မြစ်ကြီးနား ရောရုပ်ရှင်ရုံမှာ ရုံတင်ပြသနေတဲ့ ထာဝရနှောင်ကြိုး (Now & Ever)ရုပ်ရှင်ဇာတ်ကားကြောင့် လူတွေ ပိုသိလာတဲ့ Malihka Lodge နဲ့ နီးနီးလေးမှာ ရှိပြီး ဟောင်းနွမ်းစပြုလာတဲ့ မုန်လာချီဒီးကြိုးတံတားကို ပြုပြင်နေသလို ကြိုးတံတားပေါ်မှာလည်း လှပစိမ်းစိုးနေတဲ့ သဘာဝတောတောင်တွေနဲ့ ကြည်လင်သန့်ရှင်းနေတဲ့ မုန်လာချောင်းကို ကြည့်ရှုခံစားကာ အမှတ်တရဓါတ်ပုံရိုက်နေကြတဲ့ ခရီးသွားဧည့်သည်တွေကို တွေ့ခဲ့ရပါတယ်။ လွန်ခဲ့တဲ့အချိန်က ဒီကြိုးတံတားဟာ ပူတာအိုနဲ့ မြစ်ကြီးနား ကားလမ်းအတွက် အရေးကြီးတဲ့ ကြိုးတံတားဖြစ်ခဲ့သလို ပူတာအိုရောက်ရင် မသွားမဖြစ် သွားလည်ရတဲ့ လည်ပတ်စရာ နေရာတစ်နေရာလည်း ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ရောက်ခဲ့တုန်းက အတူသွားခဲ့တဲ့ ဆရာနဲ့ကျွန်နော်တို့ ဒီကြိုးတံတားမှာ လာရောက်လည်ပတ်ချိန် တံတားရဲ့ဟိုဘက်ဒီဘက် တံတားထိပ်မှာ တပ်မတော်သားတွေ လုံခြုံရေး





စစ်ဆေးရေးဂိတ် ထိုင်ထားပါတယ်။ ကျွန်နော်တို့ တံတားကို အမှတ်တရဓါတ်ပုံရိုက်ကြတဲ့အချိန် ဂိတ်ထိုင်နေတဲ့ တပ်မတော်သားက "ဟဲဘာဖြစ်လို့ ဓါတ်ပုံရိုက်တာလဲ"လို့ လှမ်းအော်လိုက်တော့ ဆရာက ခင်ဗျားကိုလည်း ရိုက်မယ်ဆိုပြီး ကင်မရာလှည့်ပြခဲ့တာကို သတိရမိပါတယ်။ အခုတော့ ဂိတ်တဲလည်းမရှိ၊ ဘယ်သူမှလည်း မစစ်ဆေးတော့ ကြိုးတံတား လည်း သွားလာရေးအတွက် မဟုတ်တော့ပဲ၊ ခရီးသွားများကို ဆွဲဆောင်နေတဲ့နေရာအဖြစ်သာ ဖြစ်သွားပါပြီ။ မုန်လာရှီးဒီးကြိုးတံတားရဲ့ အောက်နားမှာတော့ ကွန်ကရစ်တံတားအသစ် ဆောက်လုပ်ပြီးစီးထားတာကို တွေ့ခဲ့ရပါတယ်။

# ကြက်တွန်သံကြားရတဲ့မြို့။

မြောက်ဘက်စွန်းဆုံးမြို့ဖြစ်တဲ့ နောင်မွန်မြို့သို့ ဆက်သွားရမှာဖြစ်လို့ အဖြူရောင် NOAHကားရဲ့ နောက်ခန်းမှာ အထုပ်အပိုးတွေတင်လိုက်ပြီး သုံးယောက်သား ကားပေါ်တက်ထိုင်လိုက်ကြတယ်။ ကျွန်နော့်အတွက် နောင်မွန်းခရီးစဉ်လည်း ဒီတစ်ခေါက်ဟာ ပထမဆုံးအကြိမ် မဟုတ်တော့ ပြောင်းလဲမှုအချို့ကို တွေ့ခဲ့ရပါတယ်။

နောင်မွန်းသွားရင် မချမ်းဘော့မြို့အထွက်က နာမည်ကျော်ကျောက်နဂါးဟာ လမ်းနဲ့အနီးနား



မှာပဲဖြစ်နေလို့ မရောက်ဖူးတဲ့ သူငယ်ချင်း နှစ်ယောက်နဲ့ အတူ လမ်းကြုံဝင်ကြည့် ဖြစ်ပါတယ်။ လာရောက်လည်ပတ်တဲ့ အခြား ခရီးသွားသည့်တချို့လည်း ကျောက်နဂါး ကိုနောက်ခံထားပြီး ဓါတ်ပုံရိုက်နေကြတာကို တွေ့ခဲ့ရတယ်။ ကျွန်နော်သူငယ်ချင်း နှစ်ယောက်ကို ဓါတ်ပုံရိုက်ပေးနေချိန်မှာ "နဂိုသဘာဝအတိုင်းထားရင် ပိုကောင်းမှာပဲ"လို့ ခရီးသွားဧည့်သည်တစ်ယောက် ကျောက်နဂါးရဲ့ ဦးခေါင်းနဲ့ကျောကုန်း ပုံပြောင်းပြုလုပ်ထားတာကို ဘဝင်မကျတီးတိုး ပြောလိုက်တဲ့အသံကို ကြား လိုက်ရပါတယ်။

နောင်မွန်းလမ်းတစ်လျှောက်က ချောင်းကူး ကြိုးတံတားတွေဟာ ကွန်ကရစ်တံတားတွေနဲ့ အစားထိုးဆောက်လုပ်ထားတာကို တွေ့ခဲ့ရတယ်။ တချို့ကြိုးတံတားတွေက အသုံးမပြုတော့ပေမဲ့ ရှိနေဆဲဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် နောင်မွန်းကို ပထမသွားခဲ့ချိန်မှာ ကားသွားလို့မရသေးလို့ ကျွန်နော်တို့ ဆိုင်ကယ်နဲ့ ခက်ခက်ခဲခဲ သွားခဲ့ရပါတယ်။

ကဆန်ချောင်းနဲ့ Kyet(ကျက်)ချောင်းဆုံတဲ့ ချောင်းဆုံနေရာဟာ နောင်မွန်းသွားရင် ခရီးတစ်ထောက်မှာ မဝင်မဖြစ်ဝင်ကြည့်ရတဲ့ ရင်သတ်ရှုမောလှပတဲ့ နေရာတစ်နေရာ ဖြစ်ပါတယ်။ ကဆန်ချောင်းဟာ စိမ်းစိုလှပတဲ့ တောင်ပြာတန်းတွေကြားမှာ တည်ငြိမ်အေး ချမ်းစွာ ညင်ညင်သာသာ စီးဆင်းနေပါတယ်။ ချောင်းရဲ့တည်ငြိမ်ညင်သာမှုနဲ့ ကြည်လင် သန့်ရှင်းမှုကြောင့် ချောင်းရေမျက်နှာပြင် ဟာလည်း ဖန်သားတစ်ချပ်လို ကြည်လင် နေပါတယ်။ ပြောမယ်ဆိုရင် ကဆန်ချောင်းဟာ နောင်မွန်းသွားတဲ့ ခရီးသည်တွေရဲ့စိတ်ကို လန်းဆန်းပျော်မြူးစေလို့ မရောက်ခင် ကတည်းက ဧည့်သည်တွေကို ဧည့်ဝတ်ပြုနေပြီး နောင်မွန်းမြို့ကို မရောက်ရောက်အောင် ဆွဲခေါ်နေတဲ့ ကြိုးလေးတစ်မျှင်လို ဖြစ်နေ ပါတယ်။

နောင်မွန်းရောက်တော့ ဒေသခံတိုင်းရင်းသား တွေရဲ့ စကားပြောသံက ကဆန်ချောင်းလိုပဲ ညင်သာလှပြီး သူတို့ရဲ့မျက်နှာသွင်ပြင် အသား အရည် တွေကလည်း ကဆန်ချောင်းလိုပဲ ပြေပြစ်ကြည်လင်လှပါတယ်။ အခုချိန်ထိတော့ နောင်မွန်းမြို့ရဲ့ သဘာဝအလှတွေဟာ ဘာ မှလိမ်းချယ်ပြုပြင်ထားခြင်းမရှိတဲ့ မိန်းမချော တစ်ယောက်ရဲ့ မွေးရာပါအလှလိုပဲ လှပနေဆဲလို့ ခံစားရပါတယ်။ လမ်းမှာ ကားသမားက သူ သောက်ပြီးတဲ့ သောက်ရေသန့်ဗူးတိုင်းကို ကားပြတင်းပေါက်ကနေ ပစ်ချနေတာကို မြင်ရ တော့ သဘာဝအလှတွေကို ဖျက်ဆီးစေမယ့် အမှိုက်လို့ တွေးမိပြီး၊ အမှိုက်စနစ် တကျ မစွန့်ပစ်တတ်တဲ့ ကျွန်နော်တို့နိုင်ငံသားတွေရဲ့ အပြုအမူအကျင့်ဆိုးအတွက် ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိ ခံစားမိပါတယ်။

နောင်မွန်းမြို့မဈေးလို့ ဆိုင်ဘုတ်တင်ထားပေမဲ့ ဈေးထဲဝင်ကြည့်တော့ နွမ်းလျလျကုန်ခြောက်ဆိုင်းခန်းတချို့နဲ့ မည်ကမတ္တတောင်မရှိတဲ့ ကုန်စိမ်းတန်းမှာ လူလေးငါးယောက် ကုန်းစိမ်းဝယ်နေကြပါတယ်။ ကုန်စိမ်းတန်းရဲ့ ဘေးနားမှာတော့ မုန့်လုံးကြော်တစ်မျိုးသာရနိုင်တဲ့ အကြော်ဆိုင်တစ်ဆိုင်ရှိပါတယ်။ ဆုံဆည်းရာဟာ နောင်မွန်းရဲ့ တစ်ခုတည်းသော လက်ဖက်ရည်ဆိုင်ဖြစ်ပါတယ်။ ဒီဆိုင်က အီကြာကွေးလည်း သူ့အရပ်နဲ့သူ့ဒေသအလိုက်တော့ စားကောင်းတယ်လို့ ပြောရမယ်ထင်ပါတယ်။ ဒေသခံတွေပြောပြတာက သူတို့က ဟင်းသီးဟင်းရွက်ဝယ်စားစရာမလို၊ သူတို့ရဲ့လက်တစ်ကမ်းမှာရှိတဲ့ တောတောင်ကြီးတွေက သူတို့အတွက် ဆူပါမားကက်ဖြစ်တယ်တဲ့။ ကဆန်ချောင်းကလည်း ဒေသခံတွေစားဖို့အတွက် ငါးကိုအလုံအလောက် ပေးစွမ်းနိုင်ဆဲ။ တခါတလေ သားငါးရောင်းချင်ရင်တောင် ဈေးမှာသွားရောင်းစရာမလို ရပ်ကွက်ထဲမှာ၊ လယ်ယာလုပ်ငန်းဝင်ချိန်ဆိုရင် လယ်ယာထဲမှာ လှည့်ပတ်ရောင်းလိုက်ရုံနဲ့ ကုန်သွားတယ်တဲ့။ အစိုးရဝန်ထမ်းတွေကလွဲရင် ရဝမ်လူမျိုးခရစ်ယာန်တွေ အများဆုံးနေထိုင်တဲ့မြို့ဖြစ်လို့ တနင်္ဂနွေနေ့ဆိုရင် ဆိုင်ခန်းတွေအကုန်ပိတ်နေတယ်။ ဒီအချက်က ပူတာအိုဈေးနဲ့ နောင်မွန်မြို့ရဲ့ တူညီနေတဲ့အချက် ဖြစ်နေပါတယ်။

လျှပ်စစ်မီးတစ်ည သုံးနာရီသာလင်းတဲ့မြို့မှာ တခါတရံလမ်းမပေါ်ကထွက်လာတဲ့ ဖြူးဖြူးဖြဲဖြဲ ဆိုင်ကယ်အိပ်ဇောသံကလွဲရင် တောင်ပြာတန်းတွေကာရံထားတဲ့ နောင်မွန်းမြို့ဟာ တိတ်ဆိတ်နေတာများပါတယ်။ မနက်အာရုဏ်ဦးအချိန်မှာတော့ ရပ်ကွက်တိုင်းက ကြက်တွန်သံတွေနဲ့ ဆောင်းရာသီရဲ့ လေပြေစိမ့်စိမ့်လေးတွေက အလည်အပတ်ရောက်နေသူတစ်ယောက်ကို လွမ်းသလိုလို ဆွေးသလိုလို ခံစားစေပါတယ်။

## ရွှေလက်ကောက်ပဲဖြစ်ပါစေ။

ပူတာအိုနဲ့ နောင်မွန်းမြို့မှာ လမ်းပန်းဆက်သွယ်ရေးတချို့ တိုးတက်လာပေမဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ လူမှုဘဝတွေ သိသိသာသာ တိုးတက်လာတယ်လို့ ပြောသံဆိုသံတွေ မကြားခဲ့ရ၊ စိုးရိမ်းပူပန်သံတချို့ကိုတော့ ကြားခဲ့ရပါတယ်။ ပူတာအိုနဲ့နောင်မွန်းဒေသဟာ ပြည်တွင်းပြည်ပက ခရီးသွားပြည်သူတွေအတွက် လည်ပတ်စရာကောင်းတဲ့ ဒေသဆိုတာ ငြင်းစရာမရှိ။ ဒါပေမဲ့ လည်ပတ်သူတိုင်းကို ဆွဲဆောင်မှုအပြည့် ပေးစွမ်းနိုင်တဲ့ သဘာဝအလှတရားတွေကိုတော့ အတတ်နိုင်ဆုံး စနစ်တကျ ထိန်းသိမ်းထားနိုင်မှ တချိန်က ဝေးလံခေါင်ဖျားဖြစ်လို့ လူသူအရောက်အပေါက် နည်းတဲ့ ဒေသဟာ တစ်ချိန်ချိန်မှာ ခရီးသွားဧည့်သည်တွေ ပလူပျံနေတဲ့နေရာ ဖြစ်သွားနိုင်ပါတယ်။ အဲဒီလို

ဖြစ်သွားရင် ဝေးလံခေါင်ဖျားတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံ မြောက်ဘက်စွန်းက နောင်မွန်းမြို့ မဟုတ်တော့ပဲ တနိုင်ငံလုံးကိုအကျိုးပြုနိုင်တဲ့ မြောက်ဘက်စွန်းက မီးခိုးမထွက်တဲ့ စက်ရုံ အဖြစ်ပြောင်းလဲ သွားနိုင်တယ်လို့ ယုံကြည် ပါတယ်။

ဒီလိုဖြစ်ဖို့အတွက် အစဉ်တဆက် အတည် တကျ နေထိုင်လာခဲ့တဲ့ ဒေသခံ တိုင်းရင်းသား တွေကို ဥပက္ခာပြုလို့မရ။ သူတို့ရရှိနေတဲ့ သဘာဝအလှတွေနဲ့ ခရီးသွားလုပ်ငန်းမှာ သူတို့ရဲ့ လူမှုစီးပွားရေးအတွက် စိုးရိမ်ပူပန်မှု မရှိပဲ၊ လက်ရှိရရှိနေတဲ့ သဘာဝအလှတွေကို တန်းဖိုးမြင့်အသုံးချတတ်တဲ့ အသိပညာ တွေနဲ့ သူတို့ကိုယ်တိုင် ပါဝင်လုပ်ကိုင်စားသောက်တတ်လာအောင်၊ ရေရှည် အကျိုးကိုမျှော်ကိုးတဲ့ တိုးတက်ဖွံ့ဖြိုးရေးကို လုပ်ဆောင်နိုင်မှ အေးချမ်းကြည်လင်တဲ့ ကဆန်ချောင်းနဲ့ လွမ်းဆွတ်ဖွယ် ကောင်းတဲ့ တောင်ပြာတန်းက တိုင်းရင်းသား လူမျိုးတွေဟာ စိတ်အေး လက် အေးနဲ့ အိပ်စက်နိုင် မယ်ထင်ပါတယ်။ သဘာဝ တရားတွေကို ထိန်းသိမ်းပြီး နိုင်ငံ့ဝင်ငွေ ရှာဖွေခြင်းကလည်း သယံဇာတကို ရောင်းစား ခြင်းတမျိုးလို့ ထင်ပါတယ်။ ဒါပေမဲ့ ဒါဟာသဘာဝ တောတောင်တွေကို ဖျက်ဆီးပြီး ထုတ်ရောင်းရတဲ့ သဘာဝသယံဇာတ ရောင်းစားနည်းနဲ့တော့ ဆန့်ကျင်ဘက်ဖြစ် ပါတယ်။ ဒီရေမြေသဘာဝ တောတောင်တွေကို ထိန်းသိမ်းရေး နဲ့ပတ်သက်လို့ ဒေသခံတစ်ဦး ပြောတဲ့ စကားက ကျွန်နော့်နားမှာ ကြားယောင် နေပါတယ်။

"ရွှေလက်ကောက်ပေးတယ်လို့ထင်နေတာ၊ လက်ထိပ်ကြီး ဖြစ်နေတယ်ဆိုတဲ့ ဟာမျိုးဖြစ်မှာစိုးလို့"



# အရည်ကျဲကျဲ ပညာရေး

ထိကရန်း

2 January 2020

> မိဘတိုင်းက မိမိသားသမီးတွေကို ကျောင်းကောင်းကောင်းမှာ ထားချင်တယ်။ ဒါပေမဲ့ ဘယ်ကျောင်းကကောင်းပြီး ဘယ်ကျောင်းက မကောင်းမှန်းလည်း မသိရပြန်ဘူး။ ကြည့်လိုက် တော့ ထူးထူးခြားခြားပိုကောင်းတဲ့ ကျောင်းဆိုတာ မရှိသလိုပဲ။ အားလုံးက အတူတူတွေ။ မတူတာ ဆိုလို့ ကျောင်းစရိတ်ဘဲရှိတယ်။
>
> ““ ””

အသက်အရွယ်ရလာပြီဆိုရင် ဆင်းရဲချမ်းသာမရွေး လူ့အဖွဲ့အစည်းမှာဝင်ဆန့်ဖို့ ပညာတတ်ဖို့ ဂုဏ်ရှိဖို့ အလုပ်ကောင်းကောင်းရဖို့ စသည့်ရည်ရွယ်ချက်မျိုးစုံဖြင့် ငယ်ငယ်ကတည်းက ငွေကုန်ခံ၊ အချိန်ကုန်ခံ၊ လူပင်ပန်းခံပြီး ကျောင်းသွားကြတယ်။ တစ်နှစ်မက ဆယ်နှစ်ကျော် ကျောင်းမှာအချိန်ဖြုန်းလိုက်တယ်။ တစ်ကယ်တမ်း ကျောင်းပြီးသွားလို့ ဘွဲ့ရချိန်မှာ ပညာတတ်ပြီလို့ပြောဖို့ ခက်တယ်၊ ရှက်တယ်၊ မပြောရဲဘူး။ ဘာဂုဏ်မှလည်းမရှိဘူး။ ရထားတဲ့ဘွဲ့နဲ့ အလုပ်လျှောက်ဖို့လည်း အဆင်မပြေတော့ သင်တန်းတွေလိုက်တက်ရပြန်တယ်။ ဒီလိုနဲ့ ဘယ်မှာမှ သုံးစားလို့မရတဲ့ “ပညာတတ်ဘွဲ့ရ” ဖြစ်လို့လာတယ်။ မိမိကိုယ်ကို အားမရဘူး။ ဘာတွေတတ်မြောက်ထားမှန်းမသိတဲ့ ပညာတတ်ကြီးတွေပေါ့။





အချိန်က ညဆယ်တစ်နာရီအတိ ဧည့်ခန်း TV ရှေ့သားအဖ နှစ်ယောက်ထိုင်နေကြသည်။ နှစ်ယောက်စလုံး မျက်နှာမကောင်း တစ်ယောက်နဲ့တစ်ယောက်စကားမပြော။ သားဖြစ်သူက ဘယ်ကပြန်လာမှန်းမသိ အရက်နံ့ဆေးလိပ်နံ့တွေနဲ့။ ခဏကြာတော့ အဖေဖြစ်သူက သက်ပြင်းတစ်ချက် မှုတ်ပြီး လေသံအေးအေးနဲ့ "ဒီမှာ ငါ့သား လူသားတစ်ယောက်အနေနဲ့ စားဖို့သောက်ဖို့ပဲ အသက်ရှင်နေတယ်ဆိုရင်တော့ နွားတစ်ကောင် ခွေးတစ်ကောင်နဲ့ ဘာမှကွာခြားတာ မဟုတ်ဘူး။ ဘဝကို ဘာရည်ရွယ်ချက်မှမရှိ ဖြစ်သလိုနေ၊ နေသလိုဖြစ်၊ ပုံစံနဲ့ဖြတ်သန်းနေရင် မင်းဟာ သက်ရှိသတ္တဝါတစ်မျိုးသာဖြစ်တယ်။ လူဟုတ် ချင်မှလည်းဟုတ်မယ်"ဆိုပြီး ပြောလိုက်တယ်။

ဦးနော်လာက ဘွဲ့တစ်လုံးရပြီး ဘာအလုပ်အကိုင်မရှိ အိပ်လိုက်စားလိုက် လျှောက်လည်လိုက်နဲ့ အနုပညာရှင်ယောင်ယောင် နိုင်ငံရေးသမားယောင်ယောင် လုပ်နေသော သူ့သား ထွယ်အောင်ကို ဆုံးမနေခြင်းဖြစ်သည်။ သားက ဘာမှပြန်မပြော အဖေစကားပြောနေတာကို ဂရုစိုက်ဟန်လည်းမပြ TV channel တစ်ခုပြီး တစ်ခုပြောင်းလိုက် အသံမြင့်လိုက် နိမ့်လိုက်နဲ့ ဟာ..ဘိုးတော် စောင်းညှော် တယ်ဆိုတဲ့အထာမျိုး လုပ်နေတယ်။ ဦးနော်လာ က "သားဘာဖြစ်ချင်တာလဲ" ဆိုပြီး ဒေါသသံ နည်းနည်းပါအောင် အော်မေးလိုက်တယ်။ သားက အဖေကိုမကြည့်ပဲ မသိဘူးလို့ ပြန်ဖြေ တယ်။

အစကတည်းက ဘာဖြစ်ချင်မှန်းမသိပဲ ကျောင်းတက်လာတာဆိုတော့ ကျောင်းပြီး သွားချိန်မှာလည်း ဘာလုပ်ရမှန်းမသိဘူး။ ဆယ်နှစ်ကျော် ကျောင်းသားဘဲ လုပ်နေခဲ့ တာကြောင့် ဘာအလုပ်မှ လက်ကြောတင်းအောင် မလုပ်တတ်ပြန်ဘူး။ ယောင်လည်လည်နဲ့ ဘဝရည်းမှန်းချက်ဆိုတာလည်းမရှိ၊ ဘာဖြစ်ချင် မှန်းလည်း မသိ၊ ဘယ်ကိုသွားနေမှန်း လည်းမသိ၊ ဘာမှမသိတဲ့ လူဖြစ်လို့လာတယ်။ ဘာဖြစ်ချင်မှန်း မသိတော့ ဘာလုပ်ရမယ်မှန်းလည်းမသိ၊ ဘာလုပ်ရမှန်းမသိလို့ ဘာမှမလုပ်ဘဲနေတယ်။ ဘာမှမလုပ်တဲ့ လူတစ်ယောက်ရဲ့ဘဝမှာ ဘာမှဖြစ်လာစရာမရှိဘူး။ ဒီလိုနဲ့ မြို့၊ ရွာတွေမှာ ယောင်လည်လည်ဖြစ်နေတဲ့ လူငယ်တွေက ဘဝပင်လယ်ကမ်းစပ်မှာ အမှိုက်တွေအဖြစ်နဲ့ ပုံလို့လာတယ်။

အတန်းနဲ့အသက်သာကြီးလာတယ်၊ အသိပညာ အသိတရားတွေက မူကြိုအဆင့်မှာ ကျန်နေခဲ့တယ်။ လောက ဇာတ်ခုံပေါ် ခုန်တက်လိုက်မှ ကိုယ့်ကိုယ်ကို ဘာမှမသိမှန်း မတတ်မှန်း ပို၍ပေါ်လွင်လို့လာတယ်။ လူတောတိုးဖို့ အရည်အချင်းမရှိတော့ သစ်တောထဲ ရောက်သွားတဲ့လူတွေလည်း မနည်းဘူး။ ကျောင်းမှာအလိုလိုနေရင်း တတ်မြောက်လာတဲ့ ပညာတစ်ခုက အချင်းချင်းနှိုင်းယှဉ်ခြင်း ဖြစ်တယ်။ သူများနဲ့ နှိုင်းပြီး ကိုယ့်ကိုယ်ကို အထင်သေးတဲ့လူ၊

ယုံကြည်မှုအားနည်းတဲ့လူတွေ များလာတယ်။ မိမိထက်သာသူကို ဖွတ်အထင်ကြီး အတင်းဝင်ရော ကပ်ဖားယက်ဖား လုပ်တတ်သွားတယ်။ မိမိထက်ညံ့သူများကို အထင်သေး တတ်လာတယ်။

တစ်ဖက်မှာ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို အဓိကထားလာကြတဲ့ခေတ်ဖြစ်တယ်။ လူတွေရဲ့ ပညာတတ်နှုန်းကိုလည်း ကျောင်းအရေအတွက် ကျောင်းအဆောက်အဦး စာသင်ခန်းအပြင်အဆင်တွေနဲ့ ဘွဲ့ရအရေအတွက် တွေပေါ်မူတည်ပြီး တိုင်းတာနေကြတယ်။ ဥပမာ ဆေး ရုံ ဘ ယ်ေ လာ က်ေ ဆာ က် ထား ထား လူတွေက နေမကောင်းဖြစ်နေရင် အဲတာက ကျန်းမာရေး ဆိုးရွားတာ ဖြစ်တယ်။ ဒီလိုဘဲ ကျောင်းအရေအတွက် အဆောက်အဦး ဘယ်လောက် များများ၊ ဘွဲ့ရဦးရေ ဘယ်လောက်များများ၊ ဘွဲ့သာရပြီး ဘွဲ့ရတစ်ယောက်မှာ ရှိသင့်တဲ့ အတွေးအခေါ်၊ အယူအဆ အသိအမြင်ရှိတဲ့လူတွေနည်းနေသ၍တော့ ဘယ်လိုမှ ပညာရေးဖွံ့ဖြိုး တိုးတက်မှုရှိပြီလို့ မဆိုနိုင်ဘူး။

အခုခေတ်ကျောင်းတွေက တော်ပြီးရိုင်းတဲ့ ကျောင်းသူကျောင်းသားတွေကို မွေးထုတ်ပေးနေတယ်။ ကလေးတစ်ယောက် သင်ခန်းစာကို ကြည့်လိုက်တော့ ဘာသာရေးအဆုံးအမတွေ မပါသလောက်ဖြစ်နေတာတွေ့ရတယ်။ ကျောင်းပြီးသွားချိန်မှာ ကလေးတွေက လူတော်ဖြစ်လာပေမဲ့ လူကောင်းတော့ ဖြစ်မလာကြဘူး။ လူတစ်ယောက်က မိုးပျံအောင် တော်နေပါစေ လူကောင်းမဟုတ်ရင် ကြောက်ဖို့ကောင်းတယ်။ ဘယ်သူတွေပဲ နာကြင်ပါစေ ခံစားရပါစေ သူတို့လိုချင်တာရဖို့ ဘာမဆိုလုပ်ရဲတယ်။ မကောင်းတဲ့လူတစ်ယောက်ကို လူ့အဖွဲ့အစည်းမှာ ဘယ်သူမှနေရာပေးဖို့ မပေးရဲဘူး။ လူက မတော်ရင်တောင် ကောင်းနေရင် သူ့ကိုသုံးစားလို့ရတဲ့ နေရာရှိတယ်။ လူတော်လူကောင်းတွေ ရှားပါးလို့လာတယ်။

ကျောင်းသူကျောင်းသားတွေဆိုတာ ဆရာ၊ ဆရာမတွေရဲ့ ပုံရိပ်အရိပ်တွေဖြစ်တယ်။ ဒါကြောင့် ကလေးတွေရဲ့ တော်ခြင်း၊ ညံ့ခြင်း၊ ဆိုးခြင်း၊ ကောင်းခြင်း၊ ဖျင်းခြင်း၊ ပျင်းခြင်း အားလုံးက သူတို့ကို သင်ကြားပေးတဲ့ ဆရာ၊ ဆရာမတွေနဲ့ ဆက်နွယ်နေမယ်ဆိုတာ ငြင်းလို့မရတဲ့အချက်ဖြစ်တယ်။ ကျောင်းသားတွေ သုံးစားမရဖြစ်လာခြင်းဟာ သင်ကြားပို့ချသူတွေမှာလည်း အားနည်းချက်ပေါင်းများစွာ ရှိနေကြောင်းကို ထင်ဟပ်ပြသခြင်းဖြစ်တယ်။ ဥပမာ အင်္ဂလိပ်စာသင်တဲ့ ဆရာမတစ်ယောက်က မိမိကိုယ်တိုင် အင်္ဂလိပ်စကားမပြောနိုင်တာ၊ အခြေခံအင်္ဂလိပ်သဒ္ဒါမရတာတွေရှိတယ်။

ပညာရှာရတာ ပျော်စရာမကောင်းဘူး။ ကလေးတွေ ကျောင်းမှာမပျော်ဘူး။ အိမ်၊ ကျောင်း၊

ကျူရှင်၊ ညဂိုက် စသည့် သံတရာထဲမှာ လည်ပတ်နေရတယ်။ စာတော်သူများကိုသာ မြောက်စား ဦးစားပေးတဲ့ ဆရာဆရာမတွေကြောင့် လူမှုဆက်ဆံရေး၊ အားကစား၊ အနုပညာ၊ လက်မှုပညာ စသည့်တစ်ခြားခြားသော နယ်ပယ်မှာ ထူးချွန်သောကလေးတွေကို အဖက်သိပ်မလုပ်ခံရဘူး။ ရလဒ်အနေနဲ့ ဒီလိုကျောင်းသူ ကျောင်းသားတွေက ကျောင်းပြေးတတ်လာတယ်။ ကျောင်းပြေးခြင်းနဲ့ ဆက်နွယ်နေသော ဂိမ်းကစားခြင်း အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းများနှင့် တစ်ခြားမကောင်းသောအရာများစွာနဲ့ အကျွမ်းတစ်ဝင်ဖြစ်လာကြတယ်။ တစ်ချို့က ငယ်ငယ်ရွယ်ရွယ်နဲ့ ကျောင်းထွက်လိုက်ရတဲ့ အထိဖြစ်လာတယ်။

မဆိုင်းအိန်က စတ္တုတန်းကျောင်းသူ တစ်ယောက်ဖြစ်တယ်။ တစ်ခြားအတန်းဖော်တွေနဲ့နှိုင်းယှဉ်ရင် လူကသေးသေးညှပ်ညှပ်လေး။ အတန်းစာနဲ့ပတ်သက်ပြီး ညံ့တဲ့အဖွဲ့မှာလည်းမဟုတ် တော်တဲ့အဖွဲ့မှာလည်းမပါ အသင့်အသင့်ဖြစ်တယ်။ ဒါပေမဲ့ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကျင်းပတော့ မိတာတစ်ထောင်အပြေးပြိုင်ပွဲမှာ ပြိုင်ဖက်အားလုံးကို ပက်ပက်စက်စက် နောက်ကောက်ချပြီး အနိုင်ယူပြလိုက်တယ်။ မြို့နယ်ကိုယ်စားပြုပြီး ပြည်နယ်အဆင့်ထိ တက်ပြိုင်ခဲ့တယ်။ ဒီလိုစွမ်းဆောင်မှုတွေ ထူးချွန်မှုတွေအတွက် သူမရခဲ့တာ ဆုတံဆိပ်အနည်းငယ်နဲ့ လက်ခုပ်သံတစ်ချို့ အပြင်...။

ပြိုင်ပွဲမှာ စိတ်ရောက်နေတာကြောင့် စိတ်နစ်ထားတာကြောင့် ကလေးကစာဖက်မှာ အာရုံမစိုက်နိုင်ဘူး ဖြစ်သွားတယ်။ စာမေးပွဲဖြေတော့ နစ်ဘာသာပဲအောင်တယ်။ ဒီလိုဖြစ်တော့ သူကရှက်ပြီး ကျောင်းမသွားဘဲ အိမ်မှာ နေနေတယ်။ မနည်းဝိုင်းပြော ဝိုင်းချော့မှ ကျောင်းပြန်သွားရဲတယ်။ တစ်ခြားကိစ္စတွေမှာ ဘယ်လောက်ထူးချွန်နေပါစေ စာညံ့ရင် ရှက်ဖို့ကောင်းတယ်ဆိုတဲ့အတွေးတွေက ကလေးတွေကြားမှာ ပျံ့နှံ့နေတဲ့ ကြောက်စရာ ကပ်ရောဂါတစ်ခုဖြစ်လို့နေတယ်။ စာတော်ရမယ် စာတော်ရမယ် စာတော်မှ မျက်နှာရမယ် ဦးစားပေးခံရမယ် ဂုဏ်ရှိမယ် ဆိုတဲ့ အဆိပ်ပါသော အတွေးတွေက ကလေးပေါင်းများစွာရဲ့ တစ်ခြားသောပင်ကိုယ်အစွမ်း အရည်အချင်းများကို အေးခဲသွားစေတယ်။

လုပ်ဖော်ကိုင်ဖက်တစ်ယောက်ကို သူ့ကလေးတစ်ယောက် မူကြိုပြီးပြီဆိုတော့ ဘယ်ကျောင်းထားမလဲလို့ မေးဖြစ်တယ်။ ဒီကိစ္စနဲ့ပတ်တက်ပြီး စိတ်ဒုက္ခ တော်တော်ရောက်ရကြောင်းပြောတယ်။ အစိုးရကျောင်းထားမယ်ဆိုတော့ အလွတ်ကျက်ပညာရေးကိုကြောက်ရတယ်။ ပုဂ္ဂလိကကျောင်းပို့တော့ မတရား ဈေးကြီး နေပြန်တယ်။ ငွေကြေးကမတတ်နိုင်။ Myu Sha Jawng ခေါ် အသင်းတော်အခြေပြု ကျောင်းတွေလည်း

မယ်မယ်ရရ အာမခံချက် ကမရှိပြန်။ ကလေးကို ဘယ်ကျောင်းပို့ရ မှန်းတောင် မသိတော့ဘူးလို့ စိတ်ပျက်လက်ပျက် ငြီးပြတယ်။

မိဘတိုင်းက မိမိသားသမီးတွေကို ကျောင်းကောင်းကောင်းမှာ ထားချင်တယ်။ ဒါပေမဲ့ ဘယ်ကျောင်းကကောင်းပြီး ဘယ်ကျောင်းက မကောင်းမှန်းလည်း မသိရပြန်ဘူး။ ကြည့်လိုက်တော့ ထူးထူးခြားခြားပိုကောင်းတဲ့ ကျောင်းဆိုတာ မရှိသလိုပဲ။ အားလုံးက အတူတူတွေ။ မတူတာဆိုလို့ ကျောင်းစရိတ်ဘဲရှိတယ်။ တစ်ချို့ မိဘတွေက ဈေးကြီးရင် ကျောင်းကောင်းလို့ ထင်ကြတယ်။ ဈေးကြီးပြီး ညံ့နေတဲ့ကျောင်းတွေ ကလည်း အများကြီးပါ။ နောက်ဆုံး ရှင်းရှင်းနဲ့ ဘွင်ဘွင် ပြောရမယ်ဆိုရင် ကျောင်းဆိုတာ ကလေးတွေ အိမ်ထောင်ပြုချိန်မတန်သေးလို့ အချိန်သွားဖြုန်းတဲ့ နေရာတစ်ခုလိုဖြစ်နေတယ်။ ဒီလိုဖြစ်ချင်တိုင်းဖြစ်နေတဲ့ ပညာရေးအခြေအနေတွေကြောင့် မိဘတွေအနေနဲ့ ကလေးတွေ ကျောင်းတက်ဖို့ အရွယ်ရောက်လာရင် ဘယ်ကျောင်း ထားရမလဲဆိုတာ စိတ်အိုက်ရတယ်။

ဒီကျောင်းတွေသွားပြီး မိမိသားသမီးတွေ ဘာမှ တတ်လာမှာ မဟုတ်ဘူး ဆိုတာသိတယ်။ သိလည်းပဲ တစ်ခြားရွေးစရာမှမရှိတဲ့အဆုံး ကျောင်းတက်ရမည့်အရွယ်ဆို တစ်ကျောင်း ကျောင်းကို ပို့ရပြန်တယ်။ အင်မတန် နမြောစရာ ကောင်းတာက နမြောသင့်တာက ကျောင်းသား ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အချိန်တော်တော် ပေးလိုက်ရတယ်။ ဘဝအတွက် အရေးကြီးသော အခြားခြားသော အရာပေါင်းမြောက်များစွာကို လေ့လာဖို့ ပျက်ကွက်သွားတတ်တယ်။ မိဘတွေ အနေနဲ့ မိမိသားသမီးတွေကို ကျောင်းစာ၊ အတန်းပညာသာမက ဘဝအတွက် အရေးကြီး သော လူမှုဆက်ဆံရေး၊ စီးပွားရေး၊ ဘာသာရေး၊ ကျန်းမာရေး စတဲ့တစ်ခြားတစ်ခြားသောအရာတွေမှာလည်း အားပေးဖို့ သင်ပေးဖို့ ကြိုးစား သင့်တယ်လို့ မှတ်ချက်ပြုရင်း နိဂုံးချုပ်ပါရစေ။ စစ်တမ်းရလဒ်အပေါ် ခြုံငုံသုံးသပ်ချက်။








## NLD ပါတီ ဦးဆောင်သော အစိုးရ၏စွမ်းဆောင်နိုင်မှုအပေါ် ကချင်ပြည်နယ်ပြည်သူများ၏သဘောထား စစ်တမ်းရလဒ်

# Public Survey Report

# NLD ပါတီ ဦးဆောင်သော အစိုးရ၏ စွမ်းဆောင်နိုင်မှု အပေါ် ပြည်နယ်ပြည်သူများ ၏ သဘောထား

## စစ်တမ်းရလဒ်

စစ်တမ်း၏ရည်ရွယ်ချက်။

ကချင်ပြည်နယ်အစိုးရ၏ စွမ်းဆောင်ရည်အပေါ် ပြည်သူလူထု၏ သဘောထားအမြင်များ သိရှိနိုင်ရန်။

(( ))

စစ်တမ်းတွေ့ရှိချက်ရလဒ်အရ ပြည်သူလူထုသည် NLDပါတီဦးဆောင်သော လက်ရှိ (ကချင် ပြည်နယ်) အစိုးရကို ယခင်အစိုးရထက် ထင်ထင် ရှားရှား သဘောကျနှစ်သက်မှုရှိနေပြီး လက်ရှိ အစိုးရသည် ကချင်ပြည်နယ်ကို ပိုပြီးတိုးတက်လာအောင်လုပ်ဆောင်နိုင်ခဲ့သည်ဟု ပြည်သူများက သိသိသာသာ အမှတ်ပေးထား သည်။ လက်ရှိအစိုးရလက်ထက်၌လည်း အစိုးရရုံးဝန်ထမ်းများမှ တရားမဝင်ငွေ တောင်း ခြင်းများ ရှိနေသေးသော်လည်း ပြည်သူများက လက်ရှိအစိုးရသည် ယခင်အစိုးရထက် ပိုပြီးပွင့်လင်းမြင်သာမှုရှိသည်ဟု အမှတ်ပေးကြသည်။ အစိုးရ၏လုပ်ဆောင်ချက်များမှ လမ်းတံတား ဆက်သွယ်ရေး စသည့် ပြည်နယ်၏ အခြေခံဖွံ့ ဖြိုးရေးကဏ္ဍ၊ ကျန်းမာရေးနှင့် ပညာရေး ကဏ္ဍများကို အကောင်အထည်ဖော်မှု များသည် ပြည်သူများမှ အားရကျေနပ်မှု အရှိဆုံးကဏ္ဍများ အဖြစ် တွေ့ရှိရပါသည်။ သို့သော် တရားဥပဒေ စိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် စစ်ဘေးရှောင် ဒုက္ခသည်အရေးများအား ဆောင်ရွက်ချက်များသည် ပြည်သူများ၏ အားရကျေနပ်မှုမရှိဆုံးကဏ္ဍများအဖြစ် တွေ့ရှိရပါသည်။

လက်ရှိအစိုးရသည် ရွေးကောက်ပွဲ ကတိကဝတ် များကို ၅၀%နီးပါး အကောင်အထည်ဖော် ဆောင်နိုင်ခဲ့ပြီဟု ပြည်သူများက အမှတ်ပေးကြ သည်ဟု သုံးသပ်နိုင်ပြီး အစိုးရအပေါ် နှစ်သက်မှု လျော့ကျလာနေသည့်အချက်များ လည်း တွေ့ရှိရပါသည်။

ခြုံငုံသုံးသပ်ကြည့်လျှင် ပြည်သူလူထုသည် လက်ရှိအစိုးရ၏စွမ်းဆောင်နိုင်မှု အပေါ် အားရကျေနပ်နှစ်သက်မှု လျော့လာသည့် အရိပ်အမြွက်များကို သုံးသပ်တွေ့ရှိရ သော်လည်း ယခင်အစိုးရနှင့် နှိုင်းယှဉ်လျှင် လက်ရှိအစိုးရကို ပြည်သူများက ပိုမိုသဘောကျ နှစ်သက်မှုသည် မြင့်မားနေဆဲ ဖြစ်ပါသည်။

## စစ်တမ်းတွေ့ရှိချက်ရလဒ်များ။

- ပုံ (၁) လက်ရှိအစိုးရကို နှစ်သက်မှု
- ပုံ (၂) လက်ရှိအစိုးရမှ ရွေးကောက်ပွဲကတိကဝတ်များ
- ပုံ (၃) လက်ရှိကချင်ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်
- ပုံ (၄) တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေး ဝါးတားဆီးနှိမ်နင်းရေးနှင့် စစ်ဘေးဒုက္ခသည် အရေး
- ပုံ (၅) လက်ရှိအစိုးရသက်တမ်းအတွင်းအစိုးရဌာနဆိုင်ရာရုံးဝန်ထမ်းများမှ တရားမဝင်ငွေ တောင်းခံခြင်း
- ပုံ (၆) အရင်သမ္မတဦးသိန်းစိန်အစိုးရထက် လက်ရှိအစိုးရ
- ပုံ (၇) လက်ရှိအစိုးရကို အရင်အစိုးရထက် ပိုပြီးသဘောကျ
- ပုံ (၈) လက်ရှိအစိုးရက အရင်အစိုးရထက် ကချင်ပြည်နယ်ကို ပိုပြီးတိုးတက်လာအောင် လုပ်ဆောင်ခြင်း

၁. လက်ရှိအစိုးရကို နှစ်သက်မှုလျော့လာဟု ဖြေဆိုသူများက ပိုမိုနှစ်သက် လာဟု ဖြေဆိုသူများထက် အနည်းငယ်များနေပြီး၊ အစိုးရအပေါ် ဘာခံစားချက်မှမရှိဟု ဖြေဆိုသူများက အများဆုံးဖြစ်ပါသည်။

၂. လက်ရှိအစိုးရမှ ရွေးကောက်ပွဲကတိကဝတ်များကို ၂၅-၅၀% တာဝန်ယူဖော်ဆောင်ပြီးကြောင်း ဖြေဆိုသူများက အများဆုံး ဖြစ်ပြီး၊ ၀-၂၅% သာဖော်ဆောင်ပြီးသေးကြောင်း ဖြေဆိုသူများက ဒုတိယအများဆုံးဖြစ်ပါသည်။ ၅၀-၇၅% ဖော်ဆောင်ပြီးဖြစ်ကြောင်း ဖြေဆိုသူ

များနှင့် မည်သည့်ရာခိုင်နှုန်းအထိ ဖော်ဆောင်ပြီး ကြောင်းမသိပါဟု ဖြေဆိုသူများ၏ အရေအတွက်မှာ တူညီနေသည်။

၃. လက်ရှိကချင်ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များထဲမှ ပြည်နယ်၏အခြေခံ အဆောက်အဦး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ (လမ်း၊ တံတား၊ ရေ၊ မီး၊ ဆက်သွယ်ရေးကွန်ရက်)၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အကောင်အထည်ဖော်ဆောင်မှုများသည် ဖြေဆိုသူများ၏ အားရကျေနပ်မှု အရှိဆုံးကဏ္ဍများ ဖြစ်ပါသည်။

၄. တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် စစ်ဘေးဒုက္ခသည် အရေးများသည် ဖြေဆိုသူများမှ အစိုးရအပေါ် အားရကျေနပ်မှု မရှိဆုံးကဏ္ဍများဖြစ်ပြီး တရုတ်သစ်သျှူးငှက်ပျောစိုက်ခင်းကိစ္စကို အားရကျေနပ်မှုမရှိသည့် အရေအတွက်လည်း စတုတ္ထအများဆုံးအဖြစ် ထင်သာမြင်သာရှိပါသည်။

၅. လက်ရှိအစိုးရသက်တမ်းအတွင်းအစိုးရဌာနဆိုင်ရာရုံးဝန်ထမ်းများမှ တရားမဝင်ငွေတောင်းခံခြင်းကို ကြုံခဲ့ဖူးသည်ဟု ဖြေဆိုသူများမှာ အများဆုံးဖြစ်ပြီး မကြုံဖူးဟုဖြေဆိုသူဦးရေထက် (၂၂)ဦးပိုနေပါသည်။


၆. အရင်သမ္မတဦးသိန်းစိန်အစိုးရထက် လက်ရှိအစိုးရသည် ပိုပြီးပွင့်လင်းမြင်သာမှုရှိသည်ဟု ဖြေဆိုသူအရေအတွက်နှင့် အရင်အစိုးရနဲ့လက်ရှိအစိုးရအတူတူဖြစ်သည်ဟု ဖြေဆိုသူအရေအတွက်သည် သိသိသာသာများနေသည်။ သို့သော်လည်း လက်ရှိအစိုးရက ပိုပြီးပွင့်လင်းမြင်သာမှုရှိသည်ဟု ဖြေဆိုသူဦးရေသည် အရင်အစိုးရနဲ့လက်ရှိအစိုးရအတူတူ ဖြစ်ကြောင်း ဖြေဆိုသူဦးရေထက် (၆၈)ဦး ပိုများပါသည်။

၇. လက်ရှိအစိုးရကို အရင်အစိုးရထက် ပိုပြီးသဘောကျသည်ဟု ဖြေဆိုသူများက သိသိသာသာအများဆုံးဖြစ်နေပြီး အရင်အစိုးရကို သဘောကျသည်ဟု ဖြေဆိုသူအရေအတွက်မှာ အနည်းဆုံးဖြစ်သည်။ အရင်အစိုးရနှင့် လက်ရှိ အစိုးရ နှစ်ရပ်စလုံးကို သဘောမကျကြောင်း ဖြေဆိုသူအရေအတွက်မှာ ဒုတိယအများဆုံးဖြစ် ပါသည်။

၈. လက်ရှိအစိုးရက အရင်အစိုးရထက် ကချင်ပြည်နယ်ကို ပိုပြီးတိုးတက်လာအောင် လုပ်ဆောင်နိုင်ခဲ့သည်ဟု ဖြေဆိုသူအရေအတွက် သိသာထင်ရှားအများဆုံးဖြစ်ပြီး၊ အရင်အစိုးရနှင့် လက်ရှိအစိုးရ ကွာခြားမှုမရှိဟု ဖြေသူအရေအတွက်လည်း ဒုတိယနေရာ၌ ထင်သာမြင်သာဖြစ်နေသည်။

## ကချင်ပြည်နယ်အစိုးရအပေါ်ပြည်သူအချို့၏သဘောထားစစ်တမ်း ရလဒ်


. (၃)နှစ်ကျော်အတွင်း လက်ရှိကချင်ပြည်နယ်အစိုးရအပေါ် ဘယ်လိုသဘောထားပြောင်းလဲမှုတွေ ရှိလာသလဲ။




ပုံ ၁

Source: Kachinwaves • ဖြေဆိုသူ စုစုပေါင်း ၄၇၈ ယောက်


ရွေးကောက်ပွဲကတိကဝတ်တွေကို လက်ရှိအစိုးရက ဘယ်လောက်အထိ တာဝန်ယူဖော်ဆောင်ပြီးပြီလို့ ထင်သလဲ။




ပုံ ၂

Source: Kachinwaves • ဖြေဆိုသူ စုစုပေါင်း ၄၈၀ယောက်


- အောက်တွင် ဖော်ပြထားသော ဘယ်ကဏ္ဍတွေကို အားရကျေနပ်ပါသလဲ။




Source: Kachinwaves • ဖြေဆိုသူစုစုပေါင်း ၄၉၆ယောက်

ပုံ ၃


လက်ရှိအစိုးရသက်တမ်းအတွင်း အစိုးရဌာနဆိုင်ရာရုံးဝန်ထမ်းများမှ တရားမဝင်ငွေတောင်းခံတာကြုံခဲ့ဖူးသလား။




Source: Kachinwaves • ဖြေဆိုသူစုစုပေါင်း ၄၇၉ ယောက်

ပုံ ၄


- အောက်တွင် ဖော်ပြထားသော ဘယ်ကဏ္ဍတွေကို အားရကျေနပ်မှုမရှိတာလဲ။




ပုံ ၅

Source: Kachinwaves • ဖြေဆိုသူစုစုပေါင်း ၄၃၆ ယောက်


အရင်သမ္မတဦးသိန်းစိန်အစိုးရနဲ့ လက်ရှိအစိုးရ ဘယ်အစိုးရကို ပိုပြီးသဘောကျသလဲ။




ပုံ ၆

Source: Kachinwaves • ဖြေဆိုသူစုစုပေါင်း ၄၇၂ ယောက်


အရင်သမ္မတဦးသိန်းစိန်အစိုးရနဲ့ လက်ရှိအစိုးရ ဘယ်အစိုးရက ပိုပြီးပွင့်လင်းမြင်သာမှုရှိသလဲ။




Kachinwaves • ဖြေဆိုသူစုစုပေါင်း ၄၉၇ ယောက်

ပုံ ၇

အရင်သမ္မတဦးသိန်းစိန်အစိုးရနဲ့ လက်ရှိအစိုးရ ဘယ်အစိုးရက ကချင်ပြည်နယ်ကို ပိုပြီးတိုးတက်လာအောင် လုပ်ဆောင်နိုင်ခဲ့တယ်လို့ ထင်သလဲ။




Source: Kachinwaves • ဖြေဆိုသူစုစုပေါင်း ၄၉၂ ယောက်

ပုံ ၈

## စစ်တမ်းကောက်ယူသည့်နည်းစနစ်။

Kachin Waves မှ စနစ်တကျကြိုတင်ပြင်ဆင်ထားသော စစ်တမ်းမေးခွန်းလွှာ (Questionnaire)ဖြင့် မြို့နယ်(၁၈)မြို့နယ်မှ ပြည်သူ(၅၈၈) ခန့်၏ သဘောထားစစ်တမ်းကို ကောက်ယူခဲ့ပါသည်။ ဗန်းမော်၊ ချီဖွေ၊ တနိုင်း၊ ဖားကန့်၊ မချမ်းဘော့၊ မိုးကောင်း၊ မိုးညှင်း၊ မြစ်ကြီးနား၊ ပူတာအိုနှင့် ဆွမ်ပရာဘွမ်မြို့နယ်များမှ ပြည်သူအချို့၏အမြင်သဘောထားများကို စစ်တမ်းကောက်ယူခဲ့ပါသည်။ ဤစစ်တမ်းကို Kachin Waves ဝန်ထမ်းများမှ ၂၀၁၉ ဇွန်လိုင်လ ဒုတိယပတ်မှ နိုဝင်ဘာလဒုတိယပတ်အတွင်း ကောက်ယူရရှိခဲ့ပါသည်။ စစ်တမ်းမေးခွန်းလွှာကို ဖြေဆိုမည့်သူများသည် နိုင်ငံရေးပါတီတစ်ခုခု၏ ပါတီဝင်မဟုတ်သူများနှင့် ၂၀၁၅ ရွေးကောက်ပွဲတွင် မဲထည့်ခွင့်ရရှိသူများမှ ၎င်းတို့၏ လွတ်လပ်သည့်ဆန္ဒအလျောက် ပါဝင်ဖြေဆို နိုင်ရန် အလေးထားဆောင်ရွက်ခဲ့ပါသည်။

စစ်တမ်းမေးခွန်းလွှာ၌ မေးခွန်း(၇)ခုပါရှိပြီး မေးခွန်းတစ်ခုစီတိုင်းတွင် ရွေးချယ်စရာ အဖြေများပေးထား၍ ဖြေဆိုသူမှ ရွေးချယ်လို သော အဖြေကိုသာရွေးချယ်ရသည့် မေးခွန်းပုံစံ မျိုးဖြစ်ပါသည်။ ၎င်းစစ်တမ်းမေးခွန်းလွှာ၌ ပါရှိသော မေးခွန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

1. (၃)နှစ်ကျော်အတွင်း လက်ရှိကချင်ပြည်နယ်အစိုးရအပေါ် ဘယ်လိုသဘောထားပြောင်းလဲမှုတွေ ရှိလာသလဲ။
2. ရွေးကောက်ပွဲကတိကဝတ်တွေကို လက်ရှိအစိုးရက ဘယ်လောက်အထိ တာဝန်ယူဖော်ဆောင်ပြီးပြီလို့ ထင်သလဲ။
3. လက်ရှိကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ လုပ်ဆောင်ချက်များထဲမှ သင်အားရကျေနပ်မှုရှိတဲ့ကဏ္ဍနဲ့ အားရကျေနပ်မှု မရှိတဲ့ကဏ္ဍများကို ရွေးပေးပါ။

(3.1) ဖော်ပြထားသော ဘယ်ကဏ္ဍတွေကို အားရကျေနပ်ပါသလဲ။ ကျေနပ်မှုအရှိဆုံး (၃)ခုကိုရွေးပါ။ (3.2) ဖော်ပြထားသော ဘယ်ကဏ္ဍတွေကို အားရကျေနပ်မှု မရှိတာလဲ။ ကျေနပ်မှုမရှိဆုံး (၃)ခုကိုရွေးပါ။

4. လက်ရှိအစိုးရသက်တမ်းအတွင်း အစိုးရဌာနဆိုင်ရာရုံးဝန်ထမ်းများမှ တရားမဝင်ငွေတောင်းခံတာ ကြုံခဲ့ဖူးသလား။
5. အရင်သမ္မတဦးသိန်းစိန်အစိုးရနဲ့ လက်ရှိအစိုးရ ဘယ်အစိုးရက ပိုပြီးပွင့်လင်းမြင်သာမှုရှိသလဲ။
6. အရင်သမ္မတဦးသိန်းစိန်အစိုးရနဲ့ လက်ရှိအစိုးရ ဘယ်အစိုးရကို ပိုပြီးသဘောကျသလဲ။
7. အရင်သမ္မတဦးသိန်းစိန်အစိုးရနဲ့ လက်ရှိအစိုးရ ဘယ်အစိုးရက ကချင်ပြည်နယ်ကို ပိုပြီးတိုးတက်လာအောင်လုပ်ဆောင်နိုင်ခဲ့တယ်လို့ ထင်သလဲ။

မေးခွန်း နံပါတ်(၁)ကိုဖြေဆိုသူ ၄၇၈ယောက်၊ နံပါတ်(၂)ကို ဖြေဆိုသူ ၄၈၀ယောက်၊ နံပါတ် (၃)ကို ဖြေဆိုသူ ၄၉၆ယောက်၊ နံပါတ်(၄)ကိုဖြေဆိုသူ ၄၇၉ယောက်၊ နံပါတ်(၅)ကိုဖြေဆိုသူ ၄၉၇ယောက်၊ နံပါတ်(၆)ကိုဖြေဆိုသူ ၄၇၂ယောက်နှင့် နံပါတ်(၇)မေးခွန်းကိုဖြေဆိုသူ၄၉၂ယောက် ရှိပါသည်။

ဖြေဆိုသူများ၏ လွတ်လပ်သည့်ဆန္ဒအလျောက် စစ်တမ်း၌ပါဝင်ဖြေဆိုခြင်းဖြစ်၍ ဖြေဆိုသူများသည် အချို့မေးခွန်းများကို ဖြေဆိုရန်ချန်လပ်ထားသောကြောင့် မေးခွန်းတစ်ခုချင်းစီအလိုက် စုစုပေါင်းဖြေဆိုသူဦးရေ မတူညီခြင်းဖြစ်ပါသည်။

(( ))

## The Results of Public Opinion Survey on the Effectiveness of NLD Led Government's Performance

### Purpose

To learn the public opinions toward Kachin State Government's performance

### Discussion

According to the findings, the public greatly admired NLD led Kachin State government compared to the former government. The public graded highly that the current government had advanced Kachin state. Under the current government ruling, the government staff still demanded money under the table. However, the public graded that the current government was more transparent than the previous government.

The public were highly satisfied with the improvement of the state's basic development sectors such as roads, bridges, and transportation as well as health and education among all the state governments' performance. On the other hand, the public showed the least satisfaction with the government's performance in three sectors; Rule of Law, antidrug, and IDPs.

According to the public rating, some regarded that the current government accomplished about 50% of campaign promises while some showed less admiration toward the government.
To sum up, the public hinted that they gradually admired less toward the current government's performance, nonetheless; they still regarded it highly compared to the former government.

### Findings

1. There were slightly more respondents who answered "they gradually admired less toward the government" than who answered "they gradually admired more". The respondents who answered they had "No definite impression"

were the biggest number, though.

2. For the government's accomplishment on the campaign promises, the respondents who believed the government already fulfilled 25-50% of the lists were the biggest number, and the respondents who answered the government fulfilled 0-25% were the second biggest number while the respondents who answered 50-75% and the respondents who answered "No Idea" were the same number.

3. Among all the Kachin State government's performance, the respondents were most satisfied with the development of hard infrastructure around Kachin State (roads, bridges, water, electricity, and communication network), the improvement on health and education sector.

4. The respondents were least satisfied with the performance on Rule of Law, Antidrug, and IDPs. The significant number of respondents who felt dissatisfaction with Chinese Tissue Banana Plantation was at the fourth place.

5. During the current ruling government term, most respondents answered they had experience having been asked to give money illegally by government staff. There were 22 people more in the responses with experience about corruption than the respondents with no experience about "giving bribe".

6. The number of respondents for both responses "the current government was more transparent than the previous U Thein Sein government" and "the current government and the previous government were the same" was significantly high. However, there were 60 more respondents who gave the former response than the latter.

7. Remarkably, the number of respondents said they admired the current government than the previous government. On the contrary, the least number of respondents said they admired the previous government more than the current one. The second largest number of respondents expressed they admired neither one.

8. The significant number of respondents answered that the current government succeeded in improving Kachin State more than the previous one. The second place was followed by the respondents who answered "the current and the previous are not different".

## Methodology

A set of well-prepared Questionnaire by Kachin Waves was used to conduct the public survey from around 500 participants in 10 townships. The public opinions from Bahmo, Chipwi, Tanai, Phakant, Machanbaw, Mohnyin, Mogaung, Putao, and Sumprabum were collected. This survey was conducted by Kachin Waves staff from the second week of July to the second week of November, 2019. The respondents were not members of any political party, but they had the right to vote in 2015 election. It was assure that the participation in the survey was voluntary.

There were 7 questions in the questionnaire. Each question had answers in multiple choice format. The respondents had to choose the answers. The questions in the questionnaire are as follow.

1) During these 3 years, how have your opinions on the current Kachin State government changed?

2) How much has the current government accomplished the campaign promises?

3) Among all the Kachin State government's performance, in which sectors are you most satisfied with and least satisfied with?

   3.1 From the given sectors, which are you satisfied with? Choose 3 most you are satisfied with.

   3.2 From the given sectors, which are you least satisfied with? Choose 3 least you are satisfied with.

4) Under this current government ruling, have you been asked money illegally by the government staff?

5) Which government is more transparent, the former U Thein Sein government or the current government?

6) Which government do you admire more, the former U Thein Sein government or the current government?

7) In your opinion, which government has done more to develop Kachin State, the former U Thein Sein government or the current government?

*No 1 question had 478 respondents. No 2 question had 480 respondents. No 3 question had 496 respondents. No 4 question had 479 respondents. No 5 question had 497 respondents. No 6 question had 472 respondents. No 7 question had 492 respondents.*

*The number of respondents on each question varied as the participation was voluntary, the participants skipped the questions they did not want to answer.*

# Kachin Waves သတင်း ကောက်နုတ်ချက်များ



**January .10.16.22. 29.30**

**February .5.6.7.11. 12.26**

**March .4.6.7.14.20.. 25.28. 29**

**April. 2. 5.17.22.26**

**May 14.17.22.23**

**June 5.8.10.11 .17.18.19.22. 25. 27.28**

**July .2.4.5.10. 14. 22 .23.26**

**Agust.6.9.16. 19.21.27 .31**

**September.2.6.9. 13.16.18. 27**

**October. 8.11.22.25.**

**November.14.15.27**

**December 2,9.10. 16.19**

(( ))

## January 10 (( ))

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ကျရောက်တဲ့ (၇၁) ကြိမ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနား သို့တက်ရောက်ခဲ့သည်။ ပြည်သူအားလုံး လိုလားသည့် စစ်မှန်သောဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်လာစေရန် နိုင်ငံတော်အစိုးရသာမက ပြည်သူအားလုံးက ဝိုင်းဝန်းကြိုးစားသွားရန် လိုမည်ဖြစ်ပြီး အစိုးရတစ်ခုတည်းကိုပဲ အားကိုးခြင်းသည် ဒီမိုကရေစီ မဆန်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

"ဦးဆောင်မှုပေးတဲ့သူတွေဟာ ကိုယ့်ကိုယ်ဦးဆောင်မှုပေးတဲ့လူတွေရဲ့ ကိုယ့်ရဲ့သစ္စာတရားပေါ်မှာ ယုံကြည်အောင်လို့ လုပ်နိုင်ရမယ်။ စကားတည်ရမယ်။ ကိုယ်လုပ်ပေးမယ်လို့ ပြောတဲ့ကိစ္စတွေကို ဖြစ်မြောက်အောင်လုပ်ပေးရမယ်။ သူ့အချိန်နဲ့သူ့အချိန် မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးရမယ်။ ဒါကြောင့် ကျွန်မတို့ ပြည်ထောင်စုသားအားလုံးဟာ တစ်နည်းအားဖြင့် လူတိုင်းဟာ ခေါင်းဆောင်ပဲဖြစ်တယ်။ လူတိုင်းဟာနောက်လိုက်လည်းဖြစ်တယ်။ နောက်လိုက်လုပ်ရ

တဲ့အချိန်မှာ နောက်လိုက် လုပ်ရတယ်။”ဟု ဒေါ်အောင်ဆန်း စုကြည် ပြောကြားခဲ့သည်။

## January 16

ကချင်ပြည်နယ် ဖားကန့်ဒေသထွက် သိန်းထောင်ချီ တန်ဖိုးရှိ ကျောက်စိမ်း တုံး ကို (၇၁) နှစ်မြောက်ကချင်ပြည်နယ်နေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် မြစ်ကြီးနားမြို့ လေဆိပ်ရှေ့၌ ဇန်နဂါရီလ (၁၆)ရက် နံနက်ပိုင်းတွင် စိုက်ထူလိုက်ပါသည်။

ကျောက်စိမ်းလုပ်ငန်းရှင်ကြီး ဘန်လွန်ဒူဝါ ဒေါက်တာဘွမ်ယွန်မှ ကျောက်စိမ်းထွက်ရှိရာ ကချင်ပြည်နယ်နှင့် ကချင်ပြည်နယ်သားများ ဂုဏ်ယူနိုင်အောင် ကျောက်စိမ်းအလှူပေးရခြင်းဖြစ်သည်။

## January 22

ကချင်ဝန်ကြီးသုံးဦး၏ တာဝန်နှင့်ပတ်သက်ပြီး သမ္မတရုံးထုတ်ပြန်ချက်

ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦး H လအောင်ကို တာဝန်မှရပ်စဲလိုက်ပြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းနှင့် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်တို့နှစ်ဦးအား သဘောဆန္ဒအလျောက်တာဝန်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးက ဇန်နဝါရီလ ၂၁ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာ လိုက်ပါတယ်။

ကချင်ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညွှန်ကြားချက်ကြောင့် ဟုဆိုကာ အဆိုပါဝန်ကြီးသုံးဦးကို နုတ်ထွက်စာတင်ကြရန်အတွက် ခေါ်ယူပြောဆိုခဲ့တာဖြစ်ပါတယ်။

အဆိုပါဝန်ကြီးသုံးဦးကတော့ ဘာကြောင့်ယခုလို နုတ်ထွက်စာတင်ခိုင်းရတယ်ဆိုတာကို မသိရှိရကြောင်း သတင်းမီဒီယာများကို ဖြေကြားထားပါတယ်။

## January 29

ဝန်ကြီးဌာန ပြင်ဆင်တိုးချဲ့ဖွဲ့စည်းရေးအဆိုရှုံးနိမ့်၊ ဝန်ကြီးအသစ်များ အတည်ပြုခန့်အပ်ရေး ဆက်လက်ဆွေးနွေးရန်ရှိ။

ဝန်ကြီးဌာနအသစ်တစ်ခု ဖွဲ့စည်းသွားရန် နိုင်ငံတော်သမ္မတမှ အကြောင်းကြားလာမှုကို ဇန်နဝါရီလ ၂၉ရက်နေ့တွင် ကျင်းပသည့် ကချင်ပြည်နယ်လွှတ်တော်၌ မဲခွဲဆုံးဖြတ်ခဲ့ရာ ကန့်ကွက်မဲများခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးနှင့်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့်၊ လျှပ်စစ်နှင့် စက်မှုလက်မှု

ဝန်ကြီးဌာနဆိုပြီး တိုးချဲ့ဖွဲ့စည်းသွားရန် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲပေးခြင်းဖြင့် ဆုံးဖြတ်ခဲ့ရာ၊ ထောက်ခံမဲ ၁၈ မဲ၊ ကန့်ကွက်မဲ ၂၈ မဲဖြင့် အဆိုရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

**January 30**

Miss Ethnic Myanmar 2019 ဆုကို ကချင်တိုင်းရင်းသူ M Ja Seng ရရှိ

ရန်ကုန်မြို့ ကျိုက္ကဆံကွင်းမှာကျင်းပတဲ့ "သွေးချင်းတို့ရဲ့ပွဲတော်" Miss Ethnic Myanmar 2019 ပြိုင်ပွဲမှာ Winner ဆုကို ကချင်တိုင်းရင်းသူ M Ja Seng ရရှိသွားတာဖြစ်ပါတယ်။

First runner up ဆုကို ကယန်းတိုင်းရင်းသူ Ann Grace ကရရှိခဲ့ပြီး Second runner up ဆုကို ချင်းတိုင်းရင်းသူ Sabina Lal Rem Ruat ရရှိခဲ့ပါတယ်။

**January 30**

မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ် မိုင်းနားကက်သလစ်အသင်းတော် IDPစခန်းမှ နမ်ဆန်ယာန် စစ်ဘေးဒုက္ခသည်အချို့ ယနေ့ နေရပ်ပြန်။ ယနေ့နေရပ်ပြန်သည့် ရွာသားများသည် မြစ်ကြီးနားနှင့် ဗန်းမော်ကားလမ်းမပေါ် ရှိ နမ်ဆန်ယာန်ကျေးရွာမှ (၇)နှစ်ကျော် စစ်ဘေးရှောင်ခဲ့ကြရသော ဒုက္ခသည်ရွာသားများဖြစ်သည်။

**January 30**

ကချင်ပြည်နယ်ဝန်ကြီးချုပ် တင်သွင်းလာသောလစ်လပ် ဝန်ကြီးနေရာများတွင် ခန့်အပ် တာဝန်ပေးအပ်ရန် အဆိုပြုလာသည့် ပြည်နယ်ဝန်ကြီးသုံးဦး၏ အမည်စာရင်းများကို ပြည်နယ်လွှတ်တော်မှ ကန့်ကွက်သူမရှိ သဘောတူကြောင်း ကြေညာခဲ့သည်။

အဆိုပြုလာသည့် ပြည်နယ်ဝန်ကြီးသုံးဦးမှာ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအဖြစ် မိုးညှင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ဦးကျော်ကျော်ဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဖြစ် ဖားကန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ဦးဒါရှီလဆိုင်းနှင့် စည်ပင်သာယာရေးဝန်ကြီးအဖြစ် ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ဦးနော်လီ တို့ဖြစ်ကြသည်။

ယခင်ဝန်ကြီးများဖြစ်သည့် ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦး H လအောင်ကို တာဝန်မှ ရပ်စဲလိုက်ပြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းနှင့် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်တို့နှစ်ဦးအား သဘောဆန္ဒအလျောက်တာဝန်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးက ဇန်နဝါရီလ ၂၁ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

## February 5

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)မှ သိက္ခာတော်ရဆရာတော်နှင့်သင်းအုပ်ဆရာများ၊ ကက်သလစ်ဆရာတော်နှင့် Fathers များ(၈)ပါးတို့သည် ယနေ့နံနက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ တွေ့ဆုံခဲ့သည်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး NCA အမြန်ထိုးပြီး လက်နက်ကိုင်ခြင်းကို ရုတ်သိမ်းရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောခဲ့သည်ဟု Rev. ဖောင်ယောင်တူးမိုင်က ဆိုသည်။

"ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ NCA နဲ့ပတ်သက်ပြီးလည်း သူထည့်ပြောသွားတယ်။ NCA လက်မှတ် အမြန်ထိုးပြီး အဆုံးသတ်မှာတော့ လက်နက်ကိုင်တာကို ရုတ်သိမ်းလိုက်ရမယ်လို့" ပြောခဲ့သည်ဟု ၎င်းကဆိုသည်။

## February 6

မိုးညှင်းမြို့တွင် ပြည်သူ့ရင်ပြင်တည်ဆောက်ရန် လွှတ်တော်ကအတည်ပြု

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးက မိုးညှင်းမြို့ အောင်သပြေရပ်ကွက်အတွင်းရှိ (၂၃) ကေရှိ၊ အစိုးရနည်းပညာကောလိပ်ကျောင်းအနီးမှ မြေကွက်လပ်တွင် ပြည်သူ့ရင်ပြင်တည်ဆောက်ပေးရန် အစိုးရကို တိုက်တွန်းသည့် အဆိုကို ဖေဖော်ဝါရီ ၆ ရက်နေ့ကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ မဲခွဲဆုံးဖြတ်အတည်ပြုလိုက်သည်။

## February 7

မြစ်ကြီးနားလူထု တစ်သောင်းခန့် ပါဝင်ကာ ဧရာဝတီမြစ်ဆုံမြစ်ညာမြစ်ဝှမ်း၊ ရေကာတာစီမံကိန်းများအပြီးအပိုင်ဖျက်သိမ်းရေးလူထုဆန္ဒဖော်ထုတ်ပွဲကို ဖေဖော်ဝါရီ ၇ ရက်နေ့က မြစ်ကြီးနားမြို့တွင်ကျင်းပခဲ့သည်။

ဆန္ဒထုတ်ဖော်ရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ဦးဆောင်သူတစ်ဦးဖြစ်သူ ဦးနော်အောင်က "လွန်ခဲ့တဲ့ဒီဇင်ဘာ (၂၉) မှာ တရုတ်သံအမတ် ကချင်ပြည်နယ်ကိုရောက်ရှိတဲ့အချိန် ကချင်လူကြီးခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်၊ နောက်ပြီး ၂၀၁၉ ဇန်နဝါရီ (၁၃)မှာ တရုတ်သံအမတ်ကနေ ထုတ်ပြန်ကြေညာချက် မြစ်ဆုံရေကာတာနဲ့ပတ်သက်ပြီးပြုလုပ်တဲ့အချိန်မှာ ကချင်ပြည်နယ်သူပြည်နယ်သားများဟာ ကန့်ကွက်ခြင်းမရှိဆိုတဲ့ဟာ ပါလာတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ ကချင်ပြည်နယ်သူပြည်နယ်သား ပြည်ထောင်စုမြန်မာနိုင်ငံသားများကို သက်သက်မဲ့စိန်ခေါ်သလိုဖြစ်သွားခဲ့တယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့ စည်းလုံးညီညွတ်စွာ တိုင်းသူပြည်သား ကချင်ပြည်နယ်သူ ပြည်နယ်သား

အားလုံး လူမျိုးမရွေး ဘာသာမရွေး ဂိုဏ်းပေါင်းစုံ ယုံကြည်မှုမတူညီကွဲပြားပေမယ့်လည်း မြစ်ဆုံ စီမံကိန်း ပြုလုပ်ဖို့ ကျွန်တော်တို့ရဲ့ ဘုံရန်သူကို စည်းစည်းလုံးလုံးနဲ့ သိုက်သိုက် ဝန်းဝန်းနဲ့ ခုခံတားဆီးနိုင်ဖို့ရန် ကျွန်တော်တို့ လူထုဆန္ဒ ထုတ်ဖော် ချီတက်ပွဲပြုလုပ်ခြင်းဖြစ်တယ်" ဟု စီတာပူမနော်ဝင်းမှ လမ်းလျှောက်ချီ တက်ခြင်း မစတင်မီ ပြောကြားခဲ့သည်။

## February 11

မြစ်ဆုံရေကာတာစီမံကိန်းဖျက်သိမ်းရေးဆန္ဒ ထုတ်ဖော်ပွဲ ဦးဆောင်သူဒေါ်ဂျာခေါန်အား ငြိမ်းစုစီဥပဒေပုဒ်မ (၂၀)ဖြင့် တရားစွဲထားသည့် အမှုကို ယနေ့ မြစ်ကြီးနားမြို့ မြို့နယ်တရားရုံးမှ ငွေဒဏ် တစ်သောင်းအမိန့်ချခဲ့သည်။

"ပြည်သူလူထုအားလုံးရဲ့အကျိုး နိုင်ငံရဲ့ အကျိုးကိုလုပ်ကြတယ်၊ ငြိမ်းစုစီဆိုတာ နေ့တိုင်း လုပ်တဲ့အလုပ်လည်း မဟုတ်ဘူး၊ ကျွန်မအနေနဲ့ လုပ်တဲ့အခါမှာ မသိနားမလည်မှုတွေလည်း ရှိသွားတယ်၊ ခေါင်းပတ်ဆိုရင်လည်း အဓိပ္ပါယ် ချင်းကတူနေတော့ တရားစွဲမယ်လို့ မထင်ထား ဘူး၊ ဆုတောင်းပွဲဆိုရင်လည်း ခရစ်ယာန်တွေက အမြဲတမ်းလုပ်တယ်၊ အစိုးရ ဝန်ထမ်းတွေလည်း ဒါကိုငဲ့ညှာပေးနိုင်ရင်တော့ပိုကောင်းပါတယ် "ဟု ဒေါ်ဂျာခေါန်က ဆိုသည်။

## February 12

(၇၂) နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်း အမှတ်အဖြစ် အများပြည်သူ ကြည့်ရှုနိုင်သည့် နေရာတွင် ဒုတိယမြောက် တန်ချိန် ၉.၃၇ ရှိ သိန်းထောင်ကျော်တန် ကျောက်စိမ်းတုံးတစ်လုံး ကို မြစ်ကြီးနားမြို့ ဆမားလမ်းနှင့် ဆွမ်ပရာဘွမ် လမ်းဆုံ၌ ဖေဖော်ဝါရီလ ၁၂ နေ့က စိုက်ထူ ခဲ့သည်။

## February 26

မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက် နှစ်ဦးကို ခေါ်ဆောင်ကာ ခြိမ်းခြောက်ရိုက် နက်ခဲ့သည့် သခင်စစ် သတ္တုတူးဖော်ရေးကု မ္ပဏီအားအမှုဖွင့်တရားစွဲခဲ့သည်။

ဂျာနယ်တွင်ပါရှိတဲ့သတင်းတစ်ပုဒ်နှင့်ပတ် သက် ပြီးပြောဆိုဆွေးနွေးရန်အတွက်ဟုဆို ကာ မြစ်ကြီးနားသတင်း ဂျာနယ်ရုံးမှ ဝိုင်း မော်မြို့ရှိကုမ္ပဏီရုံးခန်းသို့ခေါ်ယူခဲ့ပြီး နောက် အမျိုးသမီးသတင်းထောက်မွန်းမွန်းပန်ကို ခြိမ်းခြောက်ပြောဆိုကာ ဂျာနယ်ဖြင့်ပါးရိုက်ပြီး အမျိုးသားသတင်းထောက် အဂျေ ကိုတော့ ထိုင်ထ အကြိမ်တစ်သိန်းလုပ်ရန် ခြိမ်းခြောက် စေခိုင်းခဲ့ကြောင်း မွန်းမွန်းပန်ကပြောသည်။

## March 4

မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ခံ၊ ဒေသခံများနေထိုင်သည့် မလိယန်ကျေးရွာရွာထိပ်တွင် ဓါတုပစ္စည်းများသုံးကာ တရားမဝင် ကျောက်ရွှေတူးဖော်နေကြောင်း သတင်းရရှိသည်။

အဆိုပါရွှေတူးဖော်သူများသည် ကျေးရွာအပေါ်ပိုင်းရှိ ဒေသခံများအသုံးပြုနေသည့် ချောင်းရေကို အသုံးပြုကာ တူးဖော်နေခြင်းဖြစ်ကြောင်း မလိယန်ဒေသခံတစ်ဦးက ဆိုသည်။

"ဓါတုပစ္စည်းတွေ သုံးပြီးတူးနေတယ်။ ဒီဓါတုပစ္စည်းတွေက ကျွန်တော်တို့ ရွာလယ်ကနေဖြတ်လာတဲ့ ဒေသခံတွေအသုံးပြုနေတဲ့ ချောင်းရေထဲကျလာမယ်။ ကျွန်တော်တို့ ဒီတစ်ရွာလုံးက ဒီရေကိုအသုံးပြုတာများတယ်။ ရေချိုးတယ်။ သုံးတယ်။ ကျွဲ၊ နွားတွေလည်း ဒီရေပဲသောက်တာ။"ဟု မလိယန်ဒေသခံတစ်ဦးကဆိုသည်။

## March 6

ကချင်ပြည်နယ်တွင် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကျောင်းသူကျောင်းသား စုစုပေါင်း ၃၈၁၅၅ ဦးရှိခဲ့သည်။

## March 6

ဝိုင်းမော်မြို့နယ်နှင့် မိုးမောက်မြို့နယ်တွင် တစ်သျှုးငှက်ပျောများ စိုက်ပျိုးနေခြင်းကြောင့် တိရိစ္ဆာန်များသေဆုံးခြင်း ကျေးရွာဘုံမြေများပျောက်ဆုံးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများရှိနေကြောင်း ဒေသခံများကဆိုသည်။

ငှက်ပျောခြံများကြောင့် ပြည်သူများ ကြုံတွေ့နေရသော ပြဿနာများနှင့် ပြည်သူများ၏ နစ်နာမှုများကို ဝိုင်းမော်မြို့နယ်နှင့် မိုးမောက်မြို့နယ်မှ တောင်သူများက ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မန္တလေးကျောင်းတိုက် ဘုန်းကြီးကျောင်းတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါသည်။

## March 7

ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ မလိုက်နာမှုများနှင့် မူးယစ်ဆေးဝါးနှင့် အခြားတရားမဝင်လုပ်ငန်းများတွင် အသုံးပြုနေခြင်းများကို ထိန်းချုပ်ရန်အတွက်ဟုဆိုကာ မြစ်ကြီးနားမြို့နယ်အတွင်းရှိ လိုင်စင်မဲ့မော်တော်ယာဉ်များ စာရင်းကိုကောက်ယူရန် ညွှန်ကြားထားကြောင်း ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးရုံးများမှ သတင်းရရှိသည်။

## March 14

KIO ဌာနချုပ်ရှိရာလိုင်ဇာမြို့အနီးရှိ တရုတ်ပြည်ဘက်ခြမ်း အင်ခွမ်ယာန်ကျေးရွာတွင် ယင်ကျန်းခရိုင် ကချင်စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့

မှ ဦးစီး၍ ပထမဆုံးအကြိမ်အဖြစ် ကချင်ရိုးရာ မနောင်ပွဲတော်ကို မတ်လ၁၂ရက်နေ့မှ ၁၄ရက်နေ့ အထိ ကျင်းပနေသည်။

## March 20

ပြည်ထောင်စုအဆင့်အရပ်ဖက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်မှာ စာတမ်းသုံးစောင် ပြုစုနိုင်ခဲ့ဟုဆို

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်းမှာ မတ်လ(၂၀) ရက်နေ့အထိ သုံးရက်ကျင်းပသော တတိယအကြိမ် ပြည်ထောင်စုအဆင့် အရပ်ဖက် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် (UCCPF) တွင် သဘာဝပတ်ဝန်းကျင်၊ ဖက်ဒရယ်မူဝါဒနှင့် မြေယာမူဝါဒ ဆိုင်ရာစာတမ်းများကို အောင်မြင်စွာ ပြုစုနိုင်ခဲ့ကြောင်း အဆိုပါဖိုရမ် ဖြစ် မြောက်ရေး ကော်မတီက သတင်းစာရှင်း လင်းခဲ့သည်။

## March 25

သခင်စစ်ကုမ္ပဏီမှ မြစ်ကြီးနားဂျာနယ်အား တရားစွဲဆိုထားသည့်အမှုကို ဧပြီလတွင် စတင်စစ်ဆေးမည်

သခင်စစ်ကုမ္ပဏီမှ မြစ်ကြီးနားသတင်းဂျာနယ် အား အသရေဖျက်မှုဖြင့်တရားစွဲဆိုထားသည့်အမှုကို ယနေ့ ဝိုင်းမော်မြို့နယ် တရားရုံးတွင် မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးပြုလုပ်ခဲ့ပြီး လာမည့် ဧပြီလ ၈ ရက်နေ့တွင် တရားလိုကို စတင်စစ်ဆေးတော့မည့်ဖြစ်ကြောင်း တရားစွဲခံရ သည့်ဂျာနယ်ဘက်မှ ရှေ့နေဦးတင်ထွန်းသိန်းက ပြောသည်။

"ဒီနေ့က စစ်ဆေးတာမဟုတ်ဘူး မှုခင်းစီမံခန့်ခွဲမှု အရလုပ်တာဖြစ်တယ်၊ နှစ်ဖက်ကျေအေးဖို့ ရှိလား မရှိဘူးလား၊ ဦးဒိန်းဆောင်ဘက်ကလည်း ကျေအေးဖို့မရှိဘူး၊ ရုပ်သိမ်းဖို့လည်းမရှိဘူး၊ တရားစွဲခံထားရတဲ့ ဂျာနယ်ဘက်ကလည်း မရှိပါဘူးပေါ့၊ ဘယ်သက်သေကို ဘယ်နေ့မှာ စစ်မယ်ပေါ့နော် နောက်တစ်ပတ်မှာ အစည်း အဝေးနောက်တစ်ကြိမ်ပြန်လုပ်မယ်၊ ၈ ရက်နေ့ ကျရင်တော့ ဦးဒိန်းဆောင်ကို စစစ်ပါမယ်" ဟု၎င်းကဆိုသည်။

ယခုအမှုမှာ တရားလိုဖြစ်သည့် ဦးဒိန်ဆောင်နှင့် ၎င်း၏ရှေ့နေတို့က အမှုနှင့်ပတ်သက်ပြီး မီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့ ခြင်းမရှိပေ။

## March 28

အန္တရာယ်ဖြစ်စေသည့် ပစ္စည်းများပါဝင်မှု ရှိမရှိ၊ မြစ်ကြီးနားဈေးရှိ စားသောက်ကုန်များအား FDA မှ Mobile Lap Van ဖြင့် ပထမဆုံး အကြိမ်စစ်ဆေး

မြစ်ကြီးနားဈေးရှိ ငါးပိ၊ ငါးခြောက်၊ ဝက်အူချောင်း စသည့် စားသောက်ကုန်များ အမျိုးအစား

(၂၄)မျိုး အား ကချင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) မှ သွားရောက်စစ်ဆေးရာ အန္တရာယ်ဖြစ်စေသည့် ပစ္စည်းများ သုံးစွဲထားခြင်းမျိုး မတွေ့ရှိရကြောင်း သတင်းရရှိသည်။

FDA မှ ဈေးအတွင်းရှိ ဆော့ချဉ်၊ မျှစ်ချဉ်၊ မုန်ညှင်းချဉ်၊ ပဲပြား၊ ခေါက်ဆွဲဖတ်၊ ကွမ်းသီး၊ ငါးပိ၊ ငါးခြောက်၊ လက်ဖက်နှင့် ဂက်အူချောင်းများအား နမူနာဂယ်ယူပြီး Moblie Lap Van ဖြင့် စစ်ဆေးခဲ့ခြင်းဖြစ်သည်။ အက်ဆစ်၊ ဆိုးဆေးများနှင့် ကြာရှည်ခံဆေးများ သုံးစွဲခြင်းရှိမရှိသာ အဓိက စစ်ဆေးခြင်းဖြစ်သည်။

## March 28

မြစ်ဆုံရေကာတာစီမံကိန်းကို ကန့်ကွက်ကြောင်း မြန်မာနိုင်ငံကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းက သဘောထားထုတ်ပြန်

ရောဝတီမြစ်ခေါ် မေခနှင့်မလိခ မြစ်ဆုံမြစ်ညာဒေသတွင် ရေကာတာတည်ဆောက်မည့်စီမံကိန်းကို မြန်မာနိုင်ငံကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းမှ ကန့်ကွက်ကြောင်းကို မတ်လ(၂၈)ရက် ယနေ့ရက်စွဲဖြင့် သဘောထားထုတ်ပြန်ထားသည်။

အဆိုပါသဘောထားထုတ်ပြန်ချက်တွင် ကျွမ်းကျင်ပညာရှင်များ၏ ဆောက်လုပ်ရန်မသင့်ကြောင်း ထောက်ပြဝေဖန်ချက်များ၊ လူမှုရေးအဖွဲ့များမှ သုတေသနပြုချက်အရ အန္တရာယ်ရှိကြောင်းထောက်ပြချက်များ၊ ယဉ်ကျေးမှု အမွေအနှစ်၊ ဇီဝမျိုးရိုးဗီဇများ ပျက်စီးပျောက်ကွယ်လာနိုင်ခြင်း စသဖြင့် အချက်ကိုးချက်ပါဝင်ကာ သဘောထား ထုတ်ပြန်ထားသည်။

တရုတ်သံအမတ် ကချင်ပြည်နယ်သို့လာရောက်ခဲ့ပြီး ၂၀၁၉ ဇန်နဝါရီ ၁၃ ရက်နေ့တွင်ထုတ်ပြန်သော စာတွင် မြစ်ဆုံရေကာတာစီမံကိန်းကို ကချင်ပြည်နယ်သူပြည်နယ်သားများက ကန့်ကွက်ခြင်းမရှိဆိုသည့်အချက် ပါဝင်ခဲ့ပြီးနောက် ပြည်သူများနှင့် အဖွဲ့အစည်းအသီးသီးမှ မြစ်ဆုံစီမံကိန်းကို ကန့်ကွက်ဆန္ဒထုတ်ဖော်မှုများ သဘောထားထုတ်ပြန်မှုများ ပြန်လည်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

## March 29

ပိတ်မိပြည်သူလွတ်မြောက်ရေး ဦးဆောင်သူ ဒေါ်နန်ပူအား ပြစ်ဒဏ် ၂ လ လျှော့ပေး

ပိတ်မိပြည်သူလွတ်မြောက်ရေး ဆန္ဒထုတ်ဖော်ခဲ့သည့် ကချင်လူငယ်သပိတ်စခန်းခေါင်းဆောင် ဒေါ်နန်ပူကို ပြစ်ဒဏ် ၂လ ပေါ့လျှော့ပေးရန် ပြည်နယ်တရားလွှတ်တော်ရုံးမှ ယနေ့ ပြန်လည်ပြောင်းလဲ အမိန့်ချလိုက်သည်။

ဦးလွမ်းဇောင်းနှင့်ဦးဇော်ဂျတ်တို့က နဂိုအမိန့်အတိုင်း ပြန်လည် အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။ ၂၀၁၉ ဇန်နဝါရီလတွင် ၎င်းတို့သုံးဦး၏ ပြစ်ဒဏ်အားပြည်နယ်ကို ပြင်ဆင်မှုလျှောက်ထားမှုကို ပြည်နယ်တရားလွှတ်တော်ရုံးက အခုလိုဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

## April 2

ကချင်ပန်းချီဆရာများ၏ ပန်းချီပြပွဲ မနောင်ကွင်းတွင် ပြသခဲ့

ကချင်ပြည်နယ်မှ ပန်းချီဆရာ(၁၀) ယောက်၏ ပန်းချီကား ၁၅၀ ခန့်ကို ယနေ့ဧပြီလ ၂ ရက်မှ ၅ ရက်နေ့အထိ မနောင်ကွင်းမဂ္ဂျယ်ခန်းမတွင် ပြသခဲ့သည်။

ကချင်အနုပညာရှင်များ အသင်းချုပ်၏ ပန်းချီဆပ်ကော်မတီမှ ပထမဆုံးအကြိမ် ကျင်းပသည့် ပန်းချီပြပွဲလည်းဖြစ်သည်။

"အနုပညာလုပ်တဲ့သူတွေအားလုံးက အနုပညာလုပ်ငန်းမှာ လက်တွေ့ပိုပြီး လုပ်ဆောင်နိုင်ရန် အခွင့်အရေးတွေရလာအောင် ရည်ရွယ်တာပေါ့။ အခုက ရိုးရာနဲ့ကချင်လူမျိုးတွေရဲ့ နေထိုင်မှုဘဝကတွေကို ပုံဖော်ထားတာများတယ်။ ပုံကြိုက်တဲ့သူတွေက ပန်းချီးဆရာတွေနဲ့ညှိနှိုင်းပြီး ဝယ်ယူလို့ရတယ်။"ဟု ယခုပန်းချီပြပွဲ တာဝန်ခံ ကချင်အနုပညာရှင်များ အသင်းချုပ်၏ ဒုတိယဥက္ကဌ ဦးမိတုန်တန်နောင်ကဆိုသည်။

ယခုလိုပန်းချီပြပွဲအား နောက်နောင်တွင်လည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆိုသည်။

## April 5

ပိတ်မိပြည်သူလွတ်မြောက်ရေး ဦးဆောင်သူ ဒေါ်နန်ပူ လွတ်ပြီ

ထောင်ဒဏ် (၄)လ ပြည့်ပြီဖြစ်သည့်အတွက် ပိတ်မိပြည်သူလွတ်မြောက်ရေး ဆန္ဒထုတ်ဖော်ခဲ့သည့် ကချင်လူငယ်သပိတ်စခန်းခေါင်းဆောင် ဒေါ်နန်ပူသည် ဧပြီလ ၅ နေ့နံနက်ပိုင်းတွင် မြစ်ကြီးနား အကျဉ်းထောင်မှ လွတ်မြောက်လာပြီဖြစ်သည်။

သူနှင့်အတူ ထောင်ဒဏ် ကျခံခဲ့သူ ဦးဇော်ဂျတ်နှင့် ဦးလွမ်းဇောင်းတို့ဟာ ထောင်ဒဏ်နစ်လ ကျန်ရှိနေသေးသည့်အတွက် ယနေ့ လွတ်မြောက်လာခြင်းမရှိသေးပါ။

"ကျွန်မတို့မျှော်လင့်တာက အပြစ်မရှိဘူးဆိုပြီး လွတ်ပေးဖို့ပါ။ ဒါပေမဲ့ ကချင်ပြည်နယ် တရားရုံးကို ကျွန်မတို့အမှုတွဲကို အယူခံတင် လိုက်တဲ့ဟာကို ကချင်ပြည်နယ်တရားရုံးကနေ ကျွန်မတို့ကို အပြစ်မရှိဘူးဆိုပြီး လွတ်ပေးဖို့ကို မျှော်လင့်ပေမဲ့ ကျွန်မတို့ကို အပြစ်ရှိတယ်ဆိုပြီး ပလပ်လိုက်တဲ့ သဘောရှိတဲ့အတွက် ကျွန်မရဲ့ ခံစားချက်က လွတ်လာတဲ့အတွက်ကြောင့် ပျော်ရွှင်နေပယ်မယ့် ကျွန်မတို့က အခက်အခဲတွေ ဖိနှိပ်ချုပ်ချယ်မှုတွေထဲမှာ ဆက်ပြီးတော့ ရှိနေတယ်။ မတရားမှုတွေက ကျွန်မတို့မှာ ဆက်ပြီးမှ ညစ်ပတ်နေသေးတယ် ခံစားနေရ ပါတယ်။"ဟု ယနေ့လွတ်မြောက်လာသူ ဒေါ်နန်ပူကဆိုသည်။

## April 17

လွတ်ငြိမ်း သက်သာခွင့်ဖြင့် မြစ်ကြီးနား အကျဉ်းထောင်မှ အကျဉ်းသူအကျဉ်းသားပေါင်း ၇၀၀ ကျော်လွတ်

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်အမိန့်ဖြင့် မြစ်ကြီးနားအကျဉ်းထောင်မှ အကျဉ်းသားနှင့်အကျဉ်းသူ စုစုပေါင်း ၇၈၅ဦးသည် ယနေ့ ဧပြီလ ၁၇ရက်နေ့တွင် လွတ်မြောက်ခဲ့သည်။ ပိတ်မိပြည်သူလွတ်မြောက်ရေး ဦးဆောင်သူ ဦးလွမ်းဇောင်းနှင့် ဦးဇော်ဂျတ်တို့နှစ်ယောက် လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်လာရန် မျှော်လင့်ချက်နဲ့ မိသားစုဝင်များနှင့် ပြည်သူများ စောင့်ဆိုင်းခဲ့ကြသော်လည်း လွတ်မြောက်လာခြင်းမရှိပေ။

အကျဉ်းသား ၉၅၃၅ ယောက်သည် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် ယနေ့ လွတ်မြောက်လာခြင်းဖြစ်သည်။ ယနေ့ လွတ်မြောက်လာသူ အများပိုင်းမှာ မူးယစ်မှုဖြင့်ပြစ်ဒဏ်ကျခံနေသူများဖြစ်ကြောင်း သိရသည်။

## April 22

မြစ်ဆုံစီမံကိန်း ထာဝရ ရပ်ဆိုင်းရေး ပိုင်းမော်တွင် ဆန္ဒထုတ်ဖော်

မြစ်ဆုံစီမံကိန်း အပြီးအပိုင်ရပ်တန့်စေရန် ကချင်ပြည်နယ် ပိုင်းမော်မြို့နယ်မှ ဒေသခံများ အယောက် ၈၀၀၀ ကျော်က ဧပြီ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် ပိုင်းမော်မြို့တွင်လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

"မြစ်ဆုံစီမံကိန်းဆောက်မှ ဖွံ့ဖြိုးမယ်ဆိုရင် မဖွံ့ဖြိုးချင်နေပါစေ ဒီထက်ပိုပြီး ဆင်းရဲစရာ အကြောင်းမရှိတော့ပါဘူး။ ကျွန်တော်တို့ဟာ ဆင်းရဲပြီးသားပါ။ ဟိုအရင်ကတည်းက အခုချိန်ထိလည်း ဆင်းရဲပြီးသားပါ။ ကမ္ဘာမှာ လည်း ဆင်းရဲဆုံးစာရင်းမှာအောက်ဆုံးမှာရှိ တဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြစ်ဆုံစီမံကိန်း ကြောင့် မချမ်းသာရင်နေပါစေ အသက်မသေရင် ရပါပြီ။"ဟု ဂါးရှောင် နှစ်ခြင်းအသင်းတော်မှ Rev. တန်ဂွန်းကဆိုပါသည်။

## April 26

တိုက်ပွဲကြားပိတ်မိပြည်သူများကယ်ထုတ် နိုင်ရေး လှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ ကိုလွမ်းဇောင်းနဲ့ ဦးဇော်ဂျတ် လွတ်ငြိမ်းသက်သာ ခွင့်ဖြင့် မြစ်ကြီးနားအကျဉ်းထောင်မှ ယနေ့ (၂၆ . ၄ . ၂၀၁၉)လွတ်မြောက်လာပြီ။

## May 14

မြစ်ကြီးနားမြို့ကျောက်မျက်ပြပွဲမှာ A,B အဆင့် ကျောက်များပထမဆုံးပြသခွင့်ရ

ကချင်ပြည်နယ်ကျောက်မျက်ရတနာလုပ် ငန်းရှင်များအသင်း (မြစ်ကြီးနား) ကပြုလုပ်သည့် ဒုတိယအကြိမ်ကျောက်မျက်ရတနာ အရောင်းပြပွဲ အရည်အသွေးမြင့် A,B အဆင့်ကျောက်များကို ပထမဆုံးအကြိမ် ပြသခွင့်ရပြီဖြစ်ကြောင်း အဆိုပါအသင်း၏ဥက္ကဌ ဦးဇေလွမ်းကပြောသည်။

"နိုင်ငံတော်အတိုင်ပင်ခံ လာတုန်းကလည်း စာပေးတယ်၊ သမ္မတလာတုန်းကလည်း စာပေးတယ်၊ သက်ဆိုင်ရာ အစိုးရလည်းပါတယ်၊ အခုဒီဥပဒေမူကြမ်းထဲမှာလည်း ပါနေပြီ၊ အဲဒါကြောင့် ဒီတစ်ခေါက်က ပိုပြီးမှ အောင်မြင် တာ" ဟုဎင်းက ဆိုသည်။

## May 17

စစ်ဘေးဒုက္ခသည်များ၏ လက်မှုထုတ်ကုန် ဈေးကွက်ရှာဖွေခြင်း

"ရွှေ့ပြောင်းနေထိုင်နေရတဲ့သူတွေကို သူတို့ရဲ့ ကိုယ်ပိုင်ရပ်တည်နိုင်တဲ့ဘဝမျိုးရရှိဖို့ ကျွန်တော် တို့က ပံ့ပိုးပေးလိုက်တာ ဖြစ်ပါတယ်"

ဒိန်းမတ်လူမှုရေးအဖွဲ့အစည်း (DRC/DDG)

ပံ့ပိုးပေးထားတဲ့ စစ်ဘေးဒုက္ခသည်တွေရဲ့ လက်မှုထုတ်ကုန် ဈေးကွက်ပြပွဲမှာ အဆိုပါအဖွဲ့ အစည်းရဲ့ ကချင်ပြည်နယ်ဧရိယာ မန်နေဂျာ ဖြစ်သူ မစွတာဂျူလီယိုက ပြောဆိုခဲ့တာ ဖြစ်ပါတယ်။

အဆိုပါလက်မှုထုတ်ကုန်ဈေးကွက်ပြပွဲကို မြစ်ကြီးနားမြို့ စီတာပူ မနောင်ဝင်း မဂ္ဂယ် ခန်းမမှာ ယနေ့ မေ ၁၇ ရက်နေ့မှာ ကျင်းပ တာဖြစ်ပြီး ကုန်ပစ္စည်း အမျိုးပေါင်း ၂၀ ကျော်ခင်းကျင်းပြခဲ့ပါသည်။

## May 22

ဖားကန့်တွင် ကျောက်မျက်ကုမ္ပဏီကမြေသိမ်းခဲ့ သည်ဟုဆိုကာ ဆန္ဒထုတ်ဖော်

ရတနာကြာဖြူ ကျောက်မျက်ကုမ္ပဏီက လုံး ခင်းကျေးရွာအောက်ချိုင့်ရပ်ကွက်(၅)နေရာ ကို ၂၀၁၀ ခုနှစ်က လုပ်ကွက်ဆွဲမြေသိမ်းခဲ့ခြင်း နှင့် ပတ်သက်၍ဟုဆိုကာ အဆိုပါမြေသိမ်း ခံရသည့် ဒေသခံသုံးဆယ်ကျော်က ဖားကန့်မြို့ မြို့မရဲစခန်းအနီးတွင် ယနေ့ဆန္ဒထုတ်ဖော်ခဲ့ ကြသည်။

ကုမ္ပဏီဘက်က အဆိုပါလူနေရပ်ကွက် မြေနေရာပတ်ပတ်လည်ကို စွန့်ပစ်မြေစာများဖြင့် တာဘောင်ရိုးကြီး တစ်ခုပြုလုပ်ခဲ့ခြင်းကြောင့် မိုးရာသီအဝင်တွင် ရပ်ကွက်တစ်ခုလုံးရေနစ် မြုပ်ခဲ့ပြီး ပြောင်းရွှေ့ခဲ့ရသည့်အပေါ် လျော်ကြေး ပေးခြင်း၊ ဖြေရှင်းပေးခြင်းမရှိသဖြင့် နစ်နာဆုံးရှုံးမှု များကို ပြန်လိုချင်သည့်အတွက် ယခုလို ဆန္ဒ ထုတ်ဖော်ရခြင်းဖြစ်ကြောင်း ဦးဆောင်သူ ဦးထွန်းထွန်းက ဆိုသည်။

## May 23

ရွာမြေပြိုကျမှုကို ဖြေရှင်းပေးရန် ကျောက်စိမ်း လုပ်ကွက်လမ်းမကို ပိတ်ဆို့ထား

ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီ လေးခု၏ မြေစာအဆမတန်စွန့်ပစ်ခြင်းကြောင့် ဖားကန့်မြို့ နယ် ဝေခါ(လခူးချောင်း) ရပ်ကွက် ၆ မြေသားများ ပြိုကျလာသည်ကိုဖြေရှင်းပေးရန်အတွက်ဟု ဆိုကာ ရပ်ကွက်နေပြည်သူများက ကျောက်စိမ်း လုပ်ကွက် အဝင်လမ်းကို ပိတ်ဆို့ပြီး ယနေ့ မေလ ၂၃ ရက်မနက်မှ စတင်ကာဆန္ဒထုတ်ဖော် နေကြသည်။

## June 5

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့မှာ စီတာပူနှစ်ခြင်းခရစ်ယာန် လူငယ်များ သစ်ပင်စိုက်၊ အမှိုက်ပုံရှင်း

ယနေ့ကျရောက်တဲ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် စီတာပူနှစ်ခြင်းခရစ်ယာန် အသင်းတော်လူငယ်များက မြစ်ကြီးနားမြို့ မနောအားကစားဥယာဉ်တွင် အရိပ်ရပင်များ စိုက်ပျိုးခြင်းနှင့် တပ်ကုန်းရပ်ကွက်နှင့် စီတာပူရပ်ကွက်ဆက်လမ်းဖြစ်တဲ့ ဒူဝါ ဝါဘော်ဇော်ရစ်လမ်း၏ လမ်းဘေးဝဲယာက အမှိုက်ပုံများကို ရှင်းလင်းခြင်းများ လုပ်ဆောင်ခဲ့ကြသည်။

## June 8

တက္ကသိုလ်ဝင်တန်း အောင်စာရင်းအား ဇွန်လ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့ရာ ကချင်ပြည်နယ်မှ ဖြေဆိုသူစုစုပေါင်း (၃၅၉၄၆) ဦးတွင် အောင်မြင်သူစုစုပေါင်း (၁၀၅၂၅) ရှိပြီး အောင်ချက်ရာခိုင်နှုန်းမှာ (၂၉.၂၈) ဖြစ်သည်။

## June 10

စစ်ဘေးဒုက္ခသည်များ၏ ဘဝ သရုပ်ဖော်ပြသတဲ့ ခေါင်းဆောင်နှစ်ဦးကို ငြိမ်းစုစီဥပဒေဖြင့်အမှုဖွင့် တကျော့ပြန်စစ်ပွဲဖြစ်ပွားခြင်း ၈ နှစ်ပြည့်နေ့တွင် မြစ်ကြီးနားမြို့ စိမ်းမြရောပန်းခြံအနီးနှင့် ပြည်သူ့ရင်ပြင်မှာ စစ်ဘေးဒုက္ခသည်များ၏ ဘဝ တေးသရုပ်ဖော်မှုအစီအစဉ်ပြုလုပ်ခဲ့ကြသော ဦးဆောင်သူနှစ်ဦးကို ယာယီမြို့နယ်မှူးရဲမှူးမင်းသန့်ဇော်က ငြိမ်းစုစီပုဒ်မဖြင့် အမှုဖွင့်လိုက်ကြောင်း တရားစွဲခံရသူဖြစ်တဲ့ ဒေါ်ဆိုင်းနူးပန်က ပြောသည်။

## June 11

တရားစွဲခံရတဲ့၊ စစ်ရှောင်များ၏ဘဝ လမ်းဘေးသရုပ်ဖော်တင်ဆက်မှု ဦးဆောင်သူနှစ်ဦးကို အာမခံပေး

မြစ်ကြီးနားမြို့နယ်ယာယီရဲမှူးက တရားလိုလုပ်ပြီး ငြိမ်းစုစီဥပဒေဖြင့် အမှုဖွင့်ခံရသော စစ်ရှောင်များ၏ဘဝ လမ်းဘေးသရုပ်ဖော်တင်ဆက်မှု ဦးဆောင်သူနှစ်ဦးကို ယနေ့ရုံးချိန်း၌ အာမခံပေးခဲ့ပြီး ဇွန်လ ၁၉ ရက်နေ့တွင် ရုံးချိန်းပြန်ခေါ်ထားကြောင်း တရားစွဲခံရသူ ကိုပေါ်လုက ပြောသည်။

## June 17

လိုင်စင်မဲ့ ခရီးသည်တင်ယာဉ်များကို ဖမ်းဆီးအရေးယူမှုစတင်ဆောင်ရွက်

မြစ်ကြီးနားမြို့နယ် ၂၁ မိုင်စုပေါင်းဂိတ်တွင် လိုင်စင်မဲ့ခရီးသည်တင်ယာဉ်များ ဖမ်းဆီးအရေးယူမှု စတင်ဆောင်ရွက်သည့် ဇွန် ၁၇ ရက်နေ့တွင် မော်တော်ယာဉ် ငါးစီးဖမ်းဆီးနိုင်ခဲ့ကြောင်း အမှတ် (၉၈) ယာဉ်ထိန်းရဲတပ်ဖွဲ့ (တပ်ဖွဲ့စုမှူး)

ဒုရဲမှူး ကျော်စိုးဦးကပြောသည်။

"ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ နဲ့ အမှုဖွင့်မှာ ယာဉ်ကိုအပိုင်သိမ်းလိမ့်မယ်၊ လူကိုတော့ ရမန်ယူပြီးချုပ်မယ် တရားစွဲမယ်၊ ပုဒ်မအရဆိုရင် ထောင်ဒဏ်က ၃ နှစ်အထိရှိတယ်၊ ငွေဒဏ် လည်းချနိုင်တယ်"ဟုရင်းက ဆိုသည်။

ထို့အပြင် လိုင်စင်မဲ့ယာဉ်များဖြင့် ယာဉ်လိုင်း ပြေးဆွဲပါက ခရီးသည်များအတွက်လည်း လုံခြုံမှုမရှိသည့်အပြင် နိုင်ငံတော်သို့အခွန်ပေး သွင်းပြီး လိုင်စင်ယာဉ်များဖြင့် စနစ်တကျ ပြေးဆွဲနေသော ယာဉ်လိုင်းများအတွက်လည်း နစ်နာမှုရှိသည့်အတွက် အရေးယူမှုဆောင်ရွက်ရန် အစိုးရအဖွဲ့မှ ညွှန်ကြားထားခြင်းဖြစ်ကြောင်း ဒုရဲမှူးက ပြောသည်။

## June 18

တရုတ်သစ်သျှူးငှက်ပျောမှရသည့်အခွန်အခ ကို ကျောက်စိမ်းခွန်ရသလိုပဲ ရရှိလာဖို့မျှော် လင့်ထား

ကချင်ပြည်နယ်တွင် သစ်သျှူးငှက်ပျောကို စနစ်တကျကိုင်တွယ်ပါက ရရှိနိုင်သည့် အခွန်အခသည် ကျောက်စိမ်းမှ ရသောအခွန် အခလိုရနိုင်မည်ဟု မျှော်လင့်ထားကြောင်း စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြောသည်။

"အခုလောလောဆယ် ရနေတဲ့အခွန်အခ သည် အားလုံးပြည့်ပြည့်ဝဝ မရဘူး၊ အားလုံး ပြည့်ပြည့်ဝဝရဖို့ဆိုရင် စနစ်တကျကိုင်သွယ်မှ ရသင့်ရထိုက်တဲ့အခွန်အခအပြည့်အဝ ရလာ နိုင်မှာ ဖြစ်ပါတယ်၊ ဒါကြောင့်မို့ အစီအမံနဲ့ ဆောင်ရွက်ဖို့ ကြိုးစားပြီး လုပ်နေပါတယ်" ဟုရင်းက ဆိုသည်။

အစိမ်းရောင် စီးပွားရေးဝိရောဓိသုတေသန အစီရင်ခံစာတွင် သစ်သျှူးငှက်ပျောစိုက်ပျိုး ခြင်းလုပ်ဆောင်နေသည့် မြေဧရိယာသည် ဝိုင်းမော်မြို့နယ် တစ်မြို့နယ်လုံး၏ ၁၂ ရာခိုင်နှုန်း(၁၄၂၉၆၁ ဧက)ရှိပြီး အခြားသီးနှံ စိုက်ပျိုး မြေဧရိယာထက် ၁ရာခိုင်နှုန်း( ၇၉၈၇ ဧက) ပိုများနေပြီး တိုးချဲ့စိုက်ပျိုးနေဆဲဖြစ် သည်ကို တွေ့ရကြောင်း၊ ဗန်းမော်မြို့နယ်နှင့် မိုးမောက်မြို့နယ်များတွင်လည်း စိုက်ပျိုးနေ ကြကြောင်းဖော်ပြထားသည်။

## June 19

ဆိုင်ကယ်အရောင်းဆိုင်များကို လိုင်စင်ရှိယာဉ် များသာရောင်းချခွင့်ပြုရန် ဆောင်ရွက်သွားမည်

မြစ်ကြီးနားခရိုင်အတွင်းရှိ ဆိုင်ကယ်အရောင်း ဆိုင်များ လုပ်ငန်းလိုင်စင်ပြုလုပ်ရန်နှင့် လိုင်စင်ရှိ သည့်ဆိုင်ကယ် များကိုသာ ရောင်းချခွင့်ပြုရန် အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ် (၉၈) ယာဉ်ထိန်းရဲတပ်ဖွဲ့ (တပ်ဖွဲ့စုမှူး)

ဒုရဲမှူး ကျော်စိုးဦးကပြောသည်။

"အရောင်းဆိုင်လိုင်စင်ရှိရမယ်၊ မရှိဘူးဆိုရင် သူ့ကိုမော်တော်ယာဉ် ဥပဒေနဲ့အရေးယူ လို့ရတယ်ဆိုတာကို ကြိုပြီးပြောထားမယ် သတိပေးမယ်၊ သူ့ဆီက(အရောင်းဆိုင်ပိုင်ရှင်) သိရှိကြောင်းဝန်ခံချက်တွေယူမယ်၊ အရောင်းလိုင်စင်ရဲ့စည်းကမ်းချက်မှာ လိုင်စင်မဲ့ ဆိုင်ကယ်ရောင်းလို့မရဘူး၊ ရောင်းတာနဲ့အရေး ယူမယ် အဲလိုသွားမယ်" ဟုဆင်း ကဆိုသည်။

## June 22

ကချင်ပြည်နယ်ပြည်သူ့ပါတီ ပါတီဆိုင်းဘုတ် တင်နှင့်ရုံးချုပ်ဖွင့်ပွဲ ပြုလုပ်

ကချင်သုံးပါတီပူးပေါင်းဖွဲ့စည်းလိုက်တဲ့ ကချင်ပြည်နယ်ပြည်သူ့ပါတီ( KSPP ) ပါတီ ဆိုင်းဘုတ်တင်နှင့် ရုံးချုပ်ဖွင့်ဆုတောင်းပွဲကို မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် အမှတ် (၃၈၆) မှာ ယနေ့ဇွန် ၂၂ ရက် မနက်ပိုင်းမှာ ပြုလုပ်ခဲ့ ပါတယ်။

ပြည်သူလူထုနှင့် ကချင်ပြည်နယ်ပြည်သူ့ပါတီ ( KSPP ) တို့ရဲ့တွေ့ဆုံမိတ်ဆက်ပွဲကို လာမယ့် ဇွန်လိုင် ၂၀ ရက်နေ့မှာ ပြုလုပ်သွားဖို့ရှိတယ်လို့ သိရပါတယ်။

## June 25

ကုန်စည်နှင့် ဝန်ဆောင်မှုအတွက် နစ်နာမှုရှိပါက ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနသို့ လာ ရောက်တိုင်ကြားနိုင်

စားသုံးသူများက ဝယ်ယူအသုံးပြုလိုက်သော ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ရောင်းချသူ ဘက်ကပေးသည့် အာမခံချက်များလွဲမှားနေပြီး နစ်နာမှုရှိပါက မြစ်ကြီးနားမြို့ အမှတ် (၁၉၉) မြို့သစ်ရပ်ကွက်ရှိ ကချင်ပြည်နယ် စားသုံးသူ ရေးရာဦးစီးဌာနရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနှင့်ဖြစ်စေ တိုင်ကြားနိုင်ကြောင်း ပြည်နယ် ဦးစီးမှူး ဦးဖေသန်းဝင်း ကပြောသည်။

"ရေခဲသေတ္တာ အဲကွန်းတစ်ခုခုပေါ့ ဝယ်လာတယ်၊ အိမ်ရောက်တော့ မအေးတော့ဘူး ဆိုင်ကိုသွား ပြောတော့ တာဝန်မယူဘူးဆိုရင် လာတိုင်၊ ပြေစာ(ဘောက်ချာ) အထောက်အထားကို ကြည့်ပြီးသေချာတယ်ဆိုရင် ရောင်းချသူကို ဆင့်ခေါ်ပြီးဖြေရှင်းခိုင်းမယ် လျော်ကြေးပေး ခိုင်းမယ်၊ ထိခိုက်နစ်နာမှုပိုများရင် ဒဏ်ကြေး တပ်မယ်" ဟုဆင်းကဆိုသည်။

## June 27

ကေအိုင်အို၏သုတေသနအစီရင်ခံစာက ဖော်ပြ နေသည့် ကချင်နှင့်ရှမ်းမြောက် မူးယစ်ဆေးဝါး အခြေအနေ

၂၀၁၈ - ၂၀၁၉ ခုနှစ်အတွင်း ကချင်ပြည်နယ်နှင့်

ရှမ်းမြောက်တွင် ဘိန်းစိုက်ခင်း ဟက်တာ တစ်သောင်းကျော်ရှိကြောင်း ဖွန်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်လိုက်သည့် ကေအိုင်အို၏ သုတေသနအစီရင်ခံစာ၌ ဖော်ပြထားပါတယ်။

ကချင်ပြည်နယ်တွင် ဟက်တာ ၇ ထောင်နီးပါး ရှိကြောင်းဖော်ပြထားပြီး အဆိုပါစာရင်းသည် ၂၀၁၈ ခုနှစ်က ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး UNODC ၏ ထုတ်ပြန်ချက်ထက် နှစ်ဆပိုများနေကြောင်း ကေအိုင်အို၏ အစီရင်စာတွင်ပါရှိသည်။ ရှမ်းမြောက်တွင် ၃၁၉၂.၄ ဟက်တာရှိကြောင်းလည်း ဖော်ပြထားပါသည်။

ကေအိုင်အိုသည် အဆိုပါသုတေသနတွေ့ရှိချက်အား ကချင်ပြည်နယ်နှင့် ရှမ်းမြောက်နယ်မြေ ၁၉ခုကို သတ်မှတ်ပြီး ထိုနယ်မြေများမှ ဘိန်းစိုက်တောင်သူ၊ ဘာသာရေးခေါင်းဆောင်၊ ဒေသခံများ၊ ရဲများ၊ ဘိန်းဖြူထုတ်လုပ်သူများ၊ မူးယစ်ဆေးဝါသုံးစွဲသူများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များစသည့် မတူသည့်နယ်ပယ်မှ လူပေါင်းတစ်သောင်းနီးပါးကို တွေ့ဆုံမေးမြန်းကာ ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

အဆိုပါစစ်တမ်းအရ ကချင်ပြည်နယ်တွင် ဘိန်းစိုက်ခင်းအများဆုံးရှိသည့် ဒေသသည် ပြည်သူ့စစ်များရှိသော (ယခင်NDAK ထိန်းချုပ်နယ်မြေ) ကန်ပိုင်တီနှင့် ဆဒုံတွင်ဖြစ် ကြောင်းဖော်ပြထားသည်။ တနိုင်း၊ ရှိန်ဗွေ့ယန်၊ ပူတာအိုနှင့် ဆွမ်ပရာဘွမ်များတွင်လည်း ဘိန်းစိုက်ခင်းများရှိကြောင်းဖော်ပြထားသည်။

ဘိန်းစိုက်ခင်းနှင့် ဘိန်းချက်စက်ရုံများလည်း ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များရှိသော နေရာများတွင် အများဆုံးတွေ့ရကြောင်း၊ အဆိုပါစစ်တမ်းတွင်ပါရှိပါသည်။

ဘိန်းဖြူနှင့်ရာမ ချက်စက်ရုံသည် ရှမ်းမြောက်တွင်သာရှိပြီး အဆိုပါဘိန်းချက်စက်ရုံများအား တရုတ်လုပ်ငန်းရှင်များကပိုင်ပြီး ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များက လုံခြုံရေးပေးထားသည်ဟု ဖော်ပြထားပါသည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး UNODC ၏ ၂၀၁၈ ခုနှစ်ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်သည့်အစီရင်ခံစာတွင် ကေအိုင်အေအား စွပ်စွဲထားသည့်အချက်များပါရှိသည့်အတွက် ကေအိုင်အိုက ကန့်ကွက်ကြောင်း၊ UNODCထံ အိတ်ဖွင့်ပေးစာ ပေးပို့မှုရှိခဲ့သည်။

နှစ်ပေါင်းများစွာ မူးယစ်းဆေးဝါးကြောင့် ပျက်စီးသွားသည့် ဘဝများ၊ မူးယစ်ဆေးဝါးကြောင့် ပျက်စီးသွားသော မိသားစုများ၊ ပညာမတတ် အလုပ်အကိုင်မရှိတော့သည့် မျိုးဆက်သစ်

လူငယ်များ ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးသွားသူများ များလာသလို၊ ထောင်ကျသွားသည့်သူများလည်း အမြောက်အများရှိနေကြောင်း ထောက်ပြဖော်ပြထားမှုများလည်း ပါဝင်ပါသည်။

မူးယစ်ဆေးဝါး ပပျောက်အောင် လာတ်ပေးလာတ်ယူမှုများ မရှိအောင်နှင့် ပြည်သူများအားစိုက်လုပ်ဆောင်နေသည့် မူးယစ်ဆေးဂါး တိုက်ဖျက်ရေးကို အားပေးရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှလည်း မြေပြင်ထဲထိဆင်းပြီး သတင်းအချက်အလက်အမှန်ကိုရယူကာ သက်ဆိုင်သူများကို တိုက်တွန်းပေးရန် မူးယစ်ဆေးဂါး တိုက်ဖျက်ရေးတွင် ပိုပြီးကူညီလာစေနိုင်ရန် အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများထံ တောင်းဆိုအကြံပြုထားသည်။

ဤစစ်တမ်းတွင် ကေအိုင်အိုက ၁၉၉၃ ခုနှစ်မှ စတင်၍ ကေအိုင်အိုမှ မူးယစ်ဆေးဂါး တိုက်ဖျက်ရေးကော်မတီဖွဲ့စည်းပြီး ၂ဂဂ၈ ခုနှစ်ခန့်မှ စတင်ကာ ပြည်သူများလည်း ပူးပေါင်းပြီး မူးယစ်ဆေးဂါး တိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်းဖော်ပြထားသည်။

၂ဂ၁၈-၂ဂ၁၉ ခုနှစ်တွင် ကေအိုင်အို အနေဖြင့် လူထုများနှင့် ပူးပေါင်းကာ လူထုများအား မူးယစ်ဆေးဂါးနှင့်ပတ်သက်ပြီး ပညာပေးလုပ်ငန်းများ လုပ်ဆောင်လျှက်ရှိပြီး ထိုနှစ်အတွင်း ပြည်သူအယောက် ၄သောင်းကျော်အား ပညာပေးနိုင်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။

## June 28

တနိုင်းဒေသ ပယင်း လက်လုပ်လက်စား လုပ်ကွက်များ ချပေးတော့မည်

တိုက်ပွဲဖြစ်ပြီးနောက် ပိတ်ပင်ထားသည့် တနိုင်းဒေသပယင်းမှော်များအား လက်လုပ်လက်စား လုပ်ကွက်များ လုပ်ကိုင်ခွင့်ချပေးတော့မည် ဖြစ်ကြောင်း ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒရှီလဆိုင်းက ဆိုသည်။

တနိုင်းဒေသ(နွယ်ဂျီဘွမ်မှော်နှင့် နန်မဖြူထန်ပရားမှော်အပါအဝင်) လက်လုပ်လက်စား ဧရိယာ(၁)ခု (၆၉၁၈.၉၅)ဧကအတွင်း လုပ်ကိုင်ခွင့်ချထားပေးသွားမည်ဖြစ်ကြောင်း ဆိုသည်။

## July 2

ယာဉ်မောင်းလိုင်စင် အတုကိုင်ဆောင်သူကို ဖမ်းဆီးအမှုဖွင့်

ဇွန်လိုင် ၁ ရက်နေ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ် (၉၈) ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးရှေ့တွင် မော်တော်ယဉ်များကို ရပ်တန့် စစ်ဆေးခြင်း ပြုလုပ်ချိန်တွင် ဦးဂွမ်ဂျာဆိုသူကိုင်ဆောင်ထားသော ယာဉ်မောင်း(ခ)လိုင်စင်သည် အတုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ဖမ်းဆီးအရေးယူထားကြောင်း အမှတ်(၁) မြို့မရဲစခန်းမှ သိရသည်။

"ပုဒ်မကတော့ ၄၂၀နဲ့ ၄၆၈ အမှုဖွင့်တယ်၊ ကညန(ကုန်းလမ်းပို့ဆောင်မှုညွှန်ကြားရေးဦးစီးဌာန) ကတရားလို လုပ်ပြီးအမှုဖွင့်တာ၊ ဒီနေ့ချုပ်ရမန်ယူထားပြီ"ဟု အမှတ် (၁) ရဲစခန်းတာဝန်ကျရဲအရာရှိတစ်ဦးက ဆိုသည်။

ကညန ပြည်နယ်ညွှန်ကြားရေးမှူး ဦးစိုးမိုးပိုင်က ယာဉ်မောင်းလိုင်စင်အတုကိုင်ဆောင်မှု ဖမ်းဆီးရမိခြင်း ရှိလာသည့်အတွက် လိုင်စင်ကဒ်ပုံစံကိုပြောင်းလဲခြင်း၊ ရောင်ပြန်ထည့် သွင်းခြင်း၊ QR ကုဒ်နှင့် ပိုမိုလုံခြုံမှုရှိသော စမတ်ကဒ်ပုံစံဖြင့် ဇွန်လိုင် ၁ ရက်နေ့မှစ၍ ပြုလုပ်ပေးကြောင်း ပြောသည်။

လိမ်လည်မှုပုဒ်မ ၄၂၀ နှင့် စာချုပ်စာတမ်းအတုပြုလုပ်မှုပုဒ်မ ၄၆၈ အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပါက ထောင်ဒဏ်ခုနစ်နှစ်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## July 4

စစ်ရှောင်များ၏ သရုပ်ဖော်တင်ဆက်မှုသည် တရားဥပဒေစိုးမိုးရေးကိုထိခိုက်ခြင်း မရှိကြောင်း တရားလိုပြသက်သေများဝန်ခံမှုရှိ

တကျော့ပြန်စစ်ပွဲ ၈ နှစ်ပြည့် စစ်ရှောင်များ၏ဘဝ လမ်းဘေးတေးသရုပ်ဖော်တင်ဆက်မှုသည် တရားဥပဒေ စိုးမိုးရေးကို ထိခိုက်စေခြင်း မရှိကြောင်း တရားလိုပြသက်သေများက ယနေ့ ဇူလိုင် ၄ ရက်နေ့ ရုံးချိန်းတွင် ဝန်ခံထွက်ဆိုခဲ့ကြောင်း တရားစွဲခံရသူ နှစ်ဦး၏ ရှေ့နေဦးမာခါးက ပြောသည်။

"လိုပြသက်သေကိုစစ်တယ် သူ့တို့ကတော့ ပုဒ်မ ၁၉ နဲ့ ငြိတယ်ဆိုပြီးထွက်ဆိုသွားတယ်၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေတဲ့အရာ၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေတဲ့အရာ ဟုတ်မဟုတ်ဆိုတာကို မေးတော့ တချို့က အားလုံးကိုလက်ခံတယ်ပေ့ါနော် ဘာမှပျက်ပြားစေတဲ့အရာမဟုတ်ပါဘူး ပေ့ါနော်၊ တချို့ကျတော့ မဖြေဘူး" ဟုဎင်းက ဆိုသည်။

ကိုပေါလုနှင့် မဆိုင်းနူးပန်တို့ကို ခွင့်ပြုချက်မတင်ပဲ စစ်ရှောင်များ၏ဘဝ တေးသရုပ်ဖော်မှုပြုလုပ်

ခဲ့ခြင်းကြောင့် ဒုရဲမှူး မင်းသန့်ဇော်က တရားလို လုပ်ပြီး ငြိမ်းစုစီဥပဒေဖြင့် အမှုဖွင့် ထားခြင်းဖြစ်ပြီး ယနေ့(၄)ကြိမ်မြောက်ရုံးချိန်အထိ တရားလိုပြ သက်သေ ၄ ဦးကို စစ်ဆေးခဲ့ပြီး လာမည့် ဇူလိုင် ၁၁ ရက်နေ့ရုံးချိန်းတွင် တရားစွဲခံရသူ ဘက်ကို စတင်စစ် ဆေးသွား မည်ဖြစ်သည်။

## July 5

ပြည်နယ်ကိုပြန်လည်ထူထောင်ရန် သတင်း မီဒီယာက အလွန်ပင်အရေးကြီးကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ်ပြော

နောက်ကျနေသည့် ပြည်နယ်ကို ပြန်လည် ထူထောင်သည့်နေရာမှာ၊ ဖွံ့ဖြိုးမှုကြိုးပမ်း ဆောင်ရွက်သည့်အခါမှာ၊ သတင်းမီဒီယာတွေကို အင်မတန်မှ အရေးကြီးကြောင်း ကချင်ပြည်နယ် ဝန်ကြီးချုပ်က ယနေ့ဇူလိုင်လ ၅ ရက်နေ့မှာ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင်ပြော ကြားခဲ့သည်။

"ကျွန်တော်တို့ ကချင်ပြည်နယ်အစိုးရအနေနဲ့ရော နိုင်ငံတော် အစိုးရအနေနဲ့ပါ အားကိုးပါတယ် ခင်ဗျားတို့ကို။ ဘယ်လိုပဲဖြစ်ဖြစ် အကြံပေးတာပဲ ဖြစ်ဖြစ် ဘယ်ကဏ္ဍမှာဖြစ်ဖြစ် ခင်ဗျားတို့အရေး ကြီးတယ်လို့ ကျွန်ပြောချင်ပါတယ်။ သတင်း အချက်အလက်အမြန်ရတဲ့အခါကျမှ ဒီဟာကို လက်တွေ့အကောင်အထည်ဖော်လို့ရမှာ ကျွန်တော်တို့အစိုးရဆိုတာ နေရာတိုင်းမှာ ဘယ်လိုမှမသိနိုင်ဘူး။ ခင်ဗျားတို့ သတင်းမီဒီယာ အနေနဲ့တော့ သတင်းတွေရရှိပြီး ကျွန်တော်တို့ ပြောပြ ကျွန်တော်တို့လည်း ကျွန်တော်တို့နဲ့ပတ် သက်တဲ့ဟာတွေကို ကျွန်တော်တို့အကောင် အထည်ဖော်မယ်။" ဟု ကချင်ပြည်နယ်ဝန်ကြီး ချုပ်ဒေါက်တာခက်အောင်ကဆိုသည်။

သတင်းမီဒီယာ သတင်းထောက်ကြီးများ အား လုံးကိုလည်း အင်းမတန်မှ အတွေ့အကြုံရှိကြောင်း ပညာရှိကြောင်းကို ၎င်းအနေနဲ့ပြောကြားခဲ့သည်။ အကုန်လုံးမှာ သတင်းထောက်တို့လည်း ပူး ပေါင်းပါဝင်မှ မြန်မြန်ဆန်ဆန်အောင်မြင်မှာ ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

## July 10

မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေ မနက်ပိုင်းမှ နေ့လည်အထိ ၈၀ စင်တီမီတာတက်လာ

ကချင်ပြည်နယ်မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ် ရေ၏ ဇူလိုင် ၁၀ ရက်နေ့ နေ့လည်တိုင်းတာ ချက်တွင် ၁၀၈၁ စင်တီမီတာအထိ မြင့်တက် လာနေကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန် ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးနိုင်လင်း ထွေး ကပြောသည်။

"မနက် ခြောက်နာရီခွဲမှာက ၁၀၀၁ စင်တီမီတာ၊ မနေ့ညနေ ၆ နာရီနဲ့ ကွာခြားချက်က အပေါင်း ၁၁၄ ရှိတယ်၊ နေ့လည်အထိ ၈၀ စင်တီမီတာ

(၂ ပေခွဲ) ထပ်တက်တယ်၊ မြစ်ကြီးနားမြို့ရဲ့ စိုးရိမ်ရေမှတ်က ၁၂၀၀ စင်တီမီတာ”ဟု ၎င်းက ဆိုသည်။

မြစ်ကြီးနားမြို့၏ အထက်ပိုင်းမြို့များတွင် ရေလွှမ်းတာမရှိသေးသော်လည်း မိုးရေကတော့ ဆက်များလာနိုင်ကြောင်း မြစ်ရေတက်နှုန်းကို တစ်နာရီတစ်ကြိမ် မှတ်တမ်းရယူ၍ နေပြည်တော်သို့ ပြန်ပို့ထားပြီး စိုးရိမ်ရေအမှတ် ဘယ်အချိန်အတွင်းရောက်လာနိုင်မည်ကို သုံးသပ်ပြီး ထုတ်ပြန်ချက် ထုတ်ပေးသွားမည်ဖြစ်ကြောင်း ဦးနိုင်လင်းထွေးက ပြောသည်။

## July 14

ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် အောက် ၉၅ စင်တီမီတာအထိ ရေပြန်ကျလာ

ဇူလိုင် ၁၄ ရက် မနက် ၈ နာရီအချိန်တိုင်းတာချက်အရ မြစ်ကြီးနားမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၁၀၅ စင်တီမီတာ (တစ်ပေခွဲ) အထိရေပြန်ကျနေပြီဖြစ်ကြောင်း မိုး/ဇလ ပြည်နယ်ဦးစီးမှူး နိုင်လင်းထွေးကပြောသည်။

## July 22

ကချင်ပြည်နယ်တွင် ရာသီတုပ်ကွေး H1N1 ဖြစ်ပွားသူ ၂၁ ဦးရှိပြီး တစ်ဦးသေဆုံး

ကချင်ပြည်နယ်တွင် ယခုနှစ်ဇူလိုင် ၂၁ ရက်နေ့အထိရရှိသည့် စာရင်းအရ ရာသီတုပ်ကွေးH1N1 ပိုးတွေ့ရှိသူ ၂၁ ဦးရှိပြီး သေဆုံးသူတစ်ဦးရှိသွားပြီဖြစ်ကြောင်း ကချင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တိုးချဲ့ကာကွယ် ဆေး/ကူးဆက်) အဖွဲ့ခေါင်းဆောင် ဆရာဝန် Dr. ဇက်လွမ်းခေါင်က ပြောသည်။

“ရာသီတုပ်ကွေးမှာအမျိုးအစား A,B,C ဆိုပြီးတော့ရှိတယ်၊ A အမျိုးအစား (Seasonal Influenza A(H1N1) pdm 09) ဖြစ်ပွားသူက ၁၅ ဦး၊ B အမျိုးစားဖြစ်ပွားတာကာ ၆ ဦးရှိပါတယ်၊ A အမျိုးအစားဖြစ်ပွားပြီး သေဆုံးတာ တစ်ဦးရှိပါတယ်၊ ” ဟု၎င်းက ဆိုသည်။

## July 22

ရေကြီးမှုဒဏ်ခံခဲ့ရတဲ့နောင်မွန်းမြို့နယ်မှာ အကူအညီများလိုအပ်နေဆဲ

ဇူလိုင် ၉ ရက်နေ့တွင် ချောင်းရေကြီးလာမှုကြောင့် နောင်မွန်းမြို့နယ်ရှိ ရပ်ဘော့ကျေးရွာနှင့် ဘဘော့ကျေးရွာတွင် အိမ်ထောင်စု ၂၀ ကျော်၏ နေအိမ်နှင့် စပါးကျီများရေမြုပ်ပျက်ဆီးခဲ့ သဖြင့် အကူအညီများလိုအပ်နေကြောင်း ကျေးရွာဒေသခံဦးထိနကပြောသည်။

“စပါးကျီတိုက်တွေပါသွားတယ် အဲဒါတွေကပိုဆိုးတာ၊ တချို့ကျတော့ ကောက်စိုက်ထားတဲ့လယ်တွေ ပျက်သွားတယ်၊ တစ်ချို့မိသားစုတွေ

ဆိုရင် အရမ်းကို အခြေအနေဆိုးနေပါတယ်” ဟုဝင်းကဆိုသည်။

ရေပြန်ကျပြီးနောက် (၁၀) ရက်ကျော်လာသည့်တိုင် အစိုးရမှ အကူအညီထောက်ပံ့မှုပေးတာမျိုး မရှိသေးပဲ စာရင်းကောက်ယူနေကြဆဲသာရှိကြောင်း အလှူရှင်အချို့နှင့် ပြည်သူ့စစ်များ၏ အကူအညီအနည်းငယ်ကိုသာ ရရှိသေးကြောင်း ဦးထိနက ပြောသည်။

## July 22

သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၆၀၀ ကျော်ရှိလာ၊ သေဆုံးသူ ၄ ဦးရှိ

ကချင်ပြည်နယ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူဦးရေ ၆၀၀ ကျော်ရှိလာပြီး သေဆုံးသူ ၄ ဦးရှိသွားပြီဖြစ်ရာ မြစ်ကြီးနားမြို့နယ်သည် ၄၉၈ ဦးဖြင့် အများဆုံးဖြစ်ပွားနေကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်ရိန်က ပြောသည်။

“ဒီနှစ်က ရာသီဥတုလည်းကြမ်းတော့ ပိုအဖြစ်များတယ်၊ ရာသီဥတုက ဒီအတိုင်းဆက်ဖြစ်နေမယ်ဆိုရင် နောက်ထပ်နှစ်လအထိ သတိထားရအုံးမယ်၊ လက်ရှိအချိန်အထိတော့ ၂၀၁၇ ခုနှစ်က ၂၆၀၀ ဦးအထိဖြစ်ပွားခဲ့တဲ့ အခြေအနေလောက်တော့ မဆိုးသေးဘူးဆိုပေမဲ့ သတိထားရအုံးမှာပါ” ဟုဝင်းက ဆိုသည်။

## July 23

မိုးညှင်းမြို့နယ် နမ္မားဒေသတွင် မိုးခေါင်၍ တောင်သူများ စပါးကိုအခြောက်ပက်ကြဲရ

ယခုနှစ်တွင် မိုးခေါင်ပြီးစိုက်ပျိုးရေ မလုံလောက်သဖြင့် ကချင်ပြည်နယ်မိုးညှင်းမြို့နယ် နမ္မားဒေသရှိ တောင်သူများ စပါးစိုက်ပျိုးရန် ခက်ခဲနေသည်ဟု ဒေသခံဦးထွန်းသိန်းက ဆိုပါသည်။

ဆည်ရေမရရှိပဲ မိုးရေကိုသာအားထားပြီး စိုက်ပျိုးနေရသည့် လယ်မြေများဖြစ်၍ မိုးရေ မလုံလောက်သောကြောင့် နမ္မားဒေသမှ တောင်သူများ စပါးမျိုးစေ့ကိုပက်ပြီး ရေမရှိသည့် လယ်ကွက်များတွင် အခြောက်ပက်ကြဲရသည်ဟု ဦးထွန်းသိန်းက ဆိုသည်။

## July 26

ရေကြီးဒဏ်ခံခဲ့ရတဲ့ နောင်မွန်းဒေသခံများ စားနပ်ရိပ်ကွာများအရေးတကြီးလိုအပ်နေဆဲ

ချောင်းရေကြီးမှုကြောင့် စပါးကျီနှင့်နေအိမ်များရေနစ်မြုပ်ခဲ့သော ပူတာအိုခရိုင် နောင်မွန်းမြို့နယ် ရပ်ဘော့နှင့် ဘဘော့ကျေးရွာ ဒေသခံများသည် စားနပ်ရိပ်ကွာနှင့် ပြန်လည်ထူထောင်ရေးအကူအညီများ အရေးတကြီး လိုအပ်နေဆဲဖြစ်ကြောင်း အလှူရှင်အချို့လှူဒါန်းသည့်

ထောက်ပံ့ပစ္စည်းများကို အဆိုပါဒေသသို့ သွားရောက်ပို့ဆောင်ပေးခဲ့သောအဖွဲ့မှ ဆရာဖေရမ်က ပြောသည်။

"ကျွန်တော်တို့ကောက်ထားတဲ့ ဒေတာထက်ကို ဆိုးရွားတယ်၊ စပါးတွေကရေမြုပ်သွားတော့ နေလှန်းမယ့် အချိန်မရှိဘူး၊ နေလည်းမသာတော့ စပါးတွေက အညှောင့်ထွက်လာကြပြီ၊ အဲဒါက စားလို့ကိုမရတော့ စားဖို့သောက်ဖို့အကူအညီလိုအပ်နေဆဲပါ" ဟုရင်းက ဆိုသည်။

## August 6

ဘဏ်မှ ကျပ်သိန်း ၂၀၀ ကျော်ထုတ်လာသည့် အမျိုးသမီး အိမ်ရှေ့အရောက်မှာ ဓါးထောက် လုယက်ခံရ

မြစ်ကြီးနားမြို့ ဒေင်ရပ်ကွက်တွင်နေထိုင်သူ ဒေါ်ဖုံးဝမ်သည် ယနေ့ညနေပိုင်း နှစ်နာရီခွဲ အချိန်တွင် ကမ္ဘောဇဘဏ်မှ ကျပ်သိန်း ၂၃၀ ထုတ်လာပြီး ၎င်း၏ အိမ်ရှေ့အရောက်တွင် ဓါးထောက် လုယက်ခံလိုက်ရကြောင်း တပ်ကုန်း ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဘောက်နော်က ပြောသည်။

"သူငွေထုတ်ပြီး ပြန်လာတော့ သူ့နောက်မှာ ဟွန်ဒါဖစ်ကားတစ်စီးလိုက်လာတာကို သတိမထားမိလိုက်ဘူးတဲ့၊ သူအိမ်ရှေ့အရောက်မှာပဲ လိုက်လာတဲ့ကားထဲက လူသုံးယောက်ထွက်လာပြီး ဓါးထောက်ငွေလုသွားတာလို့ ပြောပါတယ်" ဟုရင်းကဆိုသည်။

လက်ရှိအချိန်တွင် ပလနနယ်မြေစခန်းမှူးကို အကြောင်းကြား၍ အမှုဖွင့်ထားပြီဖြစ်ကြောင်း ဦးဘောက်နော်က ပြောသည်။

## August 9

အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများ နေ့ကို ဖားကန့်မြို့တွင် ပထမဆုံးကျင်းပ

ဖားကန့်မြို့မော်ဝှမ်းကျောက်တိုင်ကွင်းတွင် အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့ကို ပထမဆုံးအကြိမ်ပြုလုပ်ခဲ့ကြောင်း အဆိုပါအခမ်းအနားကို စီစဉ်ကျင်းပသည့် မုန်နောက်ခေါင်ဥရုဌာနေတိုင်းရင်းသားများအဖွဲ့အစည်းမှ ဥက္ကဋ္ဌဖြစ်သူ ဦးခွန်းဆိုင်းနော် ကပြောသည်။

"ရည်ရွယ်ချက်ကတော့ မုန်နောက်ခေါင်ဥရုဌာနေပြည်သူများအခွင့်အရေးပိုမိုရရှိဖို့ရန်၊ ဌာနေပြည်သူများဟာ ရှေ့ရှေ့တုန်းကရှိခဲ့တဲ့ အတိုင်း ဒီနေ့အချိန်အထိရှိနေဆဲဖြစ်တယ်ဆိုတဲ့ သင်္ကေတအနေဖြင့်လုပ်ဆောင်ခြင်းဖြစ်တယ်၊ နောက်ပြီးတော့ မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်အသင်းကနေ တောင်းဆိုမှုကြောင့်လည်း လုပ်ဆောင်ရခြင်းဖြစ်ပါတယ်"ဟု ၎င်းကဆိုသည်။

## August 16

အခြေခံဥပဒေပြင်ဆင်ခြင်းအား ကန့်ကွက်ဆန္ဒထုတ်ဖော်ပွဲကို မြစ်ကြီးနားမြို့တွင် ပြုလုပ်

၂၀၀၈ အခြေခံဥပဒေပြင်ဆင်ခြင်းအား ကန့်ကွက်ဆန္ဒထုတ်ဖော်ပွဲကို လူဦးရေတစ်ထောင်ခန့်ပါဝင်ပြီး ကချင်ပြည်နယ်မြစ်ကြီးနားမြို့တွင် ယနေ့ ဩဂုတ် ၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ ပုဒ်မ ၂၆၁ အားဥပဒေနှင့်အညီ အမြန်ဆုံးပြင်ဆင်ရေး၊ အမျိုးသားလုံခြုံရေးအတွက် ပုဒ်မ ၅၉(စ) မပြင်ဆင်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ပ ပထွေးမျော် အဖေတော်ချင်သူများအားချေမှုန်းကြ၊ နိုင်ငံသားမဟုတ်သူများ လွှမ်းမိုးမည့်အကြံ လက်မခံ၊ အမျိုး၊ ဘာသာသာသနာ ကာကွယ်စောင့်ရှောက်ရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးကြီးပုဒ်မများ မပြင်ဆင်ရေး စသည့်ကြွေးကြော်သံများဖြင့်လမ်းလျှောက်ချီတက်ခဲ့ကြသည်။

## August 19

ဆွမ်ပရာဘွမ်မြို့တွင် တောထဲဟင်းရှာထွက်သည့် ကျောင်းဆရာမကို ဆက်သွယ်ရေးလိုင်းကြိုးမြုပ်တဲ့ဝန်ထမ်းက ရိုက်နှက်ခဲ့

ဆွမ်ပရာဘွမ်မြို့နှင့် တမိုင်ခန့်အကွာရှိ ပြည်ထောင်စုလမ်းမဘေး တောစပ်တွင် ဟင်းရှာထွက်လာသော ကျောင်းဆရာမနှစ်ဦး နောက်သို့ ဖုန်းလိုင်းကြိုးမြုပ်သည့် ဝန်ထမ်းနှစ် ယောက် လိုက်လာပြီး ဆရာမတစ်ဦးကို ဦးခေါင်း တွင် ရိုက်နှက်ခဲ့သောကြောင့် ဆေးရုံတင် ထားရကြောင်း ၎င်းဆရာမ၏ ဦးလေးတော်သူ ဦးဆမ်နော်ကပြောသည်။

"၁၇ ရက်နေ့ ညနေပိုင်း လမ်းမဘေးက တောစပ်မှာ ရှန်းအူချိုးနေတဲ့အချိန် ဖုန်းကြိုးလိုင်းသွယ်တဲ့ ကုမ္ပဏီက ဝန်ထမ်းနှစ်ယောက် တိတ်တိတ်လေး လိုက်လာပြီး ဘာအကြံအစည်ရှိလည်းမသိဘူး အနောက်ကနေ ဆရာမရဲ့

ခေါင်းကိုရိုက်ပေးလိုက်တာ ဆရာမနစ်ယောက် အော်လိုက်မှ ပြန်ထွက်သွားတယ်တဲ့၊ ရိုက်တဲ့သူက အသက် ၂၈ နှစ် စိုးလွင်ဦး လို့သိရတယ်” ဟုဧင်းက ဆိုသည်။

## August 21

တောင်းဆိုချက်သုံးချက်ပါတဲ့ ဖဲကြိုးစိမ်းလှုပ်ရှားမှု မြစ်ကြီးနားပညာရေးကောလိပ်တွင်ပြုလုပ်

ဝိဇ္ဇာသိပ္ပံပညာရေးနှင့်ပတ်သက်ပြီး ပွင့်လင်းစွာ ထုတ်ပြန်ပေးရန်၊ အဝေးသင်ပညာဆက်လက်သင်ယူချိန်တွင် လစာမဖြတ်ရန်၊ ခွင့်ရက်တိတိကျကျ သတ်မှတ်ပေးရန် နှင့် ပညာရေးကောလိပ်ကျောင်းသားသမဂ္ဂများအပေါ် ဖိနှိပ်မှုမပြုလုပ်ရန် ဆိုသည့် တောင်းဆိုချက်များဖြင့် ဖဲကြိုးစိမ်းလှုပ်ရှားမှုကို ယနေ့ဩဂုတ်လ ၂၁ ရက်နေ့တွင် မြစ်ကြီးနားပညာရေး ကောလိပ်တွင် ပြုလုပ်ခဲ့သည်။

“BA, Bsc education ကိုကျောင်းသားတွေကိုခေါ်ယူနေတာရှိတယ်၊ ဒါပေမဲ့ လူဦးရေဘယ်လောက် သတ်မှတ်ထားတယ်ဆိုတာ မရှိဘူး၊ ဘယ်လိုသတ်မှတ်ပြီးတော့ ကျောင်းသားတွေကို ဘယ်လိုစံချိန်စံညွှန်းတွေနဲ့ ခေါ်ယူသွားမလဲ၊ ကျွန်တော်တို့က အဲဒါကို တိတိကျကျ သိချင်ပါတယ်”ဟု ယနေ့ဖဲကြိုးစိမ်းလှုပ်ရှားမှုကို ဦးဆောင်တဲ့ မြစ်ကြီးနားပညာရေးကောလိပ်ကျောင်းသားသမဂ္ဂ၏ ဥက္ကဋ္ဌ ဖြစ်သူ ကိုအောင်အောင်က ပြောသည်။

## August 27

တောင်သူပေါင်းတစ်သောင်းကျော် ပုံစံ(၇) ရရှိရေး စီမံချက်ဖြင့်ဆောင်ရွက်ပေးနေ

ကချင်ပြည်နယ်တွင် စိုက်ပျိုးစရိတ်ချေးငွေထုတ်နိုင်ရန်လိုအပ်သော ပုံစံ(၇) ရရှိရေးအတွက် တောင်သူဦးရေပေါင်း ၁၁၀၅၈ ဦးအတွက် စီမံချက်ရေးဆွဲပြီး ဆောင်ရွက်ပေးနေကြောင်း စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ကျော်ဝင်းကပြောသည်။

“စီမံ/ဘဏ္ဍာရဲ့မူအရ ပုံစံ(၇)ကို စိုက်ဘဏ်မှာ အပေါင်ထားပြီးမှသာလျှင် စိုက်စရိတ်ချေးငွေကို ထုတ်ပေးမယ်ဆိုတဲ့မူရှိတဲ့အတွက် အဲဒါမရှိတဲ့ တောင်သူတွေဟာ ချေးငွေထုတ်ခွင့် မရှိတော့တဲ့ အနေအထားဖြစ်သွားတယ်၊ ဒါကြောင့် ပုံစံ(၇) ရနိုင်တဲ့အခွင့်အရေးရှိတဲ့ တောင်သူတွေအားလုံး ရရှိလာနိုင်ရေးအတွက် ဆိုတဲ့စီမံချက်နဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်”ဟု ဝန်ကြီးက ဆိုသည်။

## August 27

စီမံချက်ကာလအတွင်း ဆိုင်ကယ်လိုင်စင် လာရောက်ပြုလုပ်မှုနည်းပါးနေ

ပြည်နယ်အားကစားဝင်း မေခအားကစားခန်းမတွင် ဩဂုတ်လ ၁၃ ရက်နေ့မှစတင်၍ ဆိုင်ကယ်

လိုင်စင်များ ပြုလုပ်ပေးနေသော်လည်း ၂၆ ရက်နေ့အထိစာရင်းအရ ၁၂၇ စီးသာရှိသေးကြောင်း မြစ်ကြီးနားမြို့နယ်အုပ်ချုပ်ရေးမှူးရုံး ဒုတိယဦးစီးမှူး ဒေါ်အေးအေးဆွေ ကပြောသည်။

"တစ်ရက်ကို အများဆုံးကတော့ အစီးနှစ်ဆယ်ကျော် အဲလောက်ပဲရှိမယ်၊ လက်ရှိ အချိန်အထိဆိုရင် နည်းနေသေးတယ်လို့ပြောလို့ရတယ်၊ မိုးရွာတဲ့နေ့တွေဆိုရင် တစ်နေကုန်မှ ခုနစ်စီးလောက်ပဲ လာတယ်လေ"ဟု ၎င်းကဆိုသည်။

## August 31

ကွတ်ခိုင်မြို့တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် လသားကလေးအပါအဝင် အရပ်သားငါးဦးသေဆုံး

ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့အနီး မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့ နှင့် တပ်မတော်တို့ ယနေ့နံနက်ပိုင်းတွင် တိုက်ပွဲဖြစ်ပွားစဉ် မော်ဟာစ်ကျေးရွာ အတွင်း လက်နက်ကြီးကျ ရောက်ပေါက်ကွဲခဲ့ပြီး ၄ လသားကလေးတစ်ဦး အပါအဝင် အရပ်သားပြည်သူငါးဦးထိခိုက် သေဆုံးခဲ့သည်။

"အိမ်ထောင်စုနှစ်စုကိုထိခိုက်ခဲ့ပါတယ်၊ အမျိုးသမီးနှစ်ဦး၊ အသက် ၉ နှစ်အရွယ်တစ်ဦး၊ ၅ လသားအရွယ် ကလေးနဲ့ မိခင်ဖြစ်သူအပါအဝင် အသက်ဆုံးရှုံးခဲ့ပါတယ်၊ ဘယ်ဖက်ကပစ်လိုက်တဲ့ လက်နက်ကြီးလဲ ဆိုတာတော့ မသိရသေးပါဘူး"ဟု ကွတ်ခိုင်မြို့ဒေသခံ သိက္ခာတော်ရ ဆရာတန်ဘောင်နော်မိုင်က ပြောသည်။

## September 2

ကိုပေါလုနှင့် မဆိုင်းနူးပန်တို့နှစ်ဦးကို မြစ်ကြီးနားမြို့နယ် တရားရုံးမှပြစ်ဒဏ်အမိန့်ချ

ကချင်ဒေသစစ်ပွဲ ၈ နှစ်ပြည့်အဖြစ် မြစ်ကြီးနားမြို့တွင် စစ်ဘေးဒုက္ခသည်များ၏ ဘ၀တေးသရုပ်ဖော်တင်ဆက်မှုအစီအစဉ်ကို ဦးဆောင်ပြုလုပ်ခဲ့သူနှစ်ဦးအား ယာယီမြို့နယ်မှူး ရဲမှူးမင်းသန့်ဇော်က ငြိမ်းစုစီဖြင့် တရားစွဲထားသည့်အမှုကို ယနေ့ စက်တင်ဘာ ၂ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် တရားရုံးမှ ငွေဒဏ်သုံးသောင်းသို့မဟုတ် ထောင်ဒဏ် ၁၅ ရက်ကျခံစေရန် အမိန့်ချလိုက်သည်။

တရားစွဲခံရသော ကိုပေါလုနှင့် မဆိုင်းနူးပန်တို့နှစ်ဦးမှာ ၎င်းတို့တွင် အပြစ်မရှိသည့်အတွက် ငွေဒဏ်မဆောင်နိုင်ဟု ငြင်းဆိုကာ ထောက်ဒဏ် ၁၅ ရက် ကျခံရတော့မည်ဖြစ်သည်။

## September 6

ကိုပေါလုကို ၎င်း၏ရှေ့နေနှင့်တိုင်ပင်ခွင့်မပေးပဲ အမှုစီရင်ခဲ့

တရားသူကြီးအား ချိန်ခွင်ပျက်ပေးခဲ့သည့်အတွက် ပုဒ်မ ၂၂၈ ဖြင့် တရားစွဲဆိုခံထားရသော ကိုပေါလုကို ယနေ့ စက်တင်ဘာလ ၆ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်တရားရုံးသို့ ရုံးထုတ်လာစဉ် ရှေ့နေနှင့် တိုင်ပင်ဆွေးနွေးခွင့် မပေးပဲ အမှုစီရင်အမိန့်ချခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ရှေ့နေဖြစ်သူ ဦးမာခါးကပြောသည်။

"ကျွန်တော့်အမှုသည်ဖြစ်တယ် တွေ့မယ်လို့ပြောတာကို ရဲကလုံး၀လက်မခံပဲနဲ့ အတင်းတရားခွင်ကို ခေါ်သွားတယ်၊ ကိုပေါလုက ဒီအမှုအကြောင်းလည်း သေချာသူနားမလည်ဘူး၊ တရားသူကြီးကလည်း စဉ်းစားခွင့်အချိန်မပေးဘူး၊ ရှေ့နေနဲ့ ခဏလေးဖြစ်ဖြစ်တွေ့မယ်ဆိုပြီးသူကတရားခွင်မှာတောင်းဆိုတယ် ပြီးမှအဖြေပေးမယ်ဆိုတာကို တွေ့ခွင့်မပေးဘူး၊ နောက်ပိုင်းကျတော့ထောင်ဒဏ်သုံးလ ချတယ်လို့သိရတယ်" ဟု၎င်းကဆိုသည်။

ငြိမ်းစုစီဖြင့်တရားစွဲထားသောအမှုအား စက်တင်ဘာ ၂ ရက်နေ့တွင် အမိန့်ချခဲ့ပြီး တရားခွင်ပြီးဆုံးချိန်မှသာ တရားသူကြီး၏အမိန့်ချမှတ်မှုမှန်ကန်ခြင်းမရှိကြောင်း အမှတ်လက္ခဏာအဖြစ် ချိန်ခွင်ပျက် ပေးခဲ့ခြင်းဖြစ်သည်ဟု ရှေ့နေ ဦးမာခါး ကပြောသည်။

## September 6

IDP များ၏ခံစားချက်ကိုထုတ်ဖော်ရန်ဟုဆိုကာ မြစ်ကြီးနားမြို့ ဇော်ဂျွန်းလမ်းတွင် ဒုတိယနေ့အဖြစ်ဆန္ဒပြ

စစ်ဘေးဒုက္ခသည်များ၏ခံစားချက် ထုတ်ဖော်ရန်နှင့် တေးသရုပ်ဖော်တင်ဆက်ခဲ့သူ ခေါင်းဆောင်

နှစ်ဦးအား ထောင်ဒဏ်ပြစ်ဒဏ်ချမှတ်ခဲ့သည့် အပေါ် ဆန္ဒထုတ်ဖော်ခြင်းကို စစ်ရှောင်စခန်း ၃၀ ကျော်မှ လူငယ်များပါဝင်ပြီး ယနေ့ စက်တင်ဘာလ ၆ ရက်နေ့တွင် ဒုတိယနေ့အဖြစ် မြစ်ကြီးနားမြို့ တရားရုံးအနီးဇော်ဂျွန်းလမ်း၌ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ဆန္ဒထုတ်ဖော်မှု၏ ဦးဆောင်သူ ကိုအင်ခွမ်လနူးက ပြောသည်။

"ကိုပေါလုနဲ့ မဆိုင်းနူးပန်တို့ က IDP တွေ ကိုယ်စားဦးဆောင်ပြီးမှ လက်တွေ့ ခံစားနေရတာတွေကို တေးသရုပ်ဖော်အနေနဲ့လုပ်တာကို သူတို့ကအရေးယူတယ်၊ ဒါတွေဟာ ကျွန်တော်တို့ IDP များရဲ့ ခံစားချက်ကို ဖိနှိပ်တယ်၊ တရားရေး မဏ္ဍိုင်တိမ်းစောင်းနေတဲ့အနေအထားမှာ ရှိနေတယ်လို့ ခံစားလာတာပေါ့၊ အဲဒါကြောင့် ပြည်သူလူထုတွေ အစိုးရတွေ သက်ဆိုင်ရာအဖွဲ့အစည်းတွေ အကုန်လုံး သိရှိဖို့ရန်လုပ်ရခြင်းဖြစ်တယ်" ဟုရင်းကဆိုသည်။

## September 9

ဒေါက်တာခလမ်ဆမ်ဆွန်အား တရားစွဲဆိုရန် လျှောက်ထားမှု တပ်ဘက်မှ ပြန်ရုတ်သိမ်း

ဒေါက်တာခလမ်ဆမ်ဆွန်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်တွေ့ဆုံခဲ့စဉ် ပြောကြားချက်နှင့် စပ်လျဉ်း၍ အရေးယူပေးပါရန် ဒုဗိုလ်မှူးကြီး သန်းထိုက်မှ တရားလိုပြု ဦးတိုက်လျှောက်ထားသည့်အမှုကို ယနေ့မြစ်ကြီးနားမြို့နယ်တရားရုံးတွင် တရားလိုကိုယ်တိုင် အမှုရုတ်သိမ်းသွားပြီဖြစ်ကြောင်း တရားရုံးမှ သတင်းထုတ်ပြန်လိုက်သည်။

## September 13

ကျောက်ခွဲစက်ရုံရွှေ့ပေးရန် တိုင်ကြားစာတင်ခဲ့သူများကို မြို့နယ်ထွေအုပ်ရုံးမှ ခေါ်ယူစစ်ဆေးလာသည့်အပေါ် ဒေသခံများကနားလည်ရခက်နေ

ချီဖွေမြို့ ရစ်လော်ရပ်ကွက်တွင်ရှိသော ကျောက်ခွဲစက်ကိုရွှေ့ပြောင်းပေးရန် ဝန်ကြီးချုပ်ထံသို့ တိုင်ကြားစာ တင်ခဲ့သူများကို မြို့နယ်အုပ်ချုပ်ရေးရုံးမှ လိုအပ်သည့်အချိန်ထက်ပိုယူ၍ ခေါ်ယူစစ်ဆေးနေသည့်အတွက် အလုပ်အကိုင်ပျက်ဖြစ်နေရပြီး နားလည်ရခက်နေသည်ဟု တိုင်ကြားသူများမှတစ်ဦး ဖြစ်သည့် ဦးဇောင်းဒေါင်ကပြောသည်။

"လူတစ်ဦးကို နှစ်နာရီလောက်စစ်နေတယ်၊ ကျွန်တော်တို့ ပြည်သူတွေက လက်လုပ်လက်စား တောင်ယာ သွားရမယ်၊ အချိန်မပေးနိုင်လို့ ဝန်ကြီးချုပ်ကို တိုင်လိုက်တာကိုး၊ ဒီကျောက်ခွဲစက်ကြောင့် ကျွန်တော်တို့ နားညီးခံနေရတာ၊ ကျောက်ခွဲစက်ကထွက်တဲ့ ဖုန်မှုန့်တွေ ရှူနေရတာ နှစ်နှစ်လောက်ရှိပြီ၊ အဲဒါခရိုင်က ညွှန်ကြားစာလာလို့ဆိုပြီး ကျွန်တော်တို့ကို ပြန်စစ်ဆေးနေတော့ ဘာကြောင့်ဆိုတာသိချင်တာပေါ့" ဟုရင်းက ဆိုသည်။

## September 16

ငြိမ်းစုစီဖြင့်တရားစွဲခံရပြီး ထောင်ဒဏ်ကျခံခဲ့ရသူ မဆိုင်းနူးပန် ယနေ့နံနက်တွင်ထောင်မှလွတ်

စစ်ဘေးဒုက္ခသည်များ၏ ဘဝတေးသရုပ်ဖော် တင်ဆက်မှုအစီအစဉ်ကို ဦးဆောင်ပြုလုပ်ခဲ့ခြင်းကြောင့် ငြိမ်းစုစီဉပဒေဖြင့်တရားစွဲခံရပြီး ထောင်ဒဏ် ကျခံနေရသူနစ်ဦးထဲမှ မဆိုင်းနူးပန် ယနေ့ စက်တင်ဘာ ၁၆ ရက် နံနက် ၆ နာရီအချိန်တွင် မြစ်ကြီးနားအကျဉ်းထောင်မှ လွတ်မြောက်ပြီ ဖြစ်သည်။

"အခုကျွန်မကတော့ ထောင်ဒဏ် ၁၅ ရက် ပြည့်လို့ထွက်လာပါပြီ၊ ကိုပေါလုကတော့ တရားသူကြီးကို ချိန်ခွင် ပေးမိတဲ့အတွက် နောက်ထပ်ထောင်ဒဏ် သုံးလကျခံရပါတယ်၊ ကျွန်မအနေနဲ့ကတော့ ကိုပေါလုရဲ့လုပ်ဆောင်မှုအားလုံးကို အပြည့်အဝထောက်ခံပါတယ်" ဟု မဆိုင်းနူးပန်က ပြောသည်။

## September 18

တိုင်းရင်းမီဒီယာညီလာခံကျင်းပခြင်းကြောင့် ပြည်နယ်များအတွက်ရလဒ်ကောင်းများရှိ

ညီလာခံကို တစ်နှစ်တစ်ကြိမ်ကျင်းပခြင်းကြောင့် တိုင်းရင်းသားဒေသများအတွက် ကောင်းမွန်သည့်ရလဒ်များ ရရှိနေသည်ဟု သုံးသပ်နိုင်ကြောင်း မြစ်ကြီးနားမြို့ စီတာပူ မနောင်ဝင်းတွင်ပြုလုပ်သော (၇) ကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံအပြီး စက်တင်ဘာ ၁၈ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် BNI (Burma News International) ၏ ဥက္ကဋ္ဌဖြစ်သူ နန်းဖော့ါဂေ က ပြောသည်။

"BNI အဖွဲ့ဝင်တွေသတင်းရေးသားလာတဲ့အခါမှာ သတင်းဌာနကြီးတွေက တိုင်းရင်းသားသတင်းတွေလည်း ရေးရမယ်ဆိုပြီးတော့ ပြည်နယ်အသီးသီးမှာ ဒေသအခြေစိုက်သတင်းထောက်တွေ ထားရှိလာခြင်းအားဖြင့်

## September 27

တရားမဝင် စကားပြောစက်အသုံးပြုမှုဖြင့် မော်ဖောင်းကျေးရွာမှ အသင်းတော်အခြေပြုမူးယစ်ဆေးဖြတ်သည့်ကျောင်း တာဝန်ရှိသူ တစ်ဦးကို အမှုဖွင့်ထား

ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် အရပ်ဝတ်နှင့်သေနတ်ကိုင်ဆောင်ထားသော အဖွဲ့များက စက်တင်ဘာ ၂၆ ရက်နေ့ မနက်မိုးမလင်းမီအချိန်တွင် မော်ဖောင်းကျေးရွာမှ အသင်းတော်အခြေပြု မူးယစ်ဆေးဖြတ်သည့် သင်တန်းကျောင်းကို ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့စဉ် စကားပြောစက်များ ရှာဖွေတွေ့ရှိခဲ့ခြင်းနှင့် ပတ်သက်၍ အမှုဖွင့်ခံထားရကြောင်း ကျောင်း၏စည်းကမ်းထိန်းဖြစ်သူ ဆရာ လခေးဆိုင်းအောင်ကပြောသည်။

"ကျွန်တော့်ကိုအမည်တပ်ပြီး တရားစွဲတာပါ၊ ဒီနေ့ခေါ် စစ်ဆေးမယ်လို့ပြောထားပါတယ်၊ ဒါပြီးမှ ဘာပုဒ်မနဲ့ စွဲတယ် ဘယ်သူကစွဲတယ်ဆို တာသိရမှာပါ"ဟု ၎င်းကဆိုသည်။

## September 27

အက်ဆစ်ပုံးတစ်ရာကျော်တင်ဆောင်လာ သည့်တွဲကား တိမ်းမှောက်၍ ချောင်းနှင့် လယ် ကွင်းများသို့ ပြန့်နှံ့လာသဖြင့်ဘေး အန္တရာယ်ဖြစ် လာမည်ကို ဒေသခံများစိုးရိမ်နေ

ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် နားဝိုင် ကျေးရွာအုပ်စု ယုံငေါ့နမ့်တွန်းကျေးရွာအဝင် လမ်းမပေါ်တွင် စက်တင်ဘာ ၂၅ ရက်နေ့က အက်ဆစ်ပုံးတစ်ရာကျော်တင်ဆောင်လာ သော တွဲကားကြီးတိမ်းမှောက်ခဲ့ပြီး လမ်းမဘေးရှိ လယ်ကွင်းနှင့် ချောင်းအတွင်းသို့ အက်ဆစ် ရည်များ စီးဝင်ခဲ့သည့်အတွက် ဘေးအန္တရာယ် ဖြစ်လာမည်ကို ကျေးရွာနေပြည်သူများ စိုးရိမ် နေကြကြောင်း ဒေသခံတစ်ဦးဖြစ်သူ ဆရာ ဦးနော်ဂျာ ကပြောသည်။

"ဒီနေ့ကွတ်ခိုင်က မီးသတ်ကားခေါ်ပြီး ဖိတ်သွား တဲ့ အက်ဆစ်ရည်တွေကို အကုန်ဆေးခိုင်းတယ်၊ လမ်းဘေး နမ့်ကွတ်ချောင်းက ငါး တွေဆို အကုန်သေကုန်ပြီ၊ နောက်ပြီးတော့ ကျွဲနွားတွေ ဒီအက်ဆစ်ရည်သောက်မိပြီး တစ်ခုခုဖြစ်သွား မှာနဲ့ လယ်ကွင်းထဲဖိတ်ဝင်သွားတဲ့ အက်ဆစ်ရည် တွေကြောင့် စိုက်ထားတဲ့ စပါးတွေအပေါ် ဘယ်လိုနောက်ဆက်တွဲ ဆိုးကျိုးဖြစ်လာမလဲ ဆိုတာကို စိုးရိမ်နေကြပါတယ်"ဟု ၎င်းက ဆိုသည်။

## October 8

လူဦးရေ နှစ်သိန်းကျော်ရှိသော မြစ်ကြီးနားမြို့တွင် ယစ်မျိုးလိုင်စင်ရရှိသည့် အရက်ဆိုင်ပေါင်း သုံးရာကျော်နှင့် တရားမဝင်ရောင်းချသည့် အရက်ဆိုင်များ များပြားစွာ ရှိလာနေသောကြောင့် ပြည်နယ်အစိုးရမှ ကန့်သတ်မှုနှင့် ထိန်းချုပ်ခြင်းများ ပြုလုပ်ပေးရန် အစီအစဉ်ရှိမရှိ ကို အင်ဂျန်းယန်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မရန်ဂျာဆိုင်းခေါန်က အောက်တိုဘာ ၈ရက်နေ့ က ကျင်းပသော ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

## October 11

မြစ်ကြီးနားမြို့ စီတာပူမနောင်ဝင်း မဂ္ဂယ်ခန်းမတွင် ယနေ့ကျင်းပခဲ့သော လူငယ်နှင့် နိုင်ငံရေးအသိပညာဆိုင်ရာ ဟောပြောပွဲသည် နိုင်ငံရေးမှာ စိတ်ပါဝင်စားလာသော လူငယ်များ ဆုံမှတ်တစ်ခု အနေနဲ့ တွေ့ဆုံကြပြီး ပြည်နယ်၏ အနာဂတ်ကို တည်ဆောက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ကချင်ပြည်နယ်ပြည်သူ့ပါတီ၏ လူငယ်ရေးရာ တာဝန်ခံ ဆရာဂျန်ခုန့်မှ ပြောခဲ့သည်။

## October 22

ယခင်ဘဏ္ဍာရေးနှစ်တွင် တစ်သျှူးငှက်ပျောမှ အခွန်ငွေ ကျပ်သိန်းနှစ်သောင်းကျော်အထိ ကောက်ခံရရှိ တစ်သျှူးငှက်ပျောမှ ကားအစီးရေအလိုက် ကောက်ခံခဲ့သော အခွန်ငွေသည် ၂၀၁၇ - ၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂.၂ ဘီလီယံကျော် (ကျပ်သိန်းပေါင်း နှစ်သောင်းကျော်) အထိရရှိခဲ့ကြောင်း ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ထွေးက အောက်တိုဘာ ၂၂ ရက်နေ့ မြစ်ကြီးနားမြို့တွင် ပြုလုပ်သော ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန၏ သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

"ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်ကဆိုရင် ကောက်ခံရရှိခဲ့တဲ့ ငှက်ပျောကား အစီးရေပေါင်း နှစ်သောင်းရှစ်ထောင်တစ်ရာ ကျော်ရှိပါတယ်၊ ၈၀၀၀၀ နှုန်းနဲ့ ၂.၂ ဘီလီကျော် ကောက်ခံရရှိပါတယ်၊ ဒီကောက်ခံရရှိတဲ့ရံပုံငွေကို ဝိုင်းမော် မြို့နယ် စည်ပင်သာယာရေး ရငွေထဲသွင်းပြီးတော့ မြို့နယ်ရဲ့လမ်း၊ တံတား၊ ရေပေးဝေရေးစတဲ့ ဖွံ့ဖြိုးရေး လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ၎င်းက ဆိုသည်။

## October 25

မြစ်ဆုံစီမံကိန်း တည်ဆောက်သော ကုမ္ပဏီနှစ်ခုအား တားမြစ်မိန့်တစ်ရပ် ထုတ်ပေးရေးအတွက် ဒေသခံများမှ မြစ်ကြီးနားခရိုင်တရားရုံးသို့ တရားစွဲဆိုထားသည့်အမှုကို လက်ခံခြင်းပြုမပြု ဆုံးဖြတ်သွားမည်။

## November 14

နိုင်ငံတော် ဒုတိယ သမ္မတ(၂) ဟင်နရီဗန်ထီးယူ မြစ်ကြီးနားသို့ ရောက်ရှိ

ဒုတိယ သမ္မတ(၂) ဟင်နရီဗန်ထီးယူသည် ယနေ့ညနေ ၅ နာရီခွဲတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာပြီး နိုဝင်ဘာ ၁၅ ရက်နေ့ စီတာပူမနောင်ဝင်းတွင် ကျင်းပမည့် ကချင်ပြည်နယ် စီးပွားရေးဖိုရမ်သို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ပြီးနောက် ဗလမင်းထင် တံတား အမှတ်(၂) ဆောက်လုပ်မည့်နေရာ၊ မိုင်းနား KBC စစ်ရှောင်စခန်း နှင့် ဝိုင်းမော်မြို့ အဝင် နန့်မြစ်ခ တံတား စသည့်နေရာများကိုလည်း သွားရောက်ခဲ့သည်။

## November 15

ကချင်ပြည်နယ်၏ ခရီးသွားလုပ်ငန်းကို ဦးစားပေး လုပ်ဆောင်ဖို့ ဒုသမ္မတ တိုက်တွန်း

ကချင်ပြည်နယ်သည် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်ပြီး အခြေအနေကောင်းများရှိနေသည့်အတွက် ပြည်နယ် အစိုးရနှင့် လုပ်ငန်းရှင်များအနေဖြင့် ခရီးသွားလုပ်ငန်းကို ဦးစားပေး ကြိုးစားစေချင်ကြောင်း ဒုသမ္မတ (၂) ဟင်နရီဗန်ထီးယူ က ယနေ့ နိုဝင်ဘာလ ၁၅ ရက်နေ့ မြစ်ကြီးနားမြို့ စီတာပူမနောင်ဝင်း မနောင်အိမ်တော်တွင် ကချင်ရိုးရာယဉ်ကျေးမှုအသင်းနှင့် အတူ တွေ့ဆုံစဉ် တိုက်တွန်းခဲ့သည်။

စက်ရုံတစ်ရုံတည်ဖို့ အမေရိကန်ဒေါ်လာ သန်းရာဂဏန်းကုန်သော်လည်း အလုပ်ပေးနိုင်သည့် ပမာဏသည် လူရာဂဏန်းသာဖြစ်ကြောင်း ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်မှ အရင်းစိုက်စရာသိပ်မလိုကြောင်း ဥပမာ Eco-tourism(ဂေဟ ခရီးသွားလုပ်ငန်း) များကို ကိုယ့်ဒေသမှာရှိသော လုပ်ငန်းရှင်များ ကြိုးစားပြီးလုပ်လျှင် ဖြစ်နိုင်ကြောင်း ဒုသမ္မတက ပြောသည်။

"ကျွန်တော့်အနေနဲ့စိတ်ဝင်စားတာတော့ အရင်း အနှီးအနည်းဆုံးနဲ့ ဝင်ငွေအများဆုံး ရရှိနိုင်တဲ့ နည်းလမ်းက ခရီးသွားလုပ်ငန်းဖြစ်တယ်ဒါလေးကို တစိုက်မတ်မတ်ကြိုးစားစေချင်ပါတယ်" ဟုဆိုသည်။

ထို့အပြင် ကချင်ပြည်နယ်သည် အထူးနေချင်စဖွယ်ကောင်းပြီး natural resource (သဘာဝ အရင်းအမြစ်) အလွန်မှကြွယ်ဝသောပြည်နယ်တစ်ခုဖြစ်သော်လည်း ငြိမ်းချမ်းရေး မရရှိသေးသည့်အတွက် ဖြစ်သင့်သလောက် တိုးတက်သင့်သလောက် မတိုးတက်သည်ကို တွေ့ရပြီး တိုင်းပြည်အေးချမ်းသာယာရေးဖြစ် လာအောင် လူပုဂ္ဂိုလ်အားလုံး ကိုယ်တတ်နိုင် သည့်ဘက်မှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးရန်လည်း တိုက်တွန်းခဲ့သည်။

## November 27

ရောဝတီမြစ် ထာဝရစီးဆင်းနေရေးအတွက် ရန်ကုန်-မြစ်ဆုံ စက်ဘီးစီးသည့်အဖွဲ့ ခရီးစဉ်စတင်

ရောဝတီမြစ် ထာဝရစီးဆင်းနေရေးအတွက် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးကို အဓိကရည်ရွယ်ပြီး အစိမ်းရောင် စက်ဘီးလှုပ်ရှားမှုမှ ဦးဆောင်ပြီး ရန်ကုန်မှ မြစ်ဆုံထိ စက်ဘီးစီးသည့် ခရီးစဉ်အား နိုဝင်ဘာလ ၂၅ရက်မှ စတင်လျှက်ရှိကြောင်း ဦးဖိုင်းဒူကဆိုသည်။

## November 27

မြစ်ကြီးနားမြို့ ရောဝတီဘဏ်အနီး၌ နိုဝင်ဘာလ ၂၇ရက်နေ့တွင် ကျပ်သိန်း ၂၀၀ လုယူထွက်ပြေးသွားမှုဖြစ်ပွားခဲ့သည်။

## December 2

ဆိုင်ကယ်လိုင်စင်ပြုလုပ်ပေးနေသည့် လေးလသာ စီမံချက်ကာလ ကုန်ဆုံးမည့် ဒီဇင်ဘာ ၁၂ရက်နေ့ နောက်ပိုင်းမှစတင်၍ စစ်ဆေးအရေးယူမှုများကို တစ်ဆင့်ပြီးတစ်ဆင့်ပြုလုပ်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် သိမ်းဆီးသည်အထိဖြစ်လာမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ပြောသည်။

## December 9

(၇၀)ကြိမ်မြောက် ရဝမ်အမျိုးသားနေ့အခမ်းအနားကို ပူတာအိုမြို့၊ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်ယဉ်ကျေးမှုမနောကွင်းတွင် ပြုလုပ်ခဲ့သည်။

## December 9

ချီဖွေချောင်းရေသည် ဒီဇင်ဘာ ၆ရက်နေ့မှ စတင်ပြီး အနီရောင်ပြောင်းလျှက် စီးဆင်းနေသည် ကို ဒေသခံများတွေ့ရှိခဲ့သည်။ ထိုအရောင်သည် ပန်ဝါအနီးမှ စတင်စီးဆင်းလာသည့် ဖုံလုံချောင်းမှ စတင်လာခြင်းပြီး ချီဖွေချောင်းနှင့် လွတ်ပီကျေးရွာ အနီးတွင်ပြန်လည် ဆုံစီးခြင်းဖြစ်သည်။ ချီဖွေ ချောင်းသည် မေခမြစ်သို့ စီးဝင်သည့်ချောင်း ဖြစ်သည်။ ယခုကဲ့သို့ဖြစ်ရခြင်းသည် အတိအကျ မသိရသော်လည်း ပန်ဝါဘက်တွင် တူးဖော်သည့် သတ္တုကြန်ပေါက်ကျမှုကြောင့် ဖြစ်နိုင်ကြောင်း ချီဖွေဒေသခံများက ခန့်မှန်းကြသည်။

## December 10

ပူတာအိုခရိုင် နောင်မွန်းမြို့တွင် ပထမဆုံးအကြိမ် ကျင်းပသည့် (၇၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကို "အလတ်ရာ" လူငယ်အဖွဲ့နှင့်ဒေသခံလူငယ်များ ပါဝင်ဦးဆောင်ကာ ချန်တန်မနမ်းခန်းမ၌ ဒီဇင်ဘာလ ၁၀ရက်နေ့တွင် ကျင်းပခဲ့ကြသည်။ မြစ်ကြီးနားမြို့တွင် မြို့တော်ခန်းမနှင့် ပြည်သူ့ရင်ပြင်တွင် ကျင်းပခဲ့ကြသည်။

"လူ့အခွင့်အရေးဆိုတာ လူသားအားလုံး တန်းတူခံစားရမှာဖြစ်ပြီး အုပ်ချုပ်ခံပြည်သူတွေက လိုက်နာပြီး အုပ်ချုပ်တဲ့လူတန်းစားက မလိုက်နာတဲ့ဟာတွေကို အလိုမရှိကြောင်း"ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးနေဝင်းက ပြောပါတယ်။ (မြစ်ကြီးနာမြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသော အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်ပါသည်။)

## December 16

ကချင်ဒေသတကျော့ပြန်စစ်ပွဲ ရေနစ်ပြည့်လှုပ်ရှားမှုအဖြစ် မြစ်ကြီးနားမြို့တွင် စစ်ဘေးဒုက္ခသည်များ၏ ဘဝတေးသရုပ်ဖော်တင်ဆက်မှုကို ဦးဆောင်ပြုလုပ်ခဲ့သူ ကိုပေါလုနှင့် မဆိုင်နူးပန်တို့အား ယာယီမြို့နယ်မှူး ရဲမှူးမင်းသန့်ဇော်က ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခြင်းဥပဒေဖြင့် တရားစွဲထားသည့်အမှုကို စက်တင်ဘာ ၂ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် တရားရုံးမှ ငွေဒဏ်သုံးသောင်း သို့မဟုတ် ထောင်ဒဏ် ၁၅ ရက်ကျခံစေရန်အမိန့်ချလိုက်သည်။ တရားခွင်၌ ပြစ်ဒဏ်အမိန့်ချပြီးချိန်တွင် တရားသူကြီးအား ချိန်ခွင့်ပျက်ပေးခဲ့သောကြောင့် ပုဒ်မ ၂၂၈ ဖြင့် တရားစွဲခံရသည့်အမှုအတွက် ထောင်ဒဏ် ၃လ ထပ်မံချခံရသူ ကိုပေါလုသည် ဒီဇင်ဘာလ ၆ရက်နေ့တွင် မြစ်ကြီးနား အကျဉ်းထောင်မှ လွတ်မြောက်လာခဲ့သည်။

## December 19

ဒေါ်ဘောက်ဂျာနှင့် ဦးစီစီနော်ဂျာတို့ ဦးဆောင်သော UNFDP ပါတီနှင့် ကချင်ပြည်နယ်ပြည်သူ့ပါတီတို့ ပူးပေါင်းရန် ဒီဇင်ဘာ ၁၉ ရက်နေ့တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

